www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
မှုကြို/ဝိဇ္ဇာ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ -စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

## ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး- -အောင် ပထမအကြိမ်-၂၀၁၅ ခုနှစ်၊
(ဩဂုတ်လ)၊အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

သင်ဟာ သင့်ရဲ့ခုန်နေတဲ့ ရင်အစုံကို
ပိုင်ဆိုင်ထားသူဖြစ်တယ်၊
ရင်ဟာ တစ်ခါခုန်လျှင် တစ်ကြိမ်သာ
ခုန်ခွင့်ရှိသည်၊
နောက်တစ်ကြိမ် ခုန်သည့်အခါမှာ
ပထမ ရင်ခုန်သံတိုင်းသည်
အပျက်သဘောကို ပြသွားသည်၊
နောက်ထပ် ခုန်တော့မည့်
ရင်ခုန်သံ အသစ်တို့သည်
အပြုသဘောကို ဆောင်သည်၊
ထိုသို့ အပြုသဘောကိုဆောင်သည့်
ရင်ခုန်သံတိုင်း အပျက်ထဲသို့
ဆိုက်ရောက်ကုန်၏၊
ထိုရင်ခုန်သံတို့သည်
သင့်ရင်ဘတ်ထဲမှာ ရှိနေတာ အမှန်ဖြစ်သည်၊
ထို့ကြောင့် ရင်ခုန်နေတာဟာ
ဖြစ်ပြီး ပျက်နေတဲ့ သဘောကို
ဆောင်ကျဉ်းသည်၊
ရင်ခုန်သံက ပေါက်ဖွားလာသော
အချစ်တို့သည်လည်း ဖြစ်ပြီးလျှင်
ပျက်သည့်သဘောမို့ ကာလဖြစ်စဉ်အတိုင်း
ပြောင်းလဲခွင့်ရှိသည်၊
ထိုအရာသည် မတည်မြဲခြင်းသဘောကို ဆောင်၏။





(မတည်မြဲသော အချစ်များ)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"သူခမိန်၊ သားရေ့ . . သား . . သူခမိန်ရေ၊ တံခါးဖွင့်ပါဦး ကွယ်"

"ဗျာ . . မာမီရာ သားမဖွင့်ချင်ဘူး၊ အဲ့မိန်းမတွေကို သားမှုစိတ် မဝင်စားတာဗျာ"

"ဩော် . . သားလေးရယ်၊ မထွက်လာလို့ မရဘူးလေ သား တော်လေးရဲ့ ကြင်ယာတော်အရွေးခံဖို့ ဟိုခမျာတွေမှာ စောင့်နေကြရ ရှာတယ်ကွယ်"

"ကျွတ် . . လာပြန်ပြီ သားတော်လေး၊ အဲလို မခေါ်ပါနဲ့ဆိုဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးထဲမှာ ဒီလိုအသုံးအနှုန်းမျိုးတွေ ဘယ်သူမှမသုံးဘူးဗျ၊ သူများအထင်မကြီးဘဲ ရယ်စရာကြီးပဲဖြစ်မှာ၊ သုံးအနှုန်းတွေကို ဘယ်သူမှ မသုံးဘူးဗျ"

ဒီလိုနန်းတွင်း အသုံးအနှုန်းတွေကို သုခမိန်အမုန်းဆုံး၊ ကိုယ့်ကိုနာမည်ပေးထားတာလည်း ကြည့်ဦး . . 'သုခမိန်'တဲ့"

"အေးပါ သားရယ်၊ မယ်မယ် . . အဲ . . မာ . . မာမီ ပြောင်းခေါ်ပါ့မယ်ကွယ်၊ ခုတော့ ထွက်လာခဲ့ပါနော်"

သုခမိန် ဒုတိယအကြိမ် စုတ်သပ်လိုက်သည်။ ခေတ်ကြီးက ဘယ်လိုဖြစ်ကုန်ပြီလဲ၊ ယခင်ကဆိုလျှင် မိန်းကလေးတစ်ယောက် ဖူးစာရှင်ရွေးလျှင် အတိုင်းတိုင်းအပြည်ပြည်က ယောကျ်ားတွေ လာရောက်အရွေးခံကြရသည်။

ဒီအတိုင်း လာအရွေးခံရတာတောင် မဟုတ်၊ သူတို့ တတ်အပ်တဲ့ ဓါးလှံလေးမြှားတို့နဲ့ စွမ်းရည်ချင်း ပြိုင်ကြရသည်။ အနိုင်ရသည့်သူမှ မင်းသမီးနှင့် လက်ဆက်ပေးရသည်။

ယခုခေတ်က မိန်းကလေးတွေကတော့ ထိုသို့မဟုတ် . . ၊ ယောကျ်ားတစ်ယောက်ကို သူတို့ရဲ့ အသွေးအသားတွေ ပေးဆပ်ဖို့အတွက် သူတို့က မက်မက်မောမော လာရောက်အရွေးခံရတယ်လို့ အံ့သြလိုက်သည့်ဖြစ်ခြင်း။

"မာမီရယ် မာမီရွေးထားတဲ့ ကြိုက်မရှက် ငိုက်မရှက် မိန်းမတွေကို သား လုံးဝစိတ်မဝင်စားဘူး၊ သူတို့ကို ပြန်လွှတ်လိုက်ပါ မာမီရာ၊ အလကား အပေါစားမိန်းမတွေ၊ သားက ချမ်းသာတဲ့မိန်းမတွေကို စိတ်မဝင်စားတာ မာမီလည်း အသိဆုံးပါဗျာ"

ဒေါ်ခင်ရတနာကျော် ခေါင်းမာလွန်းသောသားကို ဘယ်လိုပြောရပါ့မလဲ၊ သားအမိနှစ်ယောက် တံခါးတစ်ချပ်ခြားပြီး အငြင်းအတင်ပြောနေကြသောစကားကို သုခမိန်၏ အထိန်းတော်နှင့် ငပည့်ကျော်ကြီး သူရ နားထောင်ပြီး ပြုံးချင်ချင် . . ။



www.burmeseclassic.com

www.burmeseclassic.com



မအေလုပ်သူက နန်းတွင်းရှူး . . ၊ သားလုပ်သူက ခေတ်ရေစီးကြောင်းအတိုင်း မျောချင်သူ၊ အဲ . . ဖအေလုပ်သူက စာပေရှူး၊ ဘိုးအေဘွားအေတွေက သူတို့ကိုယ်သူတို့ တော်ဝင်မျိုးနွယ်ဆိုပြီး ဖြစ်နိုင်လျှင် ရာဇပလ္လင်ပေါ်တောင် တက်ထိုင်ချင်ကြသူ။

"သားရယ် မင်းထွက်မလာလို့ မရဘူး၊ အေး . . ထွက်မလာဘူးဆိုရင်တော့ မင်းအတွက် ဝယ်ပေးထားတဲ့ကားကို မာမီ ဂိုဒေါင်ထဲမှာ ထည့်သိမ်းထားရလိမ့်မယ်"

သုခမိန် ဒီလိုတော့ အဖြစ်မခံ၊ ဒီကြိုက်မရှက် မိန်းမတွေရဲ့ မျက်နှာကို သွားကြည့်ပြီး ခေါင်းညိတ်ခေါင်းခါ ရက်စ်အော်နီး မလုပ်ချင်တာနဲ့ ကိုယ်ကိုယ်တိုင် မောင်းခွင့်ရသည့် ကားလေးကို ဂိုဒေါင်ထဲထည့်အပိတ်မခံနိုင်။

"ကောင်းပြီလေ မာမီ၊ လာကြည့်ဆိုလည်း . . လာတော့ ကြည့်လိုက်မယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ နိုးပဲနော်"

"အေးပါ . . အေးပါ . . သားရယ် လာပဲကြည့်ပါ"

"ကောင်းပြီလေ"

သုခမိန် ဖိတ်ဖိတ်တောက်နေသော အခန်းတံခါးလက်ကိုင်ဘုကို ဆွဲလှည့်လိုက်ပြီး အပြင်ကိုထွက်လိုက်သည်။

အိမ်နေရင်း အဝတ်အစား ပေါ့ပေါ့ပါးပါးလေးသာ ဝတ်ထား၍ ဒေါ်ခင်ရတနာကျော် ရင်ဘတ်ဖိလိုက်သည်။

"အမလေး . . ဘောင်းဘီတိုနွံ့နွံ့ စွပ်ကျယ်ဂျိုင်းပြတ်နဲ့ ဘယ်လိုပုံစံနဲ့ ထွက်လာတာလဲ သားရယ်"

"ဟာ . . မာမီကလည်း၊ ဒါ အိမ်နေရင်း free style လေ၊ ဒီဝတ်စုံကို အီတလီက မှာထားရတာ၊ မြန်မာငွေ တစ်သိန်းကျော်တယ်လေ၊ Brand အကောင်းစား၊ လမ်းဘေး ဘေထုပ်ပုံကမဟုတ်ဘူး မာမီရဲ့"

ဒေါ်ခင်ရတနာကျော် အထွန့်တက်တာ စကားဖြေရှည်နေသော သားကိုကြည့်ပြီး အဝတ်အစား ပြန်မလဲခိုင်းရဲတော့၊ ခုတောင်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက မနည်းထွက်အောင် လုပ်ထားရတာ၊ ဒီထက်ပိုပြီး ရွေးချယ်နေရင် အခန်းထဲ ပြန်ဝင်သွားမှအခက်. . .။

"ကဲပါ. . ဟုတ်ပါပြီ၊ နောက်တစ်ခါ သားဝတ်တဲ့ free style ဝတ်စုံတွေကို ဈေးနှုန်းဘယ်လောက်ဆိုတာ လည်ပင်းမှာသာ တစ်ခါတည်း ချိတ်ထား. . ဟုတ်ပြီလား၊ ခုတော့ ဒီပုံနဲ့ပဲ ထွက်တွေ့တော့. . သူတို့ သားကိုစောင့်နေတာ လေးဆယ့်ငါးမိနစ် ကျော်သွားပြီ၊ တော်တော်လည်း ရှည်ထားကြပါတယ်"

အနှောင့်အသွားမလွတ် စကားကြောင့် မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေ တုံ့ခနဲရပ်ပြီး မာမီ့ကို မျက်လုံးပြူးကြည့်လိုက်ပြီး. . .

"မာမီ ဘာတွေရှည်ထားတာလဲ"

"စိတ်လေ သားရဲ့. . စိတ်. . စိတ်. . အခု ဧည့်ခန်းထဲမှာ ရောက်နေတဲ့ မိန်းခလေးတွေက နယ်နယ်ရရက လာတာမဟုတ်ဘူး"

ရှေ့ကနေလျှောက်ရင်း အမွှန်းတင်သွားသော မာမီ့စကားကြောင့် သုခမိန် မဲ့လိုက်သည်။ နယ်နယ်ရရက မဟုတ်ဘူးဆိုတော့ ဘယ်ကလည်း. . .

"ဘုမ္ဗိသိုက်က လာလို့လား မာမီ၊ ဒါဆိုရင်တော့ သိုက်နန်းရှင်တွေ ဥစ္စာစောင့်မတွေပေါ့"

တမင် ရွဲ့ပြောလိုက်ခြင်း ဖြစ်သည်။ မာမီ မျက်လုံးကြီး ပြူးပြီး အလန့်တကြား လှည့်ကြည့်ကာ. . .

"သားရယ် ဘယ်က ဥစ္စာစောင့်ရမှာလဲ၊ တလွဲတွေ ပြောပြန်ပြီဟယ်၊ ကဲ. . လာပါ မြန်မြန်"

မာမီ စိတ်မရှည်တော့၍ သုခမိန် လက်ကိုဆွဲပြီး အိမ်ရှေ့ကို ထွက်လာခဲ့သည်။

"သမီးတို့ရေ. . သားလေးကလေ အရမ်းရှက်တတ်တယ်၊ မိန်းကလေးတွေနဲ့ အမြဲတမ်း ကင်းကင်းရှင်းရှင်းနေလာတော့ သမီးတို့နဲ့ တွေ့ဖို့ကို သူ တော်တော်လေးသတ္တိမွေးနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီ အမှန်းတင်ချက်တွေက လန်ထွက်နေတာပဲဟု စိတ်ထဲက ခပ်လှော်င်လှော်င်တွေးပြီး မိန်းကလေးတွေနှင့် မျက်နှာချင်းဆိုင် ဆိုဖာ ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဗျို့. ."

"အယ်. ."

ဗျိုဆိုသောအသံနှင့် အယ်ဆိုသော သုခမိန်၏အသံက ရှေ့ ဆင့်နောက်ဆင့်ထွက်လာပြီး သုခမိန် ဖင်ကြွသွားသည်။

ကောင်မလေးတွေ မျက်လုံးလေးတွေပြူး မျက်ခုံးလေးတွေမြင့် တက်၊ နှုတ်ခမ်းထောင့်စွန်းလေးတွေ ကွေးကာ ခိခနဲ ရယ်သူကရယ်၊ မခို့တရို့ ပြုံးသူကပြုံး ဖြစ်ကုန်ကြသည်။ အထိန်းတော်လေး သီလနှင့် သူ့ရ သုခမိန်နားရောက်လာသည်။

"အစ်ကိုလေး ကွဲပြီလား၊ အဆင်ပြေရဲ့လား"

သူလာပြောမှပင် ပို၍အရှက်ကွဲရသည့်အဖြစ်။

"ဟာ. . ဘာလို့ ကွဲရမှာလဲ၊ ဆိုဖာလည်သာနဲ့ ပွတ်မိသွားတာ၊ အဲ. . ဘောင်းဘီနဲ့ ပွတ်မိသွားတာ"

"ဩော်. . တော်ပါသေးရဲ့. . အဟီး"

သူရကို ဘာမှမဖြစ်သလို ပြောလိုက်သည်။ အမှန်တော့. . ဘောင်းဘီကွဲသွားတာ ဖြစ်သည်။ ကောင်မလေးတွေရှေ့မှာမို့ ဟန် လုပ်နေရတာ. . ထသွားရင် ပိုအရှက်ကွဲမှာ. . .

"ဩော်. . သားရေ၊ ဒီက သမီးတွေနဲ့ သားကို မယ်မယ် မိတ် ဆက်ပေးရမယ်ကွယ်"

ကောင်မလေးတွေ ရှေ့မှာမို့ မာမီဟူသောအသုံးအနှုန်း မသုံးဘဲ မယ်မယ်ဟု ပြောင်းသုံးသည်။ လူရှိန်အောင်လို့ မာမီ ထိုနာမ်စားကို ပြန်သုံးနေသည်မို့ သုခမိန်လည်း အလိုက်အထိုက်ပင် နေလိုက်သည်။

"သားရေ သူက ရှုပါမော်တဲ့၊ တော်ဝင်စိန်တိုက်ပိုင်ရှင်ရဲ့ တစ် ဦးတည်းသော သမီးလေး၊ L.A မှာကျောင်းတက်ပြီး ပြန်လာတာ မကြာ

www.burmeseclassic.com



သေးဘူး၊ ခုလောလောဆယ်တော့ မိဘတွေရဲ့ စိန်တိုက်ကို ဦးစီးဖို့ လုပ်ငန်းအတွေ့အကြုံ ယူနေတယ်"

"ဟုတ်. . တွေ့ရတာ ဝမ်းသာပါတယ် ကိုကိုသုခမိန်၊ ရှုပါက ကိုကိုသုခမိန်ကိုလေ ဓါတ်ပုံမြင်ပြီးကတည်းက ခင်ချင်နေတာ၊ အိမ်ကို လာလည်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒယ်ဒီတို့ မာမီတို့နဲ့လည်း ရင်းနှီးအောင်ပေါ့. . ."

ပိုင်စိုးပိုင်နင်း ပြောလိုက်ပုံက ဒယ်ဒီတို့ မာမီတို့နဲ့လည်း ရင်းနှီးအောင်တဲ့၊ ဘာဆိုင်လဲ. . ကိုယ်က သူ့ချစ်သူမှ မဟုတ်တာ၊ သူလို ပိန်ပိန်ရှည်ရှည် ဆံပင်နီကြောင်ကြောင်နှင့် မျက်လုံးက ဆေးမှိန်းနေတဲ့ မျက်လုံးမျိုး၊ ဝတ်ထားလိုက်သည့်ရွှေတွေ နတ်ကတော်တောင် အရှုံးပေးရမည့် အပြင်အဆင်မျိုးနှင့် ဒီလောက်စွဲဆောင်မှုကင်းတဲ့ မိန်းမကို သုခမိန်တို့ ဘယ်လိုမှ ခံစား၍မရ၊ ထို့ကြောင့် မပြုံးချင်ပြုံးချင်နှင့် ပြုံးပြလိုက်သည်။

"ဒီသမီးက သဇင်ညိုတဲ့၊ ရွှေသဇင် ပုံးထည်တိုက်ကို ပိုင်တယ်၊ ဆိုင်ခွဲတွေက အများကြီး၊ သူ့ ဒယ်ဒီက အထူးကု သမားတော်ကြီးလေ၊ ကိုယ်ပိုင်ဆေးရုံရှိတယ်"

"ကိုသုခမိန် ဘာရောဂါဖြစ်ဖြစ် ဝိဒူရဆေးရုံကို လာခဲ့ပါနော်၊ ကိုသုခမိန်ဆိုရင် သဇင်က အရာအားလုံး free ပဲ၊ တစ်ပြားမှ ကုန်စရာ မလိုဘူး၊ စပွန်ဆာ ပေးပြီးသား၊ ဝန်ဆောင်မှုအားလုံး ကောင်းစေရမယ်"

သူ့ဆီက free ရဖို့ ကိုယ်က ရောဂါဖြစ်ရဦးမယ်၊ ပုံစံကိုလည်း ကြည့်ဦး. . မြေပဲဆီကြိတ်သောစက်ထဲ ထည့်ကြိတ်ရင်တောင် အဆီက (၃)ပေပါလောက် ထွက်မလားပဲ၊ အဖုအထစ်တွေက မို့အစ်နေတာ. ဘယ်လိုမှ ရင်မခုန်။

တန်းစီနေသော မိန်းကလေးတွေကို မသိမသာ ဝေ့ကြည့်လိုက်သည်။ ရုပ်တွေက ဆွဲဆောင်မှု တစ်ယောက်မှမရှိ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်မတင့်တယ်၊ မိန်းကလေးတွေ ကုန်အောင်သာ မိတ်ဆက်ပေးနေရင် ရယ်ပြုံးပြုံးပြရတာနှင့်ပင် ပါးကြောတွေတောင့်လာနိုင်သည်။

ဒီတော့ သုခမိန် ဒီကနေလွတ်အောင် ဘယ်လိုကြံရပါ့မလဲ၊ မိန်းကလေးတွေကလည်း သူတို့အလှည့်ရောက်ဖို့ကို စိတ်စောနေကြသည်။

"ကိုသုခမိန်က အရမ်းချောတာပဲနော်. . ၊ ဓါတ်ပုံထဲမှာထက်တောင် ပိုချောသေးတယ်၊ မီးနာမည်ကို မှတ်ထားပါနော်၊ မီးနာမည်က ခမီးမီးကျော်ဇင်တဲ့၊ ဒယ်ဒီက လွှတ်တော်ကိုယ်စားလှယ်၊ ပြောရေးဆိုခွင့်ရှိတယ်၊ လိုအပ်တဲ့အကူအညီ လိုရင်ပြော"

ဒီတစ်ယောက်က ပိုဆိုးသေး. . မာမီ မိတ်ဆက်တောင် မခံတော့၊ သူ့ဟာသူ မိတ်ဆက်သည်။ ရုပ်ရည်လေးကတော့ အညာသူရုပ်လေး၊ ညိုညစ်ညစ် အသားအရေကို မနည်းဖြူအောင် ပြုပြင်ထားရပုံပင်။ ခြေဆစ်လက်ဆစ်တွေက မိန်းမ,မဆန် တုတ်တုတ်ခိုင်ခိုင်ကြီးတွေ. . စိတ်ပျက်ပါ့။

မာမီကတော့ ဒီမိန်းမတွေထဲမှာ သူ့မိန်းမ ဘယ်သူဖြစ်မလဲဆိုပြီး ကြိုတင်ရင်ခုန်ကာ သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်အောင်ကိုရယ်နေလိုက်တာ။ အဲကွန်းအဖွဲ့အားဒဏ်ကြောင့် သွားဖျားမှာတောင် စိုးရိမ်ရသည့် အခြေအနေမျိုး. . .

တကယ်ဆို သုခမိန် ဘယ်သူ့ကိုမှ စိတ်ဝင်စားတာမဟုတ်. . ၊ ငွေချမ်းသာသည့် မိန်းမတွေ ပိုဆိုးသည်။ သူတို့ ငွေကြေးဥစ္စာ တောင့်တင်းတယ်ဆိုပြီး ယောကျ်ားကို အထက်စီးကဆက်ဆံ မာနတွေ ခေါင်ခိုက်၊ ငါလိုလူ ဇမ္ဗူမှာမရှိဆိုသည့် စိတ်မျိုးတွေနှင့် ယောကျ်ားအပေါ်အရာရာကို ခြယ်လှယ်ချင်သည်။

ယခု ဘယ်သူမှမကြည့်နဲ့. . မာမီ့ကိုပဲကြည့်၊ ဒယ်ဒီ့အပေါ်မှာ ငွေကြေးချမ်းသာမှု အရှိန်အဝါနှင့် လွှမ်းမိုးခြယ်လှယ်သည်။

"သား မယ်မယ်ပြောတာ ကြားရဲ့လားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အတွေးတို့ ရုတ်ခနဲရပ်ပြီး မာမီ့ကို ငဲ့ကြည့်ကာ. . .

"ဗျာ. . မာမီ"

"ဩော်. . သူလေးက ခေမီသက်တန့်တဲ့၊ ဒီဇိုင်နာလေ. . အဲ မြန်မာပြည်က ဒီဇိုင်နာ မဟုတ်ဘူးနော်၊ ပြင်သစ်က ဒီဇိုင်နာ၊ မြန်မာ ပြည်ကို အိမ်ထောင်ပြုဖို့ ပြန်လာတာ၊ နောက်ပြီး. . သူ. . သူ"

"အ. . အား. . ကျွတ်. . ကျွတ်. . ကျွတ်"

မာမီ့စကားဆုံးအောင် နားမထောင်ဘဲ ဗိုက်ကို အသာနှိပ် လိုက်ပြီး ညည်းညူလိုက်သည်။ မာမီ မျက်လုံးပြူးသွားသည်။

"အို. . သား. . သားတော်လေး ဘာဖြစ်တာတုန်း၊ မယ်မယ့် ကို ပြောစမ်း၊ အမလေး ရင်ထိတ်လိုက်တာ၊ ဟဲ့. . သူရ နင့်သခင်လေး ဘာဖြစ်တာလဲ မသိဘူး"

သီလနှင့်သူရ သုခမိန်ဆီသို့ စွေ့ခနဲ ရောက်လာသည်။

"သခင်လေး. . ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ၊ ပြောလေ. . ကျွန်တော်မျိုးတို့ ဘာလုပ်ပေးရမလဲ"

"ငါ. . ငါအောင့်တယ် ဗိုက်အောင့်တယ်ကွ"

"ဟယ်. . ဗိုက်အောင့်တယ် ဟုတ်လား၊ ဒါဆို သဇင်တို့ ဆေးရုံ ကို ခေါ်သွားမယ်လေ၊ လာပါ မယ်မယ်၊ ကို သုခမိန်ကို သဇင် ခေါ်သွား လိုက်တော့မယ်လေ"

သဇင်ညို သူ့ ခန္ဓာကိုယ် ဖိုင့်ဖိုင့်လေးဖြင့် ထိုင်ရာမှ အိခနဲ ထကာ သုခမိန်လက်ကို မြေးဆွဲသည်။ ပိန်ကျစ်ကျစ် သုခမိန်၏ ကိုယ် ခန္ဓာသည် ဆောင့်အဆွဲခံလိုက်ရသလို သဇင့်ညို့ဘက် ယိမ်းသွားသည်။

"အား. . ဖြည်းဖြည်းလုပ်ပါလား၊ ဒီ. . ဒီမှာ ဗိုက်အောင့်ရုံတင် မဟုတ်ဘူး၊ လက်အဆစ်ပါ ပြုတ်ထွက်သွားနိုင်တယ်"

"အို. . မပူနဲ့ အရိုးအကြောပါရဂူလည်း ရှိတယ်၊ လာပါ. . မယ်မယ် ပြောပါဦး၊ သဇင် စိတ်ပူလိုက်တာ"

သဇင်ညို တခြားမိန်းကလေးတွေရှေ့မှာ ပိုနာယူကာ အိုဗာ



www.burmeseclassic.com

www.burmeseclassic.com



တွေလုပ်နေသည်။ တခြားမိန်းကလေးတွေမှာလည်း သူတို့ အလှည့်မရောက်သေး၍ မချင့်မရဲ ဖြစ်နေကြသည်။

"သား တော်တော်အောင့်နေရင် သဇင်တို့ဆေးရုံကို လိုက်သွားလိုက်ပါလားကွယ်"

မာမီပါ စိတ်ပူသွားဟန်ဖြင့် သဇင်တို့ဆေးရုံကို လိုက်သွားရန် တိုက်တွန်းသည်။ သုခမိန် မျက်နှာရှုံ့မဲ့စွာ ညည်းတွားနေရင်းမှ သူ့ရှင်သီလကို မျက်စပြစ်ပြီသည်။

ထွက်ပေါက်ထစ်ခုခုရအောင် လုပ်ဆိုသည့် သဘောမျိုး သူ့ရှင်သီလ တပည့်ကျော်နှစ်ယောက်ကလည်း ပါးလိုက်သည့်အကင်း . . လှစ်ခနဲ . . လှစ်ခနဲပင်။

"မယ်မယ် . . သခင်လေး မနက်က လက်ဖက်တွေစားတာ များသွားလို့ ချုပ်ပြီး လေအောင့်တာပါ"

သီလ ပြောမိပြောရာ ဖွတ်ပြောလိုက်သည်။

"ဟယ် . . ဒီကောင်လေး ဘာချုပ်တာလဲ၊ မိန်းကလေးမို့လား ချုပ်ရအောင်၊ လေအောင့်ရုံ သက်သက်ဟာကို"

"ဟုတ်တယ် . . မယ်မယ်၊ သား အခန်းထဲမှာ နားမှရမယ်၊ အား . . အားလုံးပဲ နှုတ်ဆက်တယ်နော်၊ နောက် . . နောက် . . တွေ့ကြသေးတာပေါ့၊ အား . . ကျွတ် . . ကျွတ်"

"လာ . . လာ . . သဇင်တွဲမယ်"

ဗိုက်ကိုနှိပ် ခါးကိုကိုင်းကာ ထလိုက်ပြီး ဧည့်ခန်းထဲမှထွက်ရန် နှုတ်ဆက်လိုက်သည်။ သဇင်ညို ဒါလဲအလွတ်မပေး၊ သုခမိန်ကို တစ်ဖက်က အတင်းဝင်ဆွဲသည်။

သုခမိန် စိတ်လေသွားသည်။

"အ . . အား . . ရတယ် . . ရတယ် နေပါ၊ မယ်မယ်နဲ့ သား ပြောကျန်ရစ်ပါ၊ လူပျိုတစ်ယောက်အခန်းကို အပျိုစင်တစ်ယောက် လိုက်ဝင်တာ မကောင်း . . အဲ . . မသင့်တော်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမလေးရယ်. . နေပါ၊ အားနာစရာကောင်းပါတယ်၊ လာ. . လာ. . သခင်လေး"

ဒီမိန်းမတွေရှေ့က လွတ်ပြီးရောဆိုပြီး သီလနှင့်သူရ သုခမိန်၏လက်တစ်ဖက်ဆီကိုဆွဲကာ ဒရွတ်တိုက်မတတ် ဆွဲခေါ်လာလိုက်သည်။

မလေးစား၍တော့ မဟုတ်၊ အခန်းထဲ မြန်မြန်ရောက်အောင်ဖြစ်သည်။

အခန်းထဲရောက်မှ သောက်ရမ်းဆွဲခေါ်လာရသလားဟုဆိုပြီး ထိပ်တွေထုလည်း ခံရတော့မှာပင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"သခင်လေးရာ. . သခင်လေးနဲ့ ကျွန်တော်တို့နှစ်ယောက် နေရာချင်းသာ လဲလိုက်ချင်တယ်"

လေသာဆောင်တွင် လေညှင်းထွက်ခံနေသော သုခမိန်၊ မချင့်မရဲဖြစ်နေသော တပည့်ကျော်နှစ်ယောက်ကို ကြည့်ပြီး မဲ့လိုက်သည်။

"ငါ့နေရာကို မင်းတို့နှစ်ယောက်ပဲ လဲချင်တာမဟုတ်ဘူး. . လောကမှာ အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ လူဆင်းရဲတွေမှန်သမျှငါနဲ့ နေရာချင်း လဲချင်ကြမှာပဲ"

"ဟာ. . ဒါကိုပြောတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သီလ ငြင်းသည်။

"ဒါဆို ဘာလဲ"

သခင်လေးကိုသဘောကျတဲ့ မိန်းမတွေများလွန်းလို့ နေရာ လဲချင်တယ်လို့ ပြောတာ၊ သူတို့အားလုံး မိဘမျိုးရိုးကအစ တောင့်တင် ခိုင်မာပြီး ချမ်းသာတဲ့ သူဌေးမလေးတွေ"

"အဲဒါ ဘာလုပ်ရမှာလဲ"

"ရွှေ . . ရွှေချင်း၊ ဂုဏ် . . ဂုဏ်ချင်း၊ ငွေ . . ငွေချင်းထပ်တော့ မြတ်တာပေါ့"

"ထင်လား၊ အဲဒီလူတန်းစားတွေရဲ့ နောက်ကွယ်မှာရော မြ မြတ်တဲ့ ကိုယ်ကျင့်တရားတွေနဲ့ ဂုဏ်သိက္ခာတွေ ရှိမယ်ထင်နေသလာ သူတို့ ဘယ်လို အကျင့်သိက္ခာတွေ ကိုယ်ကျင့်တရားတွေနဲ့ ချမ်းသ သလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ၊ ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့ လူတန်း စား ရိုးသားမှုချင်း ကွာသလို . . လောဘကြီးတာလဲ ကွာဟတယ်၊

ချမ်းသာလေ ပိုလောဘတက်လေပဲ၊ ဘယ်သူမှ မကြည့်နဲ့ . . မာမီကိုပဲကြည့်လေ၊ ဒီလောက်ဆယ်သက်မပြောနဲ့ နှစ်ဆယ်သ လောက် စားမကုန်တဲ့ စည်းစိမ်တွေရှိနေတာတောင် ဒီထက်ပိုပြီး ရှိ သေးလို့ ငါ့ကို သူဌေးသမီးတွေနဲ့ ပေးစားနေတာပေါ့၊ ငါကလည်း သူဌေးသမီးဆိုရင် နိုးပဲဟော့ကောင် မယူဘူး"

"ဒါဆို ဆင်းရဲသူမကို ယူမှာပေါ့"

"ငါ ရင်ခုန်ထဲ့မိန်းကလေးဆိုရင် ဆင်းရဲသူမပဲဖြစ်ဖြစ် အမျိုး ကောက်တဲ့ မိန်းကလေးပဲဖြစ်ဖြစ် သဘောကျရင် ယူမှာ"

"ဝါး . . ဒီစကား မယ်မယ်သာကြားရင် သခင်လေးရှေ့မှာ ငင်ဆန့်ငင်နဲ့ တက်သွားလောက်တယ်ဗျ၊ မယုံမရှိနဲ့ . . ဟီး . .

သူရ ပြောရင်းဖြင့် . . ဒေါ်ခင်ရတနာကျော် ဆွေ ခုန် တဂိဂိတက်သွားသည့်ပုံကြီး မျက်စိထဲ တန်းခနဲမြင်ကာ ရယ်လိုက်သ

"ဒါဆိုရင် သခင်လေး ဘယ်တော့မှ အိမ်ထောင်ကျမှာ မဟု



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး”

သီလစကားကြောင့် သူရ အရယ်ရပ်ပြီး . .

“ဘာလို့လဲ”

“ဘာလို့လဲဆိုတော့ကွာ သခင်လေး ဖြတ်သန်းကျင်လည်နေရတဲ့ အသိုင်းအဝိုင်းမှာ ဆင်းရဲတဲ့သူ တစ်ယောက်မှမရှိလို့ပဲ၊ အိမ်ပေါ်တနေကားပေါ် . . ကားပေါ်ကနေ ကိုယ်သွားချင်ရာ နေရာမှန်သမျှကို ကျွန်တော်တို့လို အခြွေအရံတွေနဲ့ သွားရတယ်၊ ဆင်းရဲတဲ့သူဆိုတာ ဘာလဲလို့ မေးယူရအောင် ဆင်းရဲသားနဲ့ စကားတောင် ပြောဖူးတာ မဟုတ်ဘူး၊ ယုတ်စွအဆုံး မွေးကတည်းက ဆင်းရဲသားရပ်ကွက်ထဲကို ရောက်တောင်ရောက်ဖူးတာ မဟုတ်ဘူး”

သီလစကားက သွေးထွက်အောင်ကို မှန်သည်။

“အေး . . ဟုတ်တယ်ကွ၊ ငါ အခြေခံ လူတန်းစားတွေရဲ့ လူနေမှု ဘဝပုံစံကို သေသေချာချာ မမြင်ဖူးသေးဘူး၊ ခုပဲ ငါ့အသက် နှစ်ဆယ့်ငါးနှစ် ရှိနေပြီ”

“အဲဒါ ပြောတာပေါ့၊ သခင်လေး လောကကြီးအကြောင်းကို ဘာမှမသိသေးပါဘူးလို့”

ဟိုးငယ်စဉ်ကတည်းက အတူတူကြီးပြင်းလာကြသည်မို့ သီလနှင့်သူရအဖို့ သုခမိန်ကို သူငယ်ချင်းလို ပေါင်းရသည်။ သခင်နှင့် ငယ်ကျွန်လို စည်းမခြားထားသော သုခမိန်၏ သဘောထားကြောင့် ဖြစ်သည်။ ညီအစ်ကိုလိုလည်း ချစ်ကြသည်။

“အဲဒါဆို . . ငါ မြင်ဖူးသွားအောင် ဘယ်လိုလုပ်ရမလဲ၊ ငါ့ကို အဲဒီနေရာတွေ လိုက်ပြစမ်းကွာ၊ ငါတို့ မာမီမသိအောင် ခိုးသွားကြရအောင်”

သုခမိန်၏ တောင်းဆိုမှုကြောင့် သီလနှင့်သူရ ပျော်သွားကြသည်။

“တ . . တကယ်လား၊ သခင်လေး”



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့ကို အားနေလို့ ညာပြောရမှာလား"

"အဟီး. . ပိုကျိန်းသေအောင်လို့ပါ"

"ဒါနဲ့ မင်းတို့က ဘာလို့ အဲလောက်ပျော်နေရတာလဲ၊ ပျော်စရာဘာရှိလို့လဲ"

"ရှိတာပေါ့ သခင်လေးရဲ့၊ သခင်လေး အဲလိုနေရာတွေ သွားမယ်ဆိုမှတော့ ဒီလောက်မဆင်းရဲတဲ့ နေရာတစ်နေရာကို အရင်သွားကြမလား"

"ဒီလောက်မဆင်းရဲတဲ့နေရာ ဟုတ်လား၊ ဘယ်နေရာလဲ"

"နိုက်ကလပ်"

သူခမိန် မျက်ခုံးနှစ်ဖက် မြင့်တက်ကာ သီလနှင့် သူရကို မနှစ်မြို့သလိုလို မကျေနပ်သလိုလိုနှင့်ကြည့်ပြီး. . .

"မင်း. . မင်းတို့ကွာ၊ အတတ်ကောင်းတွေ ငါ့ကို လာသင်နေကြတယ်ပေါ့ ဟုတ်လား၊ မာမီသိရင်တော့ မင်းတို့နှစ်ကောင် နှာခေါင်းနဲ့ဆင်းရတော့မှာပဲ"

"ခေါင်းနဲ့ပါ သခင်လေးရယ်"

"မရဘူး၊ မာမီက ဒီလောက် နှာဘူးထတဲ့ကောင်တွေဆိုပြီး နှာခေါင်းနဲ့ ဆင်းခိုင်းမှာ"

"ဒါ. . ဒါဆိုရင် သခင်လေး အဲဒီအဆိုကို ပယ်ချတယ်ပေါ့. . ဟုတ်လား၊ အင်းလေ. . ဒါဆိုလည်း ဆင်းရဲသားရပ်ကွက်ထဲပဲ သွားပါတော့မယ်"

သီလနှင့်သူရ အပြစ်ရှိသူလို မျက်နှာငယ်သွားကြသည်။

"မင်းတို့ကို မသွားဘူးလို့ ငါပြောလို့လား၊ ဖြစ်နိုင်ရင် ဒီည ခိုးသွားဖို့စီစဉ်လို့ ပြောမလို့၊ ဟဲ. . ဟဲ. . ငါ့အတွက် တခြားကမ္ဘာတွေ လှည့်လည်ပြီး လေ့လာနေတယ်လို့ သဘောထားရမှာပေါ့ကွာ"

"ဝါး. . ဒီညတော့ သခင်လေး ကောင်းကောင်းကဲ့ပါစေမယ်၊ စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



သီလနှင့်သူရ မှိုရသည့် မျက်နှာတွေလို ပါးစပ်ဖြဲပြီး ရယ်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဟာ. . မာမီရာ၊ သား အဲဒီ မိန်းကလေးတွေကို တစ်ယောက်မှကို စိတ်မဝင်စားတာပါဗျာ"

"စိတ်မဝင်စားလို့ မရဘူးသား၊ မင်းကို ကြင်ယာတော် ရွေးပေးနေတာ၊ မယ်မယ်တို့ အပျော်တမ်း တူရိယာ ဖွဲ့နေတာ မဟုတ်ဘူး"

မိခင်စကားကြောင့် သူခမိန် မဲ့ခနဲ လုပ်ကာ. . .

"အဲဒီ အပျော်တမ်း တူရိယာဖွဲ့ရင်တောင် ခံစားမှုလေးတွေ အသက်ဝင်ဦးမယ်၊ ခုဟာက လုံးဝရင်ခုန်စရာ မကောင်းတဲ့အပြင် စိတ်ပျက်လွန်းလို့ ဘာပြောရမှန်းတောင် မသိဘူး"

"ဒါပေမယ့် သူတို့က ချမ်းသာကြွယ်ဝတဲ့ အဆက်တန်းလွှာက



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ၊ သားလို တော်ဝင်သွေးပါတဲ့ မြင့်မြတ်စင်ကြယ်တဲ့ အမျိုးကောင်းသားလေးကို စိ[illegible]ားလို့ ကြင်ယာတော်အဖြစ် လာအရွေးခံတာ၊ သားအတွက် ဘ[illegible]က် ဂုဏ်ယူစရာ ကောင်းလိုက်သလဲ”

သုခမိန် ထပ်ပြီး မဲ့ပြုံးသည်။

“သားက ချမ်းသာတဲ့မိန်းမတွေကို စိတ်မဝင်စားဘူး”

သုခမိန် စကားကြောင့် ဒေါ်ရတနာကျော် ရင်ဘတ်ကို လက်ဖြင့်ဖိလိုက်ပြီး ပြူးကြည့်သည်။

“အမလေး ဘုရားရေ၊ ကိုယ်ကျိုးတော့ နည်းကုန်တော့မှာပဲ တွယ်၊ ဟယ်.. မယ်မယ့်ကို အရှင်လတ်လတ် အသက်ထွက်အောင် လုပ်နေတာလား သားတော်”

မျက်ကလူးဆန်ပြာပြာနေသော ဒေါ်ခင်ရတနာကျော်.. သုခမိန်ကို စိတ်ပူသွားသည်။ ကိုယ့်သားလေးကို မတော်တရော် အမျိုးညံ့မိန်းကလေးတွေနှင့် တွေ့သွားမှာကို သေလောက်အောင်ကြောက်သည်။

“မင်းမှ မရွေးဘူးဆိုရင် မာမီ့စိတ်ကြိုက် ရွေးပေးရလိမ့်မယ်နော်”

“ရွေးချင်ရင် ရှေ့နှစ်လောက်မှရွေး”

“ဒီနှစ်ထဲ ဘာဖြစ်လို့လဲ”

“ဒီနှစ်ထဲမှာ မိန်းမယူချင်စိတ် မရှိသေးဘူး၊ ဖြစ်နိုင်ရင် တရားအလုပ်လေးလုပ်ပြီး စိတ်လွတ်ကိုယ်လွတ် နေချင်သေးတယ်”

သုခမိန် အကြည့်တွေက နာရီဆီသို့ တကြည့်ကြည့် ရောက်နေသည်။ ဒေါ်ခင်ရတနာကျော်မှာသာ ထူးဆန်းသောစကားကြောင့်.. သုခမိန်ကို ကြောင်စီစီဖြင့် နားမလည်စွာ ကြည့်သည်။

“ဘယ်လို.. သားက တရားအလုပ်တွေဘာတွေ လုပ်ဦးမယ် ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . ဒါ ကောင်းတဲ့အလုပ်မဲ မာမီရ၊ ခုတောင် တရား ပွဲလေးဘာလေး သွားမလို့"

"အို. . မိုးချုပ်ကြီး"

"မိုးချုပ်မှ တရားပွဲစတာ၊ သားကြိုက်တဲ့ ဆရာတော်တွေမို့ . . ဝတ္ထုငွေလေးဘာလေး သွားလှူမလို့ပေါ့"

ဘာသာတရားနှင့် ကိုင်ပေါက်လာတော့ ဒေါ်ခင်ရတနာကျော် ဘာမှမပြောလိုတော့၊ ကိုယ့်သားလေးက မွေးကတည်းက ဘခြားလူ ငယ်တွေလို ဟော့ဟော့ရမ်းရမ်း နေခဲ့သူမဟုတ်။

အိမ်ထောင်ရေးကို စိတ်မဝင်စားသေးတာပဲ ရှိသည်။ မိန်းက လေးကိစ္စ အရှုပ်အရှင်းကြောင့် တစ်ခါမှ စိတ်မဆင်းရဲခဲ့ရ၊ ခုလို တရားပွဲ သွားမည်ဆိုတော့ ပိုလို့တောင် စိတ်အေးရသေးသည်။

"ဒါဆိုရင် သီလနဲ့သူရကိုပါ ခေါ်သွားနော်"

"သူတို့နှစ်ယောက်မပါဘဲ သား ဘယ်နေရာတွေကို သွားဖူးလို့ လဲ မာမီရယ်"

"အေးပါ ဒါဆိုလည်း ပြီးရော၊ မယ်မယ်လည်း ဘုရားဆောင် ဝင်လိုက်ဦးမယ်၊ ကြင်ယာတော် ရွေးချယ်မယ့်ကိစ္စကို နောက်နေ့မှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

ဒေါ်ခင်ရတနာကျော် သုခမိန် အခန်းထဲမှ ထထွက်သွားသည်။

ကလပ်သွားမည်ဟု ပြောမည့်အစား တရားပွဲဟု ညာပြော လိုက်ခြင်းကို သက်ဝင်ယုံကြည်သွားသော မာမီ့နောက်ကျောပြင်ကို ကြည့်ကာ သုခမိန် မွှေ့ယာပေါ်မှ ထခုန်လိုက်သည်။

သီလနှင့်သူရတို့ကို အချက်ပြဘဲလ် နှိပ်လိုက်သည်။

ဒီည အပြတ်ကဲဖို့ လုံးဝသံမိဌာန် ချပြီးသား. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

LED ရောင်စုံမီးတွေနှင့် မြူးကြွသော တေးသွားက အေးခဲနေသော စိတ်တွေကို ပုတ်နှိုးလိုက်သကဲ့သို့ သုခမိန်၏ ခန္ဓာကိုယ်သည် ကပွဲခန်းမထဲ ဝင်လိုက်သည်နှင့် စည်းချက်တို့နှင့်အပြိုင် စတင်လှုပ်ရှားစပြုနေသည်။

"သခင်လေး ကျွန်တော်တို့ချည်းပဲ ကရတာ သိပ်မမိုက်ဘူး၊ အဲ့တာဖော်လေးဘာလေး ရှာရအောင်"

ကပွဲခန်းမထဲတွင် စိတ်လွတ်ကိုယ်လွတ် ကခုန်နေကြသော မိန်းကလေးတွေကိုကြည့်ပြီး သီလနှင့်သူရတို့ပါ အပျော်လွန်နေငြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ရှာချင်ရှာပေါ့၊ ငါကတော့ တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ကချင်တာ၊ မိန်းကလေးတွေ ပါလာရင် မလိုအပ်ပဲ ဇယားတွေ ရှုပ်ကုန်မယ်"

သုခမိန် ဆန္ဒမရှိတော့ သီလနှင့်သူရလည်း လွှတ်မကဲရဲတော့။

"လာပါဟာ နင်ကလည်း . . ဒီနေရာကို ရောက်လာပြီးမှ ဝင်မကရင် ဘယ်မှာလာပြီး ပျော်စရာကောင်းမှာလဲ"

"ဟာ . . ဟေ့အေး . . ငါ မကချင်ပါဘူး၊ ရှက်စရာကြီး"

မိန်းကလေးတစ်သိုက်၏ တစ်ယောက်တစ်ပေါက် အသံကြောင့် ကိုယ်နှင့် အဖြစ်ချင်းတိုက်ဆိုင်နေသည်မို့ သုခမိန် လှည့်ကြည့်လိုက်သည်။

မိန်းကလေးလေးတစ်ယောက်အား တခြားမိန်းကလေး သုံးလေးယောက်က ကပွဲထဲသို့ အတင်းဆွဲသွင်းလာပြီး . . ဆွဲသွင်းခံလာရသော မိန်းကလေးက အတင်းတွန်းထိုးရုန်းကန်ပြီး ငြင်းသည်။

"မရဘူးဟာ ငါမကချင်ဘူး"

"မကချင်လို့ မရဘူး၊ နင့်မှာ ဘော်ဒါစိတ် မရှိဘူးလားဟာ . . ငါတို့က ကပြီး . . နင်ကျတော့ မကဘူးဆိုရင် မမိုက်ဘူးဟာ၊ ကလပ်လာတာ ကဖို့လာတာ . . မကဘူးဆိုရင် နင်ဘာလာလုပ်တာလဲ"

"နင်တို့ကဲတာ ထိုင်ကြည့်မယ်လေ"

အဖွဲ့ထဲမှာ မြင်ရိုးနှင့် ထင်းခနဲဖြစ်စေသော မိန်းကလေးကို သုခမိန် မမှိတ်မသုန် လှမ်းကြည့်ပြီး စိတ်ထဲမှာ ရယ်ချင်သွား၍ ပြုံးမိသည်။

"ဘာရယ်တာလဲ သခင်လေး"

"ဟိုမှာလေ ငါနဲ့အဖြစ်ချင်း လာတူနေတဲ့ ကောင်မလေး"

သုခမိန် ညွှန်ပြရာသို့ သီလနှင့်သူရ လှည့်ကြည့်ကြသည်။

"ဟာ . . အမိုက်စားလေးပါလား၊ သခင်လေး အရှင်းပြေ ခဏလောက် တွဲလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သီလအကြံပေးချက်ကို လက်ခံသည်ထင်သည်။ သူခမိန့် ဘာမှမငြင်းဆန်။

"သခင်လေး ကျွန်တော်တို့ဝိုင်းကို ဖိတ်လိုက်ရမလား"

"လာပါ့မလားကွ"

"ခေါ်ကြည့်တာပေါ့"

သီလနှင့်သူရ ပါရမီဖြည့်ဖို့အသင့်. . .

"ဒါဆို မင်းတို့ခေါ်ကြည့်လိုက် အပျင်းပြေ စကားလေးဘာလေး ပြောကြတာပေါ့"

"ကောင်းပါပြီ သခင်လေး၊ ဒါဆို ကျွန်တော် သွားမိတ်ဆက်ပြီး သခင်လေးဝိုင်းကို ခေါ်လာကြည့်ပါ့မယ်"

"ဖွတ်အတင်းကြီးတော့ မခေါ်နဲ့နော်၊ တော်ကြာ ပါးရိုက်ခံနေရဦးမယ်"

သတိပေးစကားသံပင် မကြားတော့၊ သူရ ထိုကောင်မလေးတစ်သိုက်နားသို့ လျှောက်သွားလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ရှင်တို့ဝိုင်းကို ကြယ်စင်က လာရမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ သခင်လေးက ဖိတ်ခိုင်းလိုက်တာပါ"

သခင်လေးဟူသော အသုံးအနှုန်းကြောင့် ကြယ်စင် မျက်ခုံး လေးနှစ်ဖက် ပင့်တက်သွားသည်။

"သခင်လေး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို . . ရှင်တို့ကရော"

"ကျွန်တော်တို့က သခင်လေးရဲ့ အထိန်းတော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင့်မျက်နှာ ပြုံး၍သွားသည်။ အထိန်းတော်တွေ သခင်လေးတွေဆိုသည့် အသုံးအနှုန်း ထည့်ဝါပုံတွေကိုကြည့်ပြီး တော်ရုံလူတန်းစား မဟုတ်ဘူးဟု တွေးလိုက်သည်။

အထိန်းတော်တွေတောင် ကိုယ်ရှိန်ကိုယ်ဝါတောက်ပနေတာ သခင်လေးဆိုလျှင် ပြောဖွယ်မရှိ။ ဒီလို ဖိတ်ခေါ်မှုမျိုးကို ကြယ်စင်တို့ ဘယ်လိုမှ ငြင်း၍မဖြစ်။

"ဖိတ်တယ်ဆိုတော့ ဘာနဲ့ညှိခံမှာလဲ၊ စကားပြောရုံ သက်သက်ဆိုရင်တော့ စိတ်မဝင်စားဘူးနော်"

ကြယ်စင့်သူငယ်ချင်း သီတာခန့်က ကြားမှဝင်၍ စကားခေါ်လေးသည်။

"ကြိုက်တာကျွေးမယ်"

"အိုခေ. . ဒါဆို ငါတို့လိုက်သွားကြရအောင် ကြယ်စင်"

"ဟိုလေ. . ကျွန်တော်တို့ သခင်လေးက ဒီက မိန်းကလေးတစ်ယောက်ထဲကို ဖိတ်လိုက်တာပါ"

သီတာခန့်တို့အဖွဲ့ မျက်နှာတွေ မဲ့သွားကြသည်။ သီတာခန့်သားမှ လွင်လွင်နိုင်နှင့် စုမြတ်တို့ သူရကို မျက်စောင်းလှမ်းခွဲလိုက်ပြီး. .

"ဒါဆိုရင်တော့ ကြယ်စင် နင်လည်း မသွားရဘူး"

စုမြတ် မကျေမနပ်ဝင်တားသည်။ ကြယ်စင် ခုအချိန်မှာ သူငယ်ချင်းတွေဘက်မှ လိုက်၍မဖြစ်၊ သခင်လေးဆိုသူနှင့် တွေ့ရမှုကိုဖြစ်သည်။

"ငါ့ကို ဖိတ်တာပဲ ငါမသွားလို့ရမလား စုမြတ်ရယ်"

"ငါတို့ကိုမှ မဖိတ်တာ"

"မဖိတ်ရင် မသွားနဲ့ပေါ့၊ ငါ့ကို ဖိတ်ရင်တော့ ငါ သွားရမယ်၊ အိုခေ. . ဘိုင့်ဘိုင်"

သူငယ်ချင်းတွေ မကျေမနပ်ဖြစ်၍ ကျန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ကတော့ မမှု၊ ကြော့ရှင်းလှပသော အလှတရားတို့နှင့် ညှို့ငင်နိုင်ဖို့အတွက် ခြေလှမ်းတိုင်းဟာ ဆွဲဆောင်မှုအပြည့်ရှိနေရမှာပေါ့။

သခင်လေးဆိုတာ ဘယ်လိုယောကျ်ားမျိုးလဲ. .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"သူခမိန် ဟုတ်လား"

ထူးဆန်းသောနာမည်နှင့်မို့ ကြယ်စင် ခစ်ခနဲ ရယ်လိုက်ရင်း . .

"မဟော်သဓာလို ပြဿနာအပေါင်းကို ဖြေရှင်းနိုင်လို့လား . . ၊ ကျော်တော်ကတော့ နှစ်ယောက်ထဲရှိတယ်နော်၊ နည်းတာပေါ့ . ."

ရှိုးတို့ရှုန်းတန့်မဖြစ်ဘဲ မိတ်ဆွေဟောင်းတစ်ယောက်နှယ် ပွင့်င်းလွန်းသော ကြယ်စင်စကားကြောင့် သူခမိန် ပြုံးလိုက်သည်။

"ဒီခေတ်က ဖွားဖက်တော်တွေအများကြီး ရှိစရာမှ မလိုတာ ်ယောက်ထဲနဲ့ လုံလောက်ပါတယ်"

သူခမိန်၏ ဖြေရှင်းချက်ကြောင့် ကြယ်စင် ပုခုံးလေးနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပါပါတွန့်ပြီး ချစ်စဖွယ် ရယ်လိုက်သည်။

"ခုနေ ရှင့်ရှေ့မှာ ကောင်မလေးတစ်ယောက်ကို ကောင်လေး သုံးယောက်က အနိုင်ကျင့် နှောင့်ယှက်နေတယ်ဆိုရင် ရှင် ဘာလုပ်မ လဲ၊ မသိချင်ဟန် ဆောင်သွားမလား၊ မဟော်သစာ သုခမိန်လို ဖြေ ရှင်းမှာလား"

"ဖြေရှင်းပေးရမှာပေ့ါ၊ ဘာလို့ရှောင်ကွင်းသွားမလဲ၊ လိုအပ် ရင် ဖိုက်ပေးမှာပေ့ါ"

လူရှိန်အောင်သာ ပြောလိုက်ရသည်။ တကယ်ဆို ခုအရွယ်အ ထိ ရန်ဖြစ်တယ်ဆိုတာ ရှိခဲ့ဖူးတာမဟုတ်၊ ကျောင်းစတက်သည့် အရွယ် ကတည်းက မာမီရဲ့အုပ်ချုပ်မှုအောက်မှာ အထိန်းတော်တွေနဲ့ ကြီးပြင်း ခဲ့ရပြီး အိမ်ထဲက အိမ်ပြင်တောင် ကျောင်းတက်ချိန်လောက်သာ ထွက် လေ့ရှိသော သုခမိန် ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ပတ်သက်ဆက် နွယ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ခဲ့၊ ယုတ်စွအဆုံး ကျောင်းတက်လျှင် တောင် အတန်းဖော်မထားခဲ့၊ သူငယ်ချင်းမရှိခဲ့၊ မိန်းကလေးသူငယ်ချင်း ဆိုလျှင်တော့ ပြောဖွယ်ရာမရှိတော့၊ ဒီလိုလူစားမျိုးက ဘယ်သူနှင့်ဖိုက် တင်ချရဲမှာလဲ။

ကြယ်စင် အထင်ကြီးသွားပုံရသည့် အကြည့်မျိုးဖြင့် ကြည့်ကာ

"ရှင်က တော်တော်ယောကျ်ားပီသတာပဲ"

သုခမိန် ရယ်လိုက်သည်။ မိန်းကလေးတစ်ယောက်၏ အထင် ကြီးခြင်း ခံရသော ပီတိကလည်း ဘဝင်ခိုက်စရာ. . .

"မင်း ပုံစံကြည့်ရတာ အရင်က ဒီကလပ်ကို လာဖူးပုံ မပေါ် ဘူးနော်"

သုခမိန် အမေးကြောင့် ကြယ်စင် အရိုးသားဆုံး အမူအယာကို သုံး၍ ခေါင်းခါပြလိုက်သည်။

"ဟုတ်တယ်. . ကိုယ်လည်း မလာဖူးဘူး၊ ဒါ ပထမဆုံးပဲ"

"သခင်လေး ဘာသုံးဆောင်မလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သီလ ခါတိုင်းထက်ပို၍ ရှိသေပြနေသည်။ ကောင်မလေး ပို၍ အသင်ကြီးအောင် ဖြစ်သည်။

"ငါ ဘာမှမသုံးဆောင်. . အဲ. . မစားတော့ဘူး၊ ဒါနဲ့. . ဒီက ညီမတော်ကရော. . အဲလေ. . ဒီကညီမကရော ဘာစားမလဲ၊ စားချင် တာမှာလေ"

"ကြယ်စင် စားချင်တာ မှာရရင်. . တစ်ဆိုင်လုံးတောင် ကုန် သွားဦးမယ်၊ ဒါပေမယ့် မစားတော့ပါဘူး၊ ဒီနေ့ည သူငယ်ချင်းအသစ် တစ်ယောက် ရတာနဲ့တင် အလိုလို ဗိုက်ပြည့်နေပြီ"

"ဒါဆိုရင် ဝိုင်သောက်မလား"

ကြယ်စင့်အရှေ့သို့ ဝိုင်ခွက်ချပေးရန် သူရကို မျက်ရိပ်မျက်ကဲ ပြလိုက်သည်။ သူရ ဖန်ခွက်ထဲ ဝိုင်ငှဲ့ထည့်ကာ ကြယ်စင့်ကို ပေးသည်။ ကြယ်စင်မငြင်း လှမ်းယူကာ ဝိုင်ကို တစ်ငုံငုံလိုက်သည်။

"နာမည်က ကြယ်စင်တဲ့လား"

"အင်း. . ဟုတ်တယ်၊ ကြယ်စင်လဲ့လို့ ခေါ်တယ်"

"နေတော့ရော ဘယ်မှာနေလဲ"

"ဆင်ခြေဖုံး ရပ်ကွက်တစ်ခုမှာ နေတယ်"

ဆင်ခြေဖုံးဆိုတာ ဘာလဲ၊ သုခမိန် မသိ။ ကြယ်စင့်ကိုလည်း မေးလို၍ ဘာမျှမမေးပဲ သိသလိုနှင့် နေလိုက်သည်။

"မင်း ဖုန်းနံပါတ် ပေးလို့ရမလား"

"ရတာပေါ့၊ ရှင်က ကြယ်စင့်သူငယ်ချင်း ဖြစ်သွားပြီပဲဟာကို ကြယ်စင်တို့ အိပ်မပျော်တဲ့ညတွေမှာ ဖုန်းပြောကြတာပေါ့"

ကိုယ့်ဆန္ဒကို ကြိုသိနေသည့် ပုံစံဖြင့်ဆိုတော့ အထူးတလည် သပ်ပြီး တောင်းဆိုမနေတော့။

ထိုညက ဝိုင်အတူတူသောက်ကြပြီး သူငယ်ချင်းတွေ ထားခဲ့ ခြင်းခံရသော ကြယ်စင့်အိမ်ကို သုခမိန်တို့ကားဖြင့် ညဆယ့်တစ်နာရီ ကျော်မှာ လိုက်ပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေဖုံးရပ်ကွက်ဆိုတာမသိသော သူ့ခမိန့် . အိမ်တွေပြွ
သိပ်ကြပ်ညပ်နေသော ကြယ်စင်နေသည့် ချောင်ကျကျနေရာလေးဟ
ဆင်ခြေဖုံးရပ်ကွက်ဆိုတာ သိခဲ့ရသည်။

ကြွေရုပ်ကလေးလို လှပတင့်တယ်သော ကြယ်စင့်ဘဝ ထို
ကြမ်းတမ်းရသလား။

မာမီခေါ်လာသော မိန်းကလေးတွေနှင့် ဘဝအဆင့်အတ
ချင်း အရမ်းကွာဟပေမယ့် အလှချင်းကတော့ ကြယ်စင်လင်းဆိုသ
မိန်းကလေးကို ဘယ်သူမှ ယှဉ်၍မရ။

ဆင်းရဲခြင်း၏ ရသကို ကြယ်စင် ဘယ်လိုခံစားရသလဲ၊ သ
ပုံစံကတော့ ကိုယ့်လို အချုပ်အချယ်မရှိ လုံးဝ လွတ်လပ်သော လိပ်
မလေး တစ်ယောက်လို ပျံဝဲချင်သည့်အချိန် ပျံဝဲခွင့်ရှိသည်။

သူ့မှာက မာမီလို ချုပ်ချယ်မည့်သူ မရှိ၊ လိုအပ်ချက်တွေ
အရိပ်လိုကြည့်ပြီး လိုက်လံဖြည့်ဆည်းပေးနေသော ကျေးကျွန်တွေ
သူ ဒီလိုအသက်ရှင် နေနိုင်ဖို့အတွက် ဘယ်လို ရှာဖွေစားသောက်သ
ကိုယ့်အိမ်က ရေချိုးခန်းလောက်တောင် မရှိသည့် အိမ်ကျဉ်းကျဉ်းလေ
ထဲမှာ ကြယ်စင် ဘယ်လိုနေထိုင်သလဲ။

ကြယ်စင်နှင့် ပတ်သက်သည့် သိချင်စိတ်တွေသည် အိမ်အပြ
လမ်းတစ်လျှောက်မှာ အာရုံထဲတွင် ပလုံစီလာသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"သား. . . ညကတရားပွဲမှာ ဘယ်လောက်လှူခဲ့သလဲ ကွယ်"

နံနက်ခင်း ကော်ဖီဝိုင်းမှာ မာမီက စတင်၍မေးသည်။ ဒယ်ဒီက ကော်ဖီသောက်ရင်း တရားပွဲသွားသော သူ့ခမိန်ကို အထူးအဆန်း သတ္တဝါလို ကြည့်သည်။

"တစ်. . တစ်သိန်းပါ မာမီ"

"ဆရာတော်က ဘယ်သူလဲ. . သား"

ဒီတစ်ခါ မေးသူက ဒယ်ဒီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်က. . ဆရာတော်ခေါက်တာ နန္ဒမာလာဘိဝံသ ပါ"

တရားနှင့် မစိမ်းထားသူမို့ ဒယ်ဒီ့အမေးကို ချက်ချင်းဖြေ လိုက်နိုင်သည်။

သီလနှင့်သူရ ထိုသို့အမေးခံရမည်စိုး၍ ဒယ်ဒီနှင့် မာမီရှေ့ သို့ မလာရဲကြ။

"သားက တရားပွဲတွေဘာတွေ သွားလို့ပါလားကွ၊ ငယ်ငယ် ရွယ်ရွယ်နဲ့ တရားအလုပ်လုပ်တာ ကောင်းလေစွ၊ သားငယ် ဒါပေမယ့် သားအနေနဲ့ ဖေဖေတို့ကို ဒယ်ဒီမာမီလို့ ခေါ်တာကြီးကတော့ ဖေဖေတို့ နားထဲမှာ စူးရှလှတယ်ကွဲ့ အင်မတန် အနောက်တိုင်း မဆန်နေလွန်း ဘူးလား"

မာမီ့ကို အထွန့်တက်ခဲ့ပေမယ့် ဒယ်ဒီ့ကိုတော့ အထွန့်မတက် ရဲ။

"သား ပြင်ပါ့မယ်ဖေဖေ၊ နိုင်ငံခြားမှာ ကျောင်းတက်အနေကြာ လာတော့လည်း ဟိုကဓလေ့တွေကို ဖျောက်ဖို့ ခက်နေလို့ပါ ဒယ်. . အဲ ဖေဖေ"

"ကြိုးစား ဖျောက်ကြည့်ပါ သားရယ်၊ မြန်မာဟာ မြန်မာပဲမို့ အနောက်တိုင်း ယဉ်ကျေးမှု ဓလေ့စရိုက် အခေါ်အဝေါ်တွေနဲ့ ဖေဖေ တို့မိသားစုရဲ့ နေထိုင်မှုပုံစံတွေက လုံးဝကို ဆန့်ကျင်နေပါတယ်"

"ဟုတ်ကဲ့ပါဖေဖေ သားကြိုးစားပါ့မယ်"

စကားအလွန်နည်းသော ဖခင်ကို သုခမိန် မော်တောင်မကြည့် ရဲ။

"ဒါနဲ့ သားအတွက် ကြင်ယာတော်ကိစ္စ၊ ဘယ်လိုစီစဉ်လဲ ရတနာ"

အစဖော်လာပြန်ပြီမို့ သုခမိန် စိတ်ရှုပ်သွားသည်။

"အဖေကြီးရဲ့ သားတော်မောင်က တစ်ပျောက်မှုကို သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျတော် မမူဘူးလေ၊ ဒီလိုကိစ္စမျိုး ဆိုတာကလည်း သူတို့ ဆန္ဒကသာ အဓိကဆိုတော့ မိဘတွေက ဘယ်လိုလုပ် ဖွတ်အတင်း စီစဉ်လို့ရမလဲ လေ"

"ဒါဆိုရင် သားမှာ ရွေးချယ်ထားတာများ ရှိလို့လား"

ဖခင်အမေးကို ခပ်သွက်သွက်ပင် ဖြေလိုက်သည်။

"မရှိပါဘူး ဖေဖေ၊ အရှင်းဆုံးပြောရရင် သား အဲဒီအိမ်ထောင် ရေး ကိစ္စတွေကို စိတ်မဝင်စားသေးပါဘူး"

သူ့ခမိန့်စကားကြောင့် မိခင်က မသိမသာ သက်ပြင်းချပြီး ဖခင် ကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"အေးလေ သား အိမ်ထောင်ပြုဖို့ အချိန်မတန်သေးဘူး ထင်ပါ ရဲ့၊ အရွယ်ရောက်နေပြီ ဖြစ်ပေမယ့် ဒီလိုကိစ္စတွေကို စိတ်မဝင်စားပဲ တရားထူးတရားမြတ်ကို ရှာဖွေတဲ့လမ်းကိုမှ လျှောက်ချင်တယ် ဆိုရင် တော့လည်း ဖေဖေတို့ဘက်က သားရဲ့အိမ်ထောင်ရေးကို ဖွတ်အတင်း မစီစဉ်ဘဲ သားဘက်က စိတ်ပါလာတဲ့အချိန်မှ စဉ်းစားပေ့ါ၊ အကယ်၍ ရာသက်ပန် စိတ်မဝင်စားဘူး၊ တရားမှဘက်မှာပဲ မွေ့လျော်မယ် ဆို ရင်တော့ ဒါဟာ ပါရမီထူးတာပဲမို့ ဖေဖေတို့မိဘတွေက သားကို ပါရမီ ဖြည့်ရမှာပေ့ါ၊ ဒါမှလည်း သားရော ဖေဖေနဲ့မေမေရော အပါယ်တံခါး ပိတ်မှာ မဟုတ်လား၊ ဖေဖေ သာဓုခေါ်ပါတယ်"

အထင်တွေ စွတ်ကြီးနေသော ဖေဖေ့စကားကြောင့် လိမ်ထား ရသည့်ကိုယ်မှာ စိတ်တွေမလုံတော့။

မနက်စာစားခြင်းကို အမြန်လက်စသပ်ကာ ထမင်းစားခန်းထဲမှ ထွက်ဖို့ ဟန်ပြင်လိုက်သည်။

ထိုစဉ် သီလ ထမင်းစားခန်းထဲ ဝင်လာသည်။

"သခင်လေး ဖုန်းလာနေပါတယ်"

သီလ လက်ထဲမှ ဖုန်းကိုယူ၍ ထူးလိုက်သည်။

ဟိုက်. . ဖုန်းက တခြားလူဆီက မဟုတ်၊ ကြယ်စင်လင်း ဆီက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဖြစ်သည်။

"ဟဲလို အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် သုခမိန်ပါ"

ကြယ်စင်မှန်း သိသိကြီးနှင့် မိဘတွေ ရှေ့မှာမို့ လူကြီးလူကောင်းပုံစံဖမ်းကာ ဖုန်းထူးလိုက်သည်။

"ဪ. . ဟုတ်ကဲ့ပါ၊ ကျွန်တော် နေ့လည်လောက် လာတွေ့ပါမယ်"

သုခမိန် ဖုန်းပြောနေခြင်းကို ဖေဖေနှင့်မေမေ အကဲခတ်နေသည်။ ဘယ်သူနှင့် ဖုန်းပြောနေသလဲပေါ့။

"ဪ. . . စိတ်ချပါဗျာ၊ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းကြတာပေါ့၊ ဟုတ်ပါပြီ ခင်ဗျာ. . ဟုတ်ပါပြီ၊ ဒါဆို. . ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်၊ နေ့လည်မှ တွေ့ကြတာပေါ့"

မှင်သေသေဖြင့် နေ့လည်တွေ့ရန် ချိန်းနေသူက ဘယ်သူများဖြစ်မလဲဟု သီလ သိချင်နေသည်။

"ဘယ်သူလဲ သား"

"ဪ. . ဒီလိုပါ မေမေ၊ ထောက်ကြံ့ဖက်မှာ စွန့်ပစ်ခံ အဖွားအိုနဲ့ အဖိုးအို စုစုပေါင်း ခုနစ်ယောက် တွေ့ထားပါတယ်တဲ့၊ အဲဒါ. . သားကိုပါ ဒီအဘိုးအဘွားတွေအတွက် ထောက်ပံ့နေရာချထားရေး စည်းရုံးတာပါ"

"ခုဆက်တာက ဘယ်သူတုန်း"

"NGO အဖွဲ့အစည်း တစ်ခုကပါ၊ သားက လူမှုပရဟိတ လုပ်ငန်းတွေကို စိတ်ပါဝင်စားလို့ အဲဒီအဖွဲ့နဲ့ ပူးပေါင်းပြီး မရှိဆင်းရဲသားတွေကို ကူညီထောက်ပံ့ပေးရေးအဖွဲ့တစ်ခု ဖွဲ့မလို့ စီစဉ်နေတာလေ၊ ဥပမာ တန်ဖိုးနည်း အိမ်ယာမျိုးတွေပေါ့"

"အမလေး ငါ့သားလေးက တကယ့်ကို သူတော်ကောင်းလေးပါလား၊ မေမေတို့တောင် ဒီလိုလုပ်ငန်းတွေလုပ်ဖို့ တစ်ခါမှ မစဉ်းစားမိဘူး၊ ရှိနေတဲ့ စည်းစိမ်ဥစ္စာတွေထက် ပိုတိုးပြီး ရှိလာအောင် ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သောဘနဲ့ပဲ လုပ်ငန်းသစ်တွေ တိုးချဲ့လုပ်ကိုင်ဖို့လောက်ပဲ စဉ်းစားနေကြတာ၊ သားလို မရှိဆင်းရဲသားတွေကို လှူဖို့တန်းဖို့ အတွေးထဲမပြောနဲ့ အိပ်မက်တောင် ထည့်မမက်ဖူးဘူး"

"ဘာပဲဖြစ်ဖြစ် ဒါဟာ အင်မတန် စိတ်ထားမွန်မြတ်တဲ့ သူတွေသာ လုပ်နိုင်တဲ့အလုပ်မို့ ဖေဖေကတော့ သားရဲ့စိတ်ဓါတ်ကို ချီးကျူးတယ်သား၊ ဒါကြောင့် သားရဲ့ ပရဟိတ လုပ်ငန်းအတွက် ငွေကို မငြိုးငြင်ပဲ လိုအပ်သလောက် ထုတ်သုံးပါလို့ ဖေဖေပြောချင်တယ်"

"ဒါဆိုရင် လှော်ကားကမြေကွက်တွေ သားကိုပေးပါလား ဖေဖေ"

ဖေဖေ့ဆီ အခွင့်အရေးရတုန်း ထိုလုပ်ငန်းလုပ်ဖို့ အစီအစဉ်ရှိပြီးသားမို့ တစ်လက်စတည်း တောင်းထားလိုက်ခြင်း ဖြစ်သည်။

"သားက အဲဒီမြေကွက်တွေကို ဘယ်လိုနေရာတွေမှာ အသုံးချမှာလဲ ဖေဖေ့ကို ပြောပါဦး"

"စွန့်ပစ်ခံ အဘိုးအဘွားတွေ မိဘမဲ့ပြီး စွန့်ပစ်ခံရတဲ့ ကလေးတွေကို စောင့်ရှောက်ရေး စင်တာလေး ဆောက်ချင်လို့ပါ ဒယ်ဒီ၊ အဲဒီ အဘိုးအဘွားတွေကို သူတို့ရဲ့ကျန်နေသေးတဲ့ သက်တမ်းအချို့ကို မပူမပင်ပဲ အေးအေးချမ်းချမ်း ကျော်ဖြတ်စေရမယ်၊ ကလေးတွေကိုတော့ သူတို့ရဲ့ ဘဝလေးတွေ ပန်းပွင့်လေးတွေလို လှပလန်းဆန်း လာစေဖို့ သားက ဥယျာဉ်မှူး လုပ်ပေးမယ်၊ မေတ္တာငတ်နေတဲ့ သူတို့လေးတွေကို မေတ္တာတွေပေးမယ်၊ သူတို့ ပညာတတ်တွေဖြစ်အောင် ပညာတွေ သင်ပေးမယ်၊ အတတ်ပညာတွေပေးမယ်"

ရင်ထဲမှ စစ်မှန်သော ဆန္ဒတွေမို့. . ဒါဟာ လိမ်ပြောနေခြင်းတော့ မဟုတ်ပါ။ တစ်နေ့နေ့တစ်ချိန်ချိန် အမှန်တကယ် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်လေးတစ်ခုဖြစ်သည်မို့ တကယ့်စိတ်ရင်းမှ ခံစားပြောနေခြင်း ဖြစ်သည်။

ဖေဖေ့မျက်နှာမှာ ပီတိရိပ်တွေ ထင်ဟပ်နေသည်မှာ သိသာ



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည်။ မေမေကတော့ ငြိမ်ပြီး နားထောင်နေသည်။

ကိုယ်လည်း အပြောနှင့်ပင် ပီတိတွေ စိမ့်နေလိုက်တာ ဖြေ ဖွယ်ရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"သခင်လေး စောစောက ပရဟိတလုပ်ငန်းတွေက တဘယ်လား၊ ဘယ်ကဘယ်လို အဆက်အသွယ် ရသွားတာလဲ၊ ကျွန်တော်တို့တောင် မသိရပါလား"

"မသိဆို ခုမှမဟုတ်သေးတာ၊ ငါ ဖြစ်ချင်နေတဲ့ စိတ်ကူးအိပ်မက်တွေကို တလက်စထဲ အကောင်အထည် ဖော်လိုက်တာလေ၊ အခုလျှော်ကားက အကွက်တွေကို ဖေဖေက ငါ့ကို သုံးဖို့ပေးလိုက်ပြီ၊ အဲ့ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ သိပ်မဝေးတော့ဘူး"

"ဒါဆို စောစောက ဖုန်းဆက်တာကရော"

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင် ဆက်တာလေ၊ သူက နေ့လည် တို့သွားတဲ့ ကလပ်နားက ကော်ဖီဆိုင်ကို လာခဲ့ပါလို့ခေါ်လို့ သွားတွေ့မလို့၊ ဖေဖေတို့ မေမေတို့ ရှေ့မှာဆိုတော့ စာခြားအကြောင်းအရာနဲ့ လမ်းကြောင်းလွှဲလိုက်တာ ရှင်းလား"

သီလရော သူရပါ သုခမိန်၏ လှည့်ကွက်ကို သဘောတွေကျတာ တဟားဟားဖြင့် ရယ်လိုက်သည်။ သူရ ရယ်နေရင်းမှ . . .

"ဒါဆိုရင် သခင်လေး နေ့လည် အပြင်ကို ထွက်လို့ရပြီပေါ့"

"ဒါပေါ့ . . တစ်ချက်ခုတ် နှစ်ချက်ပြတ် ဂွင်ဖန်လိုက်တာလေ၊ ကြယ်စင်လေးနဲ့ အေးအေးဆေးဆေး တွေ့လို့ရပြီ"

"သခင်လေး အဲဒီမိန်းခလေးကို ဘယ်လိုမြင်လဲ"

"ပွင့်လင်းတဲ့ မိန်းကလေးလို့ မြင်တယ်၊ နောက်ပြီး အရမ်းလှတယ်လို့ စိတ်ထဲမှာ ခံစားရတယ်၊ နောက်ပြီး . . ငါမြင်ခဲ့ဖူး တွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ သူက ဆင်းရဲတယ်၊ ဒါကြောင့် သူ့ကိုသနားတယ်၊ သူ့နေထိုင်မှုပုံစံကို ငါသိချင်တယ်"

"သိပြီးဘာလုပ်မလို့လဲ သခင်လေးရယ်၊ ဒီကိစ္စကို ကြီးမေ သိရင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ကောင်းကောင်းအထောင်းခံရမှာ"

"မေမေတို့ ဘယ်လိုမှ မသိနိုင်ပါဘူးကွာ၊ စိတ်မပူပါနဲ့"

"အဲလိုပဲ ဆုတောင်းရမှာပဲလေ၊ ဒါပေမယ့် သခင်လေးကို သတိတော့ ပေးချင်တယ်"

"ဘာလဲ"

"ခုမှတွေ့တဲ့ မိန်းကလေးမို့ သိပ်ပြီး စိတ်ထဲမနှစ်ပါနဲ့၊ လူ့စိတ်ဆိုတာ ကိုယ်က ကြိုမြင်နိုင်တာ မဟုတ်ဘူး"

သီလ စိတ်ပူ၍ သတိပေးသည်။

"ဒါပေမယ့် ငါ သူ့ကိုခင်သွားပြီကွ၊ သူ့ရဲ့ ပွင့်လင်းရိုးသားတဲ့ဟန်တွေက ငါ့စိတ်ထဲမှာ ချစ်ဖို့ကောင်းနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေကို စိတ်မဝင်စားသော သခင်လေး ဘာကြောင့် ကြယ်စင်လို မိန်းကလေးမျိုးကို အရေးတယူ ရှိနေရပါလိမ့်။

သူရရော သီလရော ကြယ်စင့်ကို သဘောမကျတာတော့ အ ဝင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

"သီလ . ."

"ဗျာ . . ကြီးကြီးမေ"

"လာဦး . ."

"ဟုတ်ကဲ့ လာပါပြီ"

ကားသန့်ရှင်းရေးလုပ်နေသော သီလမှာ ဒေါ်ခင်ရတနာ၏ ခေါ်သံကြောင့် လုပ်လက်စအလုပ်ကိုရပ်ကာ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

"ဘာခိုင်းစရာရှိလို့လဲ ကြီးကြီး"

"မင်းရဲ့သခင်လေး မနက်က ပြောနေတဲ့ကိစ္စတွေက အမှန်



www.burmeseclassic.com

www.burmeseclassic.com



သား"

"ဗျာ. ."

ဘာဖြေရမှန်းမသိ၍ ဗျာလိုက်ခြင်း ဖြစ်သည်။ တကယ်ဆို. . သခင်လေး ကြယ်စင်နှင့် သွားတွေ့မှာကို သိလ သဘောမကျပေမယ့် ခုချိန်မှာ အမှန်အတိုင်း ပြော၍မဖြစ်သေး။

"ဘာဗျာလဲ၊ မင်းကိုငါမေးနေတာ၊ သားလေး မနက်ကပြောတဲ့ ရေပတိတလုပ်မယ့်ကိစ္စက တကယ်လားလို့ မေးတာ"

"ဟုတ်. . ဟုတ်ကဲ့၊ တကယ်ပါ ကြီးကြီး"

"အေး. . ဒါဆိုရင် ပြီးရော၊ ဒီရက်တွေမှာ သားကို ကြည့်ရတာ စိတ်တစ်မျိုး ဖြစ်နေတယ်၊ သူ အမှားတစ်ခုခု လုပ်မှာကို စိတ်ထဲမှာ ပူနေတယ်"

မိခင်တစ်ယောက်၏ မေတ္တာတရားမှ ဆင့်ကဲ့ပေါက်ဖွားလာသော စိုးရိမ်ပူပန်စိတ်က အကြားအမြင် ရနေသည့်နှယ်၊ ကြီးကြီးပူမယ်ဆိုလျှင်လည်း ပူစရာပင်။

သို့သော် ခုချိန်မှာ ဖွင့်ပြော၍တော့ မဖြစ်နိုင်သေး၍ မညာဝံ့သော်ငြားမယ့် အရဲစွန့်၍ ညာလိုက်ရခြင်း ဖြစ်သည်။

"ကျွန်တော်နဲ့သူရ သခင်လေးကို ဘာအမှားမှ မလုပ်မိအောင် စောင့်ရှောက်မှာပါ ကြီးကြီး"

"အေးပါ မင်းတို့ကိုတော့ ယုံပါတယ်၊ သားလေး လုပ်ရပ်တွေ ပြောသလို ဟုတ်မှာပါလေ၊ ကဲ. . ကဲ. . သွားလုပ်စရာရှိတာ သွားလုပ်တော့၊ ဒီအကြောင်းတွေ ငါမေးတာကို သားကို ပြန်မပြောနဲ့နော်"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ကျွန်တော် ပြန်မပြောပါဘူး"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ရှင် လာသွားပဲ သုခမိန်၊ ကြယ်စင်က ရှင့်လို မြင့်မြတ် တော်ဝင်မင်းသားတစ်ယောက်က ကြယ်စင့်လို ဆင်းရဲနုံချာတဲ့ မိန်း လေးတစ်ယောက်ဆီ အဖက်လုပ်ပြီး လာမတွေ့ဘူးလို့ ထင်တာ"

ကော်ဖီဆိုင်တွင် ကြိုရောက်နှင့်နေသော ကြယ်စင့်ထံမှ သ ငယ်သော စကားကြောင့် သုခမိန် ပြုံးလိုက်သည်။

"ကိုယ်က မာနကြီးတဲ့သူမှ မဟုတ်တာ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ရှင့်ရဲ့ ကြင်နာသ



www.burmeseclassic.com

www.burmeseclassic.com



ဘတ်တဲ့စိတ်က ရှင့်မျက်နှာမှာ ပေါ်လွင်နေတာပဲ"

သုခမိန် ကြယ်စင့်ရှေ့မှာ ဝင်ထိုင်လိုက်သည်။ အဆောင်အယောင်တွေ မြူတစ်မှုန်စာတောင်မရှိသော ကြယ်စင်၏ ပကတိ ရိုးသားသော အလှသည် ကာလပ်မီးရောင်အောက်မှာထက်ပင် ပို၍လှသေးသည်။

"ဒါနဲ့ ကိုယ့်ကို ဖုန်းဆက်ခေါ်တဲ့ အကြောင်းအရင်းက ဘာလဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ ကြယ်စင်က စိတ်ညစ်ရင် တစ်ယောက်ထဲ ဟိုသွားဒီသွား သွားတတ်တယ်လေ၊ ဟိုညက အိမ်အထိ လိုက်ပို့ပေးလို့ စိတ်ထဲမှာ ဖော်မပြတတ်အောင်ကို ကျေးဇူးတွေ တင်နေတာလေ၊ အဲဒါကြောင့် ရှင့်ကို ကော်ဖီလေးနဲ့ ကျေးဇူးဆပ်ချင်တယ်"

ဘာမှ ရေးကြီးခွင်ကျယ် ကိစ္စမဟုတ်၊ သို့သော် မိန်းကလေးတစ်ယောက်က ခုလို မှတ်မှတ်ရရ အရေးပေး ဆက်ဆံခံရသည်မှာ. . ခုအကြိမ်ဟာ ပထမဆုံးအကြိမ် မဟုတ်ပေမယ့် အကြိမ်ရေများစွာထဲမှာမှ ထိုတစ်ကြိမ်လေးကိုတော့ ရင်ထဲမှာ ကြည်နူးမိသည်။

"အင်းလေ. . ဒီလိုချိန်းတော့လည်း တွေ့ရတာပေါ့၊ ငါလည်း ခင်းကို နောက်တစ်ကြိမ် ထပ်တွေ့ချင်နေသေးတာ"

"ဘာဖြစ်လို့"

"မင်းနဲ့ စကားပြောရတာ စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားသလို ခံစားရတယ်၊ ငါက မွေးကတည်းက ဂုဏ်တွေငွေတွေထဲမှာ ကြီးပြင်းခဲ့ရတယ်၊ ငါ့ကို ခင်တဲ့သူတွေအားလုံး ငါ့ကို လက်ထပ်ချင်တဲ့ သူတွေအားလုံးက ငါ့ပစ္စည်း ငါ့ထည်ဝါမှုတွေကို မက်လို့ ငါ့ကို ချဉ်းကပ်ချင်ကြတာ"

သုခမိန် စကားကြောင့် ကြယ်စင် အကြည့်တွေကို ခပ်ဝေးဝေးသို့ ပို့လိုက်ပြီး. . .

"ကြယ်စင်ကတော့ အဲဒီမိန်းကလေးတွေ စာရင်းထဲမှာ မပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်. . ရှင့်ကို လုံးဝစိတ်မဝင်စားဘူး၊ အဲ ဘော်ဒါတစ်ယောက်လို ခင်မင်ရုံက လွဲပြီးပေါ့၊ လောကမှာ ကြယ်စင်ချစ်တဲ့ယောက်ျား ခုထိ မမွေးသေးဘူးထင်တယ်၊ ယောက်ျားတွေကို ချစ်စရာလို့ကို မထင်တာ"

ပေါ်တင်ကြီး ကပ်ဖွဲ့နေသောကြောင့် ကြယ်စင့်စကားကို စိတ်မဆိုးသော ရယ်ခြင်းမျိုးဖြင့် ရယ်လိုက်ပြီး. . .

"စိတ်ချပါ၊ ကိုယ်ကလည်း ကြယ်စင့်ကို ချစ်ရေးမဆိုပါဘူး"

သုခမိန် စကားကြောင့် ကြယ်စင့်ဆီမှ အကြည့်တစ်ခု ဖျတ်ခနဲ ရောက်လာသည်။

"စိတ်မဆိုးနဲ့နော်၊ ကြယ်စင်က ရင်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ပါ၊ ဒါနဲ့ ဒီညရော ရှင် ကလပ်ကို လာဦးမှာလား"

"မင်း သွားမှာမို့လား"

ကြယ်စင် ကော်ဖီတစ်ငုံငုံရင်း ခေါင်းခါပြသည်။

"ဟင့်အင်း. . ကြယ်စင်က အဲဒီကို ဘယ်လိုလုပ် နေ့တိုင်းသွားနိုင်မှာလဲ သုခမိန်ရယ်၊ မနေ့ညက ကလပ်ထဲရောက်လာတယ်ဆိုတာ သူငယ်ချင်းတွေခေါ်လို့ လိုက်လာတာ၊ ကလပ်သွားတယ်ဆိုတာ ငွေရှိမှ သုံးနိုင်ဖြုန်းနိုင်မှာလေ၊ သူငယ်ချင်းတွေကလည်း ညကကိစ္စကိုတင်းပြီး နောက်တစ်ခါ ကလပ်ကို ဘယ်တော့မှ ဒကာခံပြီး ခေါ်မှာမဟုတ်တော့ဘူး"

"ကိုယ်လဲ ဒီအတိုင်းပါပဲ၊ ကလပ်ကို သွားချင်တိုင်း သွားခွင့်မရှိဘူး၊ အဲဒီညက မေမေမသိအောင် ခိုးသွားရတာ"

ထိုစဉ် ကြယ်စင့်ဆီမှ ဖုန်းမြည်လာသည်။

"ခဏနော်၊ ဖုန်းပြောလိုက်ဦးမယ်"

ကြယ်စင် ဖုန်းထူးလိုက်သည်။ သုခမိန် သူ့အတွက် အဆင်သင့် မှာပေးထားသော ကော်ဖီကို မော့သောက်လိုက်သည်။

"ဟဲလို. . ဟုတ်ကဲ့ အန်တီဆွေ၊ ရှင် ဘယ်လို မေကြီး မူးလဲလို့ ဟုတ်လား၊ ဟုတ်ကဲ့ ဒါဆို ကြယ်စင် ခုချက်ချင်း ပြန်လာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောနေရင်း ထိတ်ထိတ်ပျာပျာဟန်ဖြစ်သွားသော ကြယ်စင့်ကိုကြည့်ပြီး သုခမိန်ပါ စိတ်ပူသွားကာ. . .

"မင်းအဖေ ဘာဖြစ်လို့လဲ ကြယ်စင်"

"ဖေကြီး မူးလဲလို့တဲ့ ဒုက္ခပါပဲ၊ ကြယ်စင် ခုပဲ ပြန်ရတော့မယ်"

ကော်ဖီပင် ကုန်အောင်မသောက်နိုင်တော့၊ ထိုင်ရာမှ ခပ်သွက်သွက်ထကာ ပြန်ဖို့ပြင်နေသော ကြယ်စင်၏ အထိတ်တလန့် အမူအယာကြောင့် သုခမိန်ပါ ထိုင်ရာမှ ထလိုက်သည်။

"မင်းအိမ်ကို ပြန်မှာလား၊ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဒါဆိုရင်တော့ ပိုကောင်းတာပေါ့"

ကြယ်စင် ခပ်သွက်သွက် ထွက်သွားရာနောက်သို့ သုခမိန်ပါ လိုက်လာလိုက်သည်။ ကော်ဖီဆိုင်ရှေ့ရှိ ကားထဲတွင် သီလနှင့်သူရ ထိုင်စောင့်နေရာမှ ဝရုန်းသုန်းကား ထွက်လာသော ကြယ်စင်နှင့် သုခမိန်ကိုမြင်ပြီး အံ့ဩနေကြသည်။ ဘာဖြစ်လာကြတာလဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"ငွေကြယ် ညည်းအဖေ မူးလဲလို့"

အိမ်ရှေ့ကို ကားရပ်ရပ်ချင်း အိမ်ထဲမှထွက်လာသော ဒေါ်ခင်မြ လှမ်းပြောသည်။

"ဟုတ်ကဲ့. . ဒေါ်ခင်မြ၊ ငွေကြယ် ခုပဲ ပြန်လာတာလေ၊ အခု ဖေကြီး ဘယ်လိုနေလဲ"

"နည်းနည်းတော့ သက်သာပါတယ်"

အိမ်ရှေ့ကုလားထိုင်ပေါ်တွင် မှိန်းနေသော အသားဝါဝါးဆယ် အရွယ် လူကြီးဘေးတွင် ငွေကြယ် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး မူးသေးလား၊ ဘယ်လိုနေသေးလဲ"

"သက်သာပါတယ် မီးရယ်၊ ညက တစ်ညလုံး မအိပ်ရတော့ ...နက် နည်းနည်းနားရမှာကို မနားပဲ အလုပ်သွားလုပ်မိတော့ ခုလို ...ပြီပေါ့"

"ဒါကြောင့် ဖေကြီးကို ဘာမှမလုပ်နဲ့တော့လို့ ပြောတာပေါ့"

"ဩော် . မီးရယ်၊ မလုပ်ရင် ဖေကြီးတို့ ဘာနဲ့သွားစားကြမ ..."

"မီး အလုပ်လုပ်မှာပေါ့လို့"

"ဩော် . ဒါနဲ့ ညှော်သည်တွေ ပါလာတာပဲ၊ မီးရေ ဖျာလေး ...လေး ခင်းပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဖေကြီး"

ကြယ်စင်ထကာ ခေါင်းရင်းထရံတွင် ကပ်ထောင်ထားသော ...တစ်ချပ်ကိုယူ၍ ခင်းလိုက်သည်။

"သုခမိန် ထိုင်လေ"

သုခမိန် ခင်းပေးသော ဖျာပေါ်တွင် တက်ထိုင်သည်။ သီလနှင့် ...ရတို့ကတော့ မထိုင်၊ ခပ်လှမ်းလှမ်းတွင် ရပ်နေကြပြီး ဆင်းရဲစုတ် ...လွန်းသော တဲအိမ်သာသာ အိမ်လေးကိုကြည့်ပြီး စိတ်အနည်းငယ် ...တ်နေကြပုံပင်။

ကြယ်စင်ကလည်း သူတို့နှစ်ဦးအား အထူးတလည် ထိုင်ပါဟု ...ပြော။

"ဖေကြီး သူက သုခမိန်တဲ့ ကြယ်စင့်သူငယ်ချင်း အသစ်လေ"

"သုခမိန် ဒါ ကြယ်စင့် အချစ်ဆုံးဖေကြီးပေါ့၊ နာမည်က ဦး ...ဘုန်းနီတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ငါ့တူရယ်"

"ဟုတ်ကဲ့ပါ၊ ဝမ်းသာပါတယ် ဦး"

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မိတ်ဆက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြယ်စင်. . ကြယ်စင်ရှိလားဟေ့"

အသံ ခပ်ကြွမ်းကြွမ်းဖြင့် လှမ်းအော်ပြီး အိမ်ပေါ်တက်သော အမျိုးသမီး တစ်ယောက်ကြောင့် သုခမိန် ထိုင်ရာမှ တွန့်ခနဲ ဖြစ်သွား သည်။

ကြယ်စင် မျက်စိမျက်နှာပျက်ဖြင့် ကြည့်ပြီး. . .

"အစ်မ. . ရီမာ"

"အေး. . အစ်မရီမာ မလုပ်နဲ့၊ ဘယ်မှာလဲ ငါ့ကို ဆပ်မယ့် ပိုက်ဆံအကြွေး၊ နေ့ရွှေ့ညရွှေ့နဲ့ ညည်း ဘယ်လိုလုပ်နေတာလဲ၊ ဟ ငါ့ကို အရူးလုပ်နေတာလား"

"မလုပ်ပါဘူး အစ်မရီမာရယ်. . ဖေကြီး နေမကောင်းလို့ နောက်ပြီး ဖေကြီးရဲ့ လစာကလည်း ထုတ်မှမထုတ်ရသေးတာ၊ လ ကုန်လို့ လစာထုတ်ရင် ကြယ်စင် ချက်ချင်းလာပေးပါ့မယ်"

"ညည်းအဖေလစာ နှစ်ပဲခြောက်ပြားက ငါ့အကြွေးဆပ်လို့ ကျေမလား၊ ညည်းတို့ရဲ့ ဆပ်ရမယ့် အကြွေးက ဆယ်သိန်းလေ"

ထိုအမျိုးသမီး ပုံစံက သုခမိန် ရှိနေတာကိုပင် မရှောင်၊ ကြယ် စင် မျက်နှာငယ်ဖြင့် ထိုအမျိုးသမီးကို ကြည့်ကာ. . .

"အစ်မရယ် ဒီမှာ ဧည့်သည် ရှိနေလို့ပါ၊ အဖေကလည်း နေမ ကောင်းလို့ပါ၊ ညီမတောင်းပန်ပါတယ်"

"မလိုချင်ဘူး၊ ညည်း တောင်းပန်ပေါင်းများပြီ၊ သူများ သောက် ကြွေးယူပြီး ခုလို နေ့ရွှေ့ညရွှေ့ လုပ်လို့ရမလား"

သုခမိန် တစ်ခါမှ မကြားဖူးသော စကားလုံး ရိုင်းရိုင်းတွေ ပြောဆိုနေသော အကြွေးတောင်းပွဲကိုကြည့်ပြီး တော်တော်ငေး ထူ ဆန်းနေသည်။

ကြယ်စင့်ကိုလည်း သနားလိုက်သည့်ဖြစ်ခြင်း သူ့အခက်အ ခဲကို ဖြေရှင်းပေးချင်သည့် ဆန္ဒက ရင်ထဲမှာ အပြင်အမာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အဒေါ်ကြီး ခင်ဗျားအကြွေး မဖြစ်စလောက်လေးကို ဘာလို့ လူကြားအောင် လာအော်နေရတာလဲ၊ ခင်ဗျားမှာ ယဉ်ကျေးမှု ရှိဘူးလား"

မနေသာတော့သည့်အဆုံး စိတ်ထဲရှိသည့်အတိုင်း လွှတ်တင် လိုက်သည်။ ဒေါသဖြစ်နေသော ထိုအမျိုးသမီး သုခမိန်ဘက်လှည့်ကာ

"မင်းကဘာလဲ၊ သူ့ရဲ့ စပွန်ဆာလား၊ ဒါဆိုရင်တော့ ငါလည်း သကုန်မခံဘူး၊ ခုချက်ချင်းထုတ်ပေးလေ၊ ငါ့ငွေနဲ့ငါ အမုန်းခံရတဲ့ အလုပ် ဘယ်သူမှ မလုပ်ချင်ဘူး. . ရှင်းလား"

"ပေးမယ်. . ပေးမယ်၊ ဒါကြောင့် ခင်ဗျားရဲ့ ခွက်ခေါက်နေတဲ့ အသံကြီး ခုချက်ချင်းရပ်လိုက်၊ ဒီမှာ နေမကောင်းနေတဲ့ လူမမာ ရှိ တယ်ဗျ၊ ခင်ဗျား တော်တော်ရိုင်းစိုင်းတယ်"

ဦးကျော်နီကို လက်ညှိုးထိုးပြပြီး အကြွေးရှင် မိန်းမကြီးကို လက် ညှိုးငေါက်ငေါက်ထိုးပြီး ပြန်ရန်တွေ့လိုက်သည်။

သီလနှင့်သူရ မျက်လုံးအပြူးသားဖြင့် ကြည့်နေ၏။ သူတို့ သခင်လေး ခုလိုရင်းနှီးသော အပြောအဆိုမျိုး ဘယ်သူ့ကိုမှ မပြောခဲ့ ဘူး ခုတော့ မိန်းကလေးတစ်ယောက်လို ရန်တွေ့နေပုံက ရယ်စရာပင် ကောင်းသေးတော့၏။

"သခင်လေး စိတ်ထိန်းတော်မူပါ"

"မထိန်းဘူး၊ သူများအိမ်ပေါ်ကို အရိုင်းအစိုင်းစိတ်နဲ့ ခုလို လာပြီး ရန်ဖြစ်တာ သိပ်ရိုင်းတယ်၊ သီလ သူ့ကို ဆယ်သိန်းတန်ချက် တစ်စောင် ပေးလိုက်"

"ဗျာ. . "

"မဗျာနဲ့"

"ဟို. . ဟိုလေ. . သူ. . သူတို့ ကိစ္စက သခင်လေးနဲ့ မဆိုင် ဘူးလေ"

"ဟုတ်တယ်လေ သခင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူရနှင့် သီလက ခပ်တိုးတိုး ဝင်တားနေပေမယ့် ကြယ်စင်နှ
သူ့အဖေကြီး ဆိုသူကတော့ လောဘတွေတက်နေသည့် မျက်နှာ
ဖြင့် နေမကောင်းဘူးဆိုသည့် ခန္ဓာကိုယ်က ငေါက်ခနဲ မတ်သွားသည်
"မရှည်နဲ့၊ ငါ့မှာရှိတဲ့ စည်းစိမ်တွေထဲက ဒီလောက်ငွေလေး
ထုတ်ကူညီလိုက်လို့ ဘာဖြစ်သွားမှာမို့လဲ၊ ခုချက်ချင်း စီစဉ်ပေးလိုက်
သီလနှင့်သူရ အိုဗာတွေဖြစ်နေသော သုခမိန်ကိုကြည့်ပြီး. .
ခေါင်းတွေကုတ်နေကြသည်။
ငွေ ဆယ်သိန်းဆိုတာ နည်းတဲ့ငွေလား။
"ရပါတယ် သုခမိန်ရယ်၊ ကြယ်စင့်ကြောင့် ရှင့်ငွေတွေ ထုတ်
သုံးပါနဲ့၊ ကြယ်စင့်ကိစ္စ ကြယ်စင်ရှင်းပါ့မယ်"
ကြယ်စင် ဟန်ဆောင်ပန်ဆောင် ငြင်းရှာသည်။
"မင်း မရှင်းနိုင်လို့ ဒီမိန်းမကြီး ခုလိုအိမ်ပေါ်တက်ပြီး သော
ကျန်းနေတာပေါ့၊ ဘာမှအားမနာနဲ့၊ ကိုယ်ရှင်းပေးတာကို ကြည်ကြည်
ဖြူဖြူနဲ့ လက်ခံလိုက်ပါ"
"ပေး. . . ခုချက်ချင်း ထုတ်ပေးလေ၊ ငါကလည်း ငါ့အကြွေ
သာရလို့ကတော့ တံတွေးတောင် လှည့်မထွေးဘူး၊ အေး. . မပေးရင်
တော့ ငါ့အကြောင်း သိတယ်နော်၊ ရီမာတို့ ဒီရပ်ကွက်ထဲမှာ ငွေတိုး
စားလာတာ ဆယ်စုနှစ်တစ်စု ကျော်လာပြီ၊ တစ်ခါမှ မရှုံးဖူးဘူး၊ အ
အရှုံးခံမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမယ်၊ ကိုယ့်အကြွေးရဖို့ဆိုရင် လူ
သတ်ဖို့လည်း ဝန်မလေးဘူး"
အခြေအနေက ပိုပြီးတင်းမာလာသည့် အနေအထားမို့. .
သုခမိန် ဆက်ပြီးသည်းမခံနိုင်တော့၊ သီလနှင့် သူရကလည်း ချက်လ
မှတ်ထုတ်မပေးဘဲ ပေရပ်နေကြသဖြင့် သုခမိန် မနေသာတော့၊
ထဲမှ စိန်လက်စွပ်ကိုချွတ်ကာ. .
"ဟော့ မိန်းမကြီး၊ ရော့ ဒီလက်စွပ်ယူထား၊ ဒါ သိန်းတစ်ရာတ
တယ်၊ ကျွန်တော် ဘဏ်မှာငွေထုတ်ပြီးရင် အဲဒီလက်စွပ် လာပြန်ရွေ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟာ. . သခင်လေး မလုပ်နဲ့. . မလုပ်ပါနဲ့၊ ဒီလက်စွပ်က ဒီလောက် တန်ဖိုးကြီးတာ"

သူရနှင့်သီလ ကမ်းပေးနေသော သုခမိန်လက်ထဲမှ လက်စွပ်ကို အတင်းဝင်လုကြသည်။ လောဘမျက်နှာဖြင့် လှမ်းယူမည့်ဆဲဆဲ မိန်းမ၏ လက်တွေတောင် တွန့်သွားသည်။

"ပေးမယ်၊ ကျွန်တော်တို့ ခုပဲ ချက်(ခ်)ပေးလိုက်ပါတော့မယ်၊ သခင်လေးရဲ့ လက်စွပ်ကိုတော့ ပြန်ဝတ်ထားပေးပါဗျာ၊ တောင်းပန်ပါတယ်"

"ဒါဆိုရင် ခုချက်ချင်း စီစဉ်ပေးလိုက်၊ ကြယ်စင့်ကို ရန်စောင်နေတဲ့ ဒီမိန်းမကြီးမျက်နှာကို ငါ မကြည့်ချင်ဘူး"

"ဟုတ်ကဲ့. . ဟုတ်ကဲ့ပါ၊ စီစဉ်ပေးပါ့မယ်"

သီလနှင့်သူရ မတတ်သာသည့်အဆုံး ကြယ်စင့်အကြွေးအတွက် ချက်တစ်စောင်စီစဉ်ပေးလိုက်ရသည်။

ကြယ်စင်နှင့် ဦးကျော်နီအတွက်တော့ သုခမိန်ဟာ ဖန်ဆင်းရှင်နတ်သားလေး တစ်ပါးပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဘယ်လိုလဲကြယ်စင် ငါ သရုပ်ဆောင် ပိုင်တယ်မဟုတ် လား၊ ဟိုသူဌေးသား တစ်ခါတည်းကို နင့်အတွက် ကြွေသွားတော့တာ ပဲ"

"ဒါပေ့ါ မရီမာရယ်၊ ကြယ်စင်ကလည်း ဒီယုန်မြင်လို့ ဒီခြုံထွင် လိုက်တာပေ့ါ၊ သူက ကြယ်စင်တို့အတွက် အကြီးမားဆုံး ငွေတွင်းကြီး ကဲ. . အခု မရီမာက အကျိုးဆောင်ပေးခ တစ်သိန်းယူ၊ ကြယ်စင်က တော့ ရှော့ပင်လေး နည်းနည်းထွက်လိုက်ဦးမယ်"

သူခမိန်ဆီမှရလိုက်သော မြိုးမြိုးမြက်မြက်ငွေလေးကို ခွဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



နေသော ကြယ်စင်နှင့် ရီမာတို့ မျက်နှာပေါ်မှာ ငွေကို လွယ်လွယ်ရနိုင်သည့် နည်းလမ်းတွေ အဆက်မပြတ် စဉ်းစားနေကြပုံပင်။

"နောက်ထပ်တစ်ဂွင်ကို ဘယ်လိုဖန်တီးဦးမလဲ ကြယ်စင်၊ ငါ့ကိုတော့ သူတကယ်ယုံပြီး တော်တော်လေးလဲ သနားသွားပုံပဲ"

"ဟုတ်တယ် ဖေကြီး၊ ခုလောလောဆယ် ဒီငွေလေးနဲ့ အသက်ဆက်ကြသေးတာပေါ့၊ ကုန်လုခါနီးကျရင် တစ်ခုထပ်ပြီး ဖန်တီးကြတာပေါ့၊ သူတို့က တော်တော်လေးချမ်းသာပုံပဲ၊ သူ့မိဘမျိုးရိုးက တော်င်မျိုးနွယ်တွေတဲ့၊ စီးပွားရေးလုပ်ငန်းတွေ အများကြီး ပိုင်တယ်၊ သူက စ်ဦးတည်းသား၊ ပိုင်ဆိုင်မှုအားလုံး သူ့လက်ထဲကို အကုန်ရောက်. . ."

"ဘာပဲဖြစ်ဖြစ်၊ အဲဒီဂွင်ကိုတော့ အလွတ်ခံလို့ မဖြစ်ဘူး၊ တို့အတွက်တော့ ရွှေတုံးကြီးတွေ ဖန်ဆင်းပေးမယ့် မှော်နတ်သားလေးပဲ"

"မှော်နတ်သားလေးရှိတိုင်း အလွန်အကျွံတွေ သုံးနေလို့ မဖြစ်နော်၊ အခွင့်အရေးဆိုတာ ကိုယ့်ဆီကို နှစ်ခါပြန်မလာဘူး၊ ရပေါက်လမ်းလေးရှိတုန်း လက်ဆုပ်လက်ကိုင်လေးရှိအောင် စုကြဆောင်းကြ

"အင်းပါ. . မရီမာရယ်၊ ခုရတာက ပါးပါးလေးပါ၊ နောက်တစ်ခါက်ကျမှ အချိုကြီးလုပ်မှာ အဲဒီကျရင်တော့ စုသင့်တာ စုရမှာပေါ့"

ပေါ့ပေါ့နေ ပေါ့ပေါ့စားကာ မတော်မတရား ရပေါက်ရလမ်းကို ဖန်တီးပြီး အသက်ဆက်နေကြသော ဦးကျော်နီနှင့် ကြယ်စင်ကတော့ ဘဝကို ပေါ့ပေါ့လေးတွေးပြီး ပေါ့ပေါ့ပါးပါးပဲ ပုံဖော်ကြသည်။

"မှော်နတ်သားလေးက ချောတာတော့ တော်တော်ချောတယ်၊ ဒေါ်သလေးထွက်နေတာတောင် ကြည့်လို့ကောင်းတယ်၊ ကြယ်ကို တော်တော်ကြွေနေပုံရတယ်"

"ဒါပေါ့၊ ကြယ်စင့်ကို အဲလိုကြွေလေ၊ တို့အတွက် အခွင့်အရေးလို့ ပိုကောင်းလေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com


ဦးဂျော်နီ ကြယ်စင့် ဆံနွယ်ခွေခွေလေးကို တို့ထိဆော့ကစားရင်း တဟားဟား အော်ရယ်လိုက်သည်။

ကြယ်စင့်အလှတရားတွေဟာ သူ့အတွက်တော့ ငွေထုတ်စက်ကြီးပေါ့။

ဘဝတစ်သက်စာ မကုန်သော အလှတရားတွေကို ပိုင်ဆိုင်ပြီး လိုသလို အသုံးချခွင့်ရှိသည့် အခွင့်အရေးမို့ ကိုယ့်လောက်ကံကောင်းတဲ့သူ ရှိပါဦးမလား။

အရုပ်ဆိုတာ လှတယ်ဆိုပြီး မတို့ရက်မထိရက်နှင့် မှန်ဘီရိုထဲ ထည့်သိမ်းထားရုံနှင့် သူ့ရဲ့သစ်လွင်မှုနဲ့တန်ဖိုးက လျော့မသွားဘဲ တက်လာမှာလား၊ ခုလို အကျိုးရှိရှိလေး ထုတ်အသုံးချတော့ သူများလည်း အကျိုးရှိ ကိုယ်လည်း အကျိုးရှိ။

ဘယ်မှာလာပြီး မကောင်းတာ ရှိတော့မှာလဲ။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"သခင်လေး ဒီည ဒင်နာရှိလို့ ညနေအတွက် အဝတ်အစား အဆင်သင့် ပြင်ပြီးပါပြီ"

"ဘယ်က ဒင်နာလဲ"

"ကြီးကြီးမိတ်ဆွေတွေ နယူးဇီလန်က ပြန်လာလို့ မိသားစုနှစ်စု မိတ်ဆုံစားပွဲလေ"

"ငါလည်း မသိရပါလား"

"ဒီညနေမှ လေယာဉ်ဆိုက်မှာဆိုတော့ ဖြုန်းစားကြီး စီစဉ် လိုက်ရလို့ ကျွန်တော်တို့လည်း စောစောကမှ သိရပါတယ် သခင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောဖို့ ကြီးကြီးက ကျွန်တော်နဲ့မှာလိုက်ပါတယ်"

"ငါ မလိုက်တော့ဘူး"

"ကြီးကြီး ဆူခံထိမှာပေါ့"

"ငါ နေမကောင်းဘူးလို့ ပြောလိုက်ကွာ"

ကိုယ့်အကြံနှင့်ကိုယ် ဒီည အပြင်ကို လစ်ထွက်ပြီး ကြယ်စင်နှင့် သွားတွေ့မည်။ ယခု မေမေတို့Dinner သွားမည့်ကိစ္စ ပေါ်လာလေတော့ ပို၍ပင် အကြိုက်တွေ့သွားသည်။

"တစ်နေ့လုံး အကောင်းအတိုင်းကြီး ရှိနေပြီး ခုမှကောက်ခါ ငင်ကာ နေမကောင်းဘူးဆိုတော့ ကြီးကြီး မယုံလောက်ဘူးနော် သခင် လေး၊ နောက်ပြီး ဒီနေ့ပွဲကလေ. . အဲ. . ဟို. . ဟိုလေ"

သီလ ပြောလက်စစကား လမ်းတစ်ဝက်မှာတင် ရပ်သွား သည်။

"ဒီနေ့ပွဲက ဘာဖြစ်လဲ. . ပြောလေ"

"သခင်လေးသိလို့ မဖြစ်ဘူး"

ပြောဖို့ တွန့်ဆုတ်နေသော သီလကိုကြည့်ပြီး ဘာကြောင့်ဆို တာကို ပို၍သိချင်လာသည်။

"သီလ ငါက ဘာကြောင့် သိလို့မဖြစ်ရမှာလဲ"

"အဲ. . သခင်လေးသိရင် မလိုက်မှာစိုးလို့တဲ့"

"အေးလေ. . ဘာကြောင့်မို့ ငါကမလိုက်ရမှာလဲ၊ ဘာကိစ္စလဲ"

မပြော၍ မဖြစ်တော့သည့်အဆုံး သီလ ပြောပြလိုက်သည်။

"ဟာ. . တစ်ခါလာလဲ မိန်းမပေးစားဖို့၊ နောက်တစ်ခါလာလဲ မိန်းမပေးစားဖို့နဲ့ ငါ့မိဘတွေ ငါ့ကို အိမ်မှာမထားချင်တော့ဘူးထင် တယ်"

"အဲလိုတော့ မဟုတ်ပါဘူး၊ သခင်လေးကို အိမ်ထောင်ချပေး ပြီးရင် လုပ်ငန်းတစ်ဝက်ကို လွှဲပေးမယ်လို့ ပြောနေသံကြားတယ်"

"ဟာ. . မလုပ်ချင်ဘူး၊ ငါမလုပ်လည်း ငါ့ဆွယ်သက် စားမ



www.burmeseclassic.com

www.burmeseclassic.com



တုန်တာတွေ ရှိနေတာပဲ”

“ဒါပေမယ့် မျိုးဆက်ကတော့ ရှိသင့်တယ်လေ”

“ဟာ. . မင်းတို့ကပါ တစ်ကြိတ်တည်းလား”

“အဲလို မဟုတ်ပါဘူး၊ သခင်လေးက ချမ်းသာတဲ့ မိန်းကလေးတွေကိုတော့ စိတ်မဝင်စားဘဲ ကြယ်စင့်လို မိန်းကလေးမျိုးကိုတော့ မြင်မြင်ချင်း စိတ်ဝင်စားသွားတယ်ဆိုတော့ ကျွန်တော်တို့ အံ့သြသွားလို့ပါ”

“မအံ့သြနဲ့ အဲဒါကလည်း အချစ်ဖြစ်သွားနိုင်တာပဲ၊ ဒီတော့ မင်း အခု မေမေ့ဆီသွား. .၊ သခင်လေး ဝမ်းတွေ သွားနေပါတယ်လို့ သတင်းသွားပို့လိုက်”

“ယုံ. . ယုံပါ့မလား”

“မင်း ယုံအောင်ပြောပေါ့”

သီလ ခေါင်းကုတ်လိုက်သည်။ ဖြစ်နိုင်လျှင် ထိုသို့သွား၍မလိမ်ချင်ပါ၊ သခင်လေးကို ဒီနေ့တွေ့မည့် မိန်းကလေးနှင့် ပေးတွေ့ချင်သည်။ ဒါမှ ကြယ်စင်ဆိုသည့် မိန်းမလည်းနှင့် အဆက်ပြတ်မှာဖြစ်သည်။

“အင်းလေ ကျွန်တော် သွားပြောကြည့်မှာပေါ့”

သီလ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ကြယ်စင်နှင့်လွဲဖို့ ဘယ်လိုကြံရပါ့မလဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ဘာ . . သား ဝမ်းပျက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ကြီးကြီး"

"ဟော့တော် ဖြစ်ရလေကွယ်၊ ခုရော ဘယ်လိုနေသလဲ"

ဒေါ်ခင်ရတနာကျော် သားဖြစ်သူအတွက် စိတ်ပူသွားသည်။

"ခုတော့ ဆေးသောက်ပြီး အိပ်ယာပေါ်မှာ လှဲနေပါတယ်၊ သခင်လေး ဒင်နာကို လိုက်နိုင်ပါတော့မလား ကြီးကြီး"

"အေးလေ၊ ဒီနေ့ တော်ဝင်ပန်းနဲ့ တွေ့ပေးမယ်ဆိုပြီး တမင် ဒီညစာစားပွဲကို စီစဉ်လိုက်တာ"

"သခင်လေး သဘောကျပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျမှာပါ၊ တော်ဝင်ပန်းက အရင်မိန်းကလေးတွေထက် ရုပ်ဆည်ရှိပကာ တင့်တယ်လွန်းလို့ ကြီးကြီးတောင် သမီးလေးအဖြစ် မွေးစားချင်ခဲ့တာ၊ ခု နယူးဇီလန်က ပြန်လာတော့ ပိုခေတ်မှီပြီး ပိုလှလာတာပေါ့၊ နောက်ပြီး တော်ဝင်ပန်းကိုယ်တိုင်ကိုက သားကို သဘောကျတယ်၊ တို့ဘက်ကသားနဲ့ လက်ထပ်ပေးဖို့ ကမ်းလှမ်းတော့ သူတို့ကိုယ်တိုင်က လက်ခံတယ်"

ဒီလောက် ကံကောင်းနေပါလျက်နှင့် ဘာကြောင့်များ ပြာပုံထဲက ပြာလူးနေတဲ့ပန်းကိုမှ တရှိုက်မက်မက် နမ်းရှိုက်ချင်နေပါလိမ့်။

တော်ဝင်ပန်းဆိုတဲ့ မိန်းကလေးကို သီလ မမြင်ဖူးပေမယ့် အမျိုးကောင်းသမီး တစ်ယောက်ဆိုတာကိုတော့ ယုံကြည်သည်။

"တော်ဝင်ပန်းက တို့အိမ်မှာ နှစ်လသုံးလလောက် နေလိမ့်မယ်၊ သုတေသနတစ်ခုလုပ်ဖို့ ရန်ကုန်မှာ လေ့လာစရာရှိတာကို လေ့လာရင်း ဒီမှာတည်းမှာ၊ ကြီးကြီးကတော့ အိုးချင်းထား အိုးချင်းငြိဆိုသလို တော်ဝင်ပန်းလေးနဲ့ နီးစပ်စေချင်တယ်"

ဆန္ဒတွေကို မချင့်မရဲစိတ်ဖြင့် ထုတ်ဖော်ပြောပြနေသော . . ကြီးကြီးကိုကြည့်ပြီး သီလ သက်ပြင်းချလိုက်သည်။

ကြယ်စင်ဆိုသည့် အမွှေစိန်မကို မေ့ပြစ်ပြီးမှသာလျှင် သခင်လေးစိတ်တွေက တော်ဝင်ပန်းအပေါ် ပြန်၍ တိမ်းညွတ်လာမှာ မလွဲတန်ပင်။

ဒီတော့ တော်ဝင်ပန်း ဒီမှာလာနေလျှင် နီးစပ်ဖို့အရေး သူတို့ကအားဖြည့်ကူညီပေးရတော့မှာပေါ့။

တော်ဝင်ပန်းဟာ သခင်လေး၏ ဖူးစာရှင် အစစ်အမှန်ဆိုလျှင်ဘယ်လိုမှ ရှောင်လွှဲ၍ ရမည်မဟုတ်။



အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"ကြယ်စင်ရေ ထမင်းဆာပြီလေကွာ ဘာလုပ်နေလဲ"

"ပြီးပြီ ဖေကြီးရေ့ . လာပြီ . လာပြီ"

"ရေချိုးပြီးစ မျက်နှာပေါ်သို့ သနပ်ခါးရေကြဲလေး ကပျာကယာ ပွတ်ပြီးထွက်လာသော ကြယ်စင့်ကို ဦးဂျော်နီလှမ်းကြည့်ရင်း ဘဲကင် တစ်တုံးကို အချဉ်ခွက်ထဲနှစ်ပြီး ပလုတ်ပလောင်း ဝါးလိုက်သည်။ ဝါးရင်းမှ အဆင်သင့်ငုံ့ထားသော ဘီယာခွက်ကို တစ်ငုံနှစ်ငုံ ယူသောက်လိုက်သည်။

ဦးဂျော်နီပုံစံက နတ်ဘုံနတ်နန်း ရောက်နေသည့်နှယ် . .



www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့ မှော်နတ်သားလေး သတင်းရော မကြားပါလား၊ ဒီတစ်ခါလာရင် ဂွင်လေးဘာလေး ဖန်လိုက်ဦးနော်၊ ဘိုင်က ပြတ်တော့မှာ"

ကြယ်စင်ရှေ့ဖန်ခွက်ထဲသို့ ဘီယာငှဲ့ထည့်ပေးပြီး ရေခဲတုံးကို ညှပ်နှင့် ခပ်ထည့်ပေးသည်။

ကြယ်စင် တစ်ငုံယူမော့ပြီး ခေါက်ဆွဲကြော်ကို တူဖြင့်ခပ်စားလိုက်သည်။

"ရထားတာ လေးငါးရက်ပဲ ရှိသေးတယ်၊ ဘယ့်နှယ် ဘိုင်ပြတ်ရတာလဲ ဖေကြီးရယ်၊ ချွေချွေတာတာ သုံးစမ်းပါ၊ ငွေဆိုတာ အမြဲတမ်းရှာလို့လွယ်တာမဟုတ်ဘူး"

"ညည်းလေးတစ်ယောက်လုံး ဖေကြီးဆီမှာ ရှိနေမှတော့ ငွေအတွက် ဘာပူစရာလိုမှာလဲ၊ ခုရော ဖေကြီးတစ်ယောက်ထဲ သုံးနေလို့လား၊ ညည်းလေး အဝတ်အစားကပဲ နှစ်သိန်းကျော်ဖိုးလောက် ရှိတယ်ထယ်ထားတာ၊ ဖေကြီးက အရက်ဖိုးလေးနဲ့ ဖဲဝိုင်းလေး တစ်ခါတစ်လေထိုင်ရုံပဲ၊ ထိုင်တိုင်းလဲ ရှုံးတာမဟုတ်ဘူး"

တစ်ယောက်နှင့်တစ်ယောက် သူ့အသုံးများသည် ကိုယ်အသုံးများသည် တွက်ကပ်ရင်း အပြင်မှဝယ်ထားသည့် ဘဲကင်နှင့် ခေါက်ဆွဲကြော်ကို မြိန်ယှက်စွာစားကြသည်။

ထိုစဉ် အိမ်ရှေ့မှ ကားဆိုက်သံကြားရ၍ ခေါက်ဆွဲကြော်စားနေသော ကြယ်စင်မှာ အပြင်ကို ထွက်ကြည့်လိုက်သည်။

"ဟော့တော်. . သူလာပြီပဲ"

အိမ်ထဲကပျာကယာပြန်ဝင်ပြီး. . .

"ဖေကြီးရေ. . သူ. . သူလာနေပြီ၊ ဒါတွေ မြန်မြန်သိမ်း. . မြန်မြန်"

"ဟေ. . ဟုတ်လား"

ထမင်းစားပွဲပေါ်မှ စားစရာတွေကို ကပျာကယာသိမ်းပြီး ဦးချော်နီ အကြံတစ်ခု လှစ်ခနဲ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြယ်စင့်ကို ဝုန်းခနဲ ဆောင့်တွန်းလိုက်သည်။ ကြယ်စင် ကြမ်းခင်းပေါ် ပစ်လဲကျသွားသည်။

"ဖေကြီး ဘာလဲ. . ဘာလုပ်တာလဲ"

"နင့်အပြစ် နင်မသိဘူးလား၊ ဟမ်. . အိမ်လခ ပေးရပါမ ဆိုမှ ပိုက်ဆံတွေကို အကုန်ဖျောက်ပစ်တယ်၊ အခု ငါတို့ဘယ်လိုနေ မလဲ၊ လမ်းဘေးမှာနေရမှာလား အမိုက်မရဲ့"

အခြေအနေကို ကြယ်စင် သဘောပေါက်သွားသည်မို့ ဖခ တစ်ယောက်၏ ရိုက်နှက်ခြင်းကို ခံရသော သမီးတစ်ယောက်နှယ် မျ ရည်မကျပေမယ့် ငိုသံနှောသောအသံဖြင့်

"အဖေရယ် အဲဒီပိုက်ဆံကို ကြယ်စင် သုံးတာမဟုတ်ပါဘူ ကျပျောက်သွားတာပါ၊ ကြယ်စင် အဖေကြီးကို မလိမ်ရဲ မလိမ်ဝံ့ပါဘူ တကယ်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

**အိမ်**ပေါ်တက်တက်ချင်း ကြယ်စင့်ငိုသံနှင့် ဦးဂျော်နီ၏ ဒေါသတကြီး အော်ဟစ်ပြောဆိုသံတွေကြောင့် သုခမိန် ခြေလှမ်းတို့ တုန့်သွားသည်။

ကြယ်စင် ဘာဖြစ်လို့ ငိုနေရတာလဲ. . ဟူသောအသိက ရင်ကို ပူလောင်သွားစေပြန်သည်။

"ကြယ်စင်. . ကြယ်စင်ရေ"

အိမ်ခန်းထဲကို ကဲကြည့်ပြီး လှမ်းအော်ခေါ်လိုက်သည်။

ကြယ်စင် မျက်ရည်လည်ရွဲဖြင့် ထွက်လာသည်။ ဦးဂျော်နီပါ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင့်နောက်မှ လိုက်ထွက်လာပြီး သုခမိန်ကိုမြင်မှ ဒေါ်သတိုး ချုပ်တည်းထားဟန်ဖြင့် သုခမိန်ကို မချိပြုံးပြုံးပြရင်း. . .

"ငါ့တူရောက်နေတာကို မသိလိုက်ဘူး. . စိတ်မရှိပါနဲ့ကွ ဟော့ဒီက သမီးမိုက်ရယ်လေ မိဘကို စိတ်ဆင်းရဲအောင်လုပ်လို့ မနေတာ၊ လာကွယ်. . လာ. . လာ ထိုင်ပါ"

အခန်းထောင့်တွင် ထောင်ထားသောဖျာကို လှမ်းယူကာ သုခမိန်ထိုင်ဖို့ ခင်းပေးလိုက်သည်။

"ဘာများဖြစ်ကြလို့လဲ ခင်ဗျ"

တရှုံ့ရှုံ့ငိုနေသော ကြယ်စင့်ကိုကြည့်ပြီး မေးလိုက်ခြင်း ဖြစ် သည့်။

"ဘာဖြစ်ရမှာလဲကွယ်၊ မင်းနှမရယ်လေ၊ ကလေးမဟုတ် ငယ်မဟုတ် အိမ်လခသွားပေးတဲ့ပိုက်ဆံ လမ်းမှာကျပျောက်လာလို့တဲ့

"ဟင်. . အိမ်လခ. . ဟုတ်လား၊ ဘယ်လောက်တောင်မို့လဲ"

"ဆယ့်နှစ်သိန်းပါကွယ်"

"ဗျာ. . ဆယ့်နှစ်သိန်း ဟုတ်လား"

"ဟုတ်တယ်. . အမှန်တော့ အိမ်လခက ပြည့်နေတာကြာပါပြီ ကွယ်၊ ဦးလေး ကျန်းမာရေးမကောင်းတာနဲ့ ငွေအဆင်မပြေလို့ သွား မပေးဖြစ်သေးတာ၊ ခု လစာလေး ထုတ်လာတာနဲ့ ဟိုဟိုဒီဒီက လှည့် ရလာတာနဲ့ အိမ်လခသွားပေးခိုင်းတာ. . ခုတော့ ကိုယ်ကျိုးတွေ နည်း ကုန်ပါပြီ၊ ဒီပိုက်ဆံတွေ မရှိတော့ဘူးဆိုတော့ ဘယ်မှာသွားနေရတော့ မလဲ၊ အဲဒါ. . ဒင်း ပေါ့လျော့လို့ဖြစ်တာ၊ အောင်မလေး. . ဒုက္ခတွေ ဆင်းရဲခြင်းတွေက ပြီးကိုမပြီးနိုင်တော့ပါလားဗျာ၊ လောကကြီးထဲမှာ အသက်ဆက်ရှင်ချင်စိတ်တောင် မရှိတော့ဘူး"

တသိမ့်သိမ့် ရှိုက်ငိုနေသော ကြယ်စင့်ဘေးတွင် ဦးခေါင်းနီ ခြေ ပစ်လက်ပစ် ထိုင်ချပြီး ညည်းတွားလိုက်သည်။

ဒုက္ခဆိုတာ ဘာမှန်းမသိ၊ ဆင်းရဲခြင်းဆိုတာ ကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ာတ်သည် သုခမိန်မှာ. . ကြယ်စင်တို့ သားအဖ၏ အပူသောက
တွေကိုကြည့်ပြီး ဒုက္ခဆိုတာဘာလဲ၊ ဆင်းရဲခြင်းဆိုတာ ဘာလဲ. . သိရှိ
သွားခဲ့သည်။

ကိုယ်ကိုယ်တိုင် မျှဝေခံစားချင်သော စိတ်နှင့်အတူ ဘယ်လိုဖြေ
ရှင်းပေးရမလဲဟူသော အတွေးတို့ ရင်ထဲမှာ တဖွားဖွား ပေါ်၍လာ
သည်။

"ဒီကိစ္စအတွက် ဘာမှမပူပါနဲ့ ကြယ်စင်ရယ်၊ ဦးလေးကလည်း
ကြယ်စင့်ကြောင့်ဆိုပြီး အပြစ်တွေပုံမချပါနဲ့၊ အဲဒီ ပျောက်သွားတဲ့ငွေကို
ကျွန်တော် ဖြေရှင်းပေးပါ့မယ်"

မဖြစ်မနေ ကယ်တင်ရှင်ကြီး ဝင်လုပ်ရပြန်သည်။ ဒုက္ခတွေ
ဆင်းရဲခြင်းတွေကို မျက်မြင်ကိုယ်တွေ့ မြင်ခွင့်ရဖို့ ငွေဆယ့်နှစ်သိန်း
ပေးလိုက်ရသည်ဟုပဲ သဘောမှာထားကာ တသိမ့်သိမ့်ရှိုက်ငိုနေသော
ကြယ်စင့်ပုခုံးလေးကို ဖေးမတွဲကူပြီး နှစ်သိမ့်ပေးလိုက်သည်။

ကြယ်စင် မျက်ရည်တွေနှင့် မယုံရဲယုံရဲ စောင်းကြည့်ရှာပြီး. .

"တ. . တကယ်ကူညီမှာလား သုခမိန်"

"အင်း. . ဒါပေါ့၊ ခုတော့ ကိုယ့်မှာ ချက်ခ်စာအုပ်မပါဘူး၊ မနက်
ဖြန် ကိုယ့်တပည့်နဲ့ လာပေးခိုင်းမယ်လေ. . ဖြစ်မလား"

ဦးဂျော်နီ လောဘမျက်နှာမှာ အရောင်တောက်သွားသည်။
ငွေဆယ့်နှစ်သိန်းရဖို့အတွက် ဇာတ်ဝင်ခန်းလေးတစ်ခန်းကို သဏ္ဍာန်
တူ သရုပ်တူအောင် ဟန်ဆောင်ပြလိုက်တာ. . ငွေဆယ့်နှစ်သိန်းချက်
ချင်းရတော့မှာပါလား၊ ပျော်လွန်း၍ ထတောင်ကချင်သည်။ သို့သော်
အတိုင်း ဝမ်းသာအားရ လက်ခံလိုက်လျှင် ကိုယ့်လောဘကို ပိုသိသာ
သွားစေမှာမို့. . .

"ငါ့တူရယ် မကူညီပါနဲ့၊ ငါ့တူဆီက အကူအညီ ယူရမှာကို
အရမ်းအားနာပါတယ်ကွယ်၊ ဦးလေးတို့ဘဝက ဒုက္ခတွေနဲ့ အမြဲတမ်း
မှောင်မိုက်နေကြမို့ ဦးလေးတို့သားအဖကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမပို



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါဘူး၊ ကိုယ့်ကံနဲ့ကိုယ်ပဲ ရှိပါစေတော့"

"အားမနာပါနဲ့ ဦးလေးရယ်၊ ကျွန်တော့်အတွက် ဒီလောက်ငွေလေးက ဘာမှမဖြစ်လောက်ပါဘူး၊ အမိကက ဦးလေးနဲ့ကြယ်စင် နေရေးထိုင်ရေး အဆင်ပြေဖို့ပဲ မဟုတ်လား၊ ဒီတော့ ခုကစပြီး အိမ်လခငွေ အဆင်ပြေပြီလို့သာ သဘောထားလိုက်တော့ . . ဟုတ်ပြီလား"

ဒီတစ်ခါတော့ ဦးဂျော်နီ ထပ်မငြင်းတော့၊ ငြင်းသည်ဆိုတာကလည်း တမင်ဟန်ဆောင်ငြင်းတာပဲ။

"ကြယ်စင်တော့ သုခမိန်ကို ဘယ်လိုမျက်နှာပြရမလဲ မသိတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"တွေ့တိုင်း ဒုက္ခပေးမိနေသလို ဖြစ်နေလို့လေ"

"အဲဒီအရာတွေက ကိုယ့်အတွက် ဒုက္ခလို့ မမည်ထိုက်ပါဘူး ကြယ်စင်တို့ သားအဖကို ကူညီခွင့်ရတာနဲ့တင် ကိုယ်ပီတိဖြစ်နေပါပြီ"

"ကျေးဇူးတင်လိုက်တာ သုခမိန်ရယ်၊ တစ်ချိန်ချိန်မှာ ကျေးဇူးဆပ်ခွင့်ရမယ်ဆိုရင်လေ ကြယ်စင် ဘယ်လိုပုံစံနဲ့ပဲ ကျေးဇူးဆပ်ရဆပ်ရ ဘဝနဲ့ရင်းပြီး ကျေးဇူးဆပ်ပါ့မယ်နော်"

ဘဝနဲ့ရင်းပြီးတောင် ကျေးဇူးဆပ်ဦးမတဲ့။

အရွယ်နှင့်မမျှအောင် ဆင်းရဲနုံချာလွန်းသော ကြယ်စင်ကို ကိုယ်ကလည်း လိုအပ်သမျှ ပံ့ပိုးကူညီဖို့ ဆုံးဖြတ်လိုက်ပါပြီဟု သုခမိန် စိတ်ထဲမှ ရေရွတ်လိုက်သည်။

ဦးဂျော်နီနှင့် ကြယ်စင်သာ ထိုအတွေးတို့ကို သိရှိသွားလျှင် သူတို့၏ လောဘတွေဟာ ဘယ်တော့မှ အဆုံးသတ်တော့မည် မဟုတ်တော့။



© အောင်မြင်စာပေ ©
www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"ဟာ. . သခင်လေး သူတို့ဂွင်ဖန်တာ များနေပြီ ထင်တယ်နော်"

ငွေဆယ့်နှစ်သိန်းထုပ်ကို သွားပေးရမည်ဆို၍ သူရ ခေါင်းကို ခပ်လေးလေး ခါလိုက်သည်။ လောကကြီးထဲက လူတွေ၏အကျင့်စရိုက်တွေကို ဘာမှမသိဘဲနှင့် အရိုးခံ ယုံကြည်နေသော သခင်လေး၏ စိတ်ရင်းကို အသုံးချနေသော ကြယ်စင်ဆိုသည့် မိန်းကလေးကို သူရ သိပ်မနှစ်မြို့တော့။

ညက သူ မပါသွားတာနှင့် သူတို့၏ လုပ်ဇာတ်တွေကို ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ယုံလာရသတဲ့လား၊ တုံးလိုက်တာမှ မိုင်ကုန်အောင်ပါပဲ။

"ညက ကျွန်တော့်ကိုမခေါ်ဘဲ သခင်လေးဘာသာသွားလို့ ခုလိုမျိုး သူတို့ ခြယ်လှယ်တာကို ခံလိုက်ရတာ"

"မဆိုင်ပါဘူး သူရရယ်၊ သူတို့ရဲ့ ပြဿနာက ငါ ရောက်သွားပြီးမှ ဖြစ်တာမဟုတ်ဘူး၊ ငါ မရောက်ခင်ကတည်းက ဖြစ်နေတာ၊ ကြယ်စင့်ကို သူ့အဖေရိုက်နေတာ ငါ့ကိုတွေ့တော့မှ . . သူတို့ပြဿနာတွေ အရှိန်သတ်သွားတာ . ."

သူရရော သီလရော ကိုယ့်ဘက်ရပ်တည်နေကျ၊ ကိုယ့်အပေါ် လိုလေသေးမရှိ ဂရုတစိုက် စောင့်ရှောက်ကြသူတွေ၊ ယခု ကြယ်စင်နှင့် ပတ်သက်တော့မှ သူတို့ဆီမှ ဆန့်ကျင်ဘက် စကားလုံးတွေကို မကြားစဖူး ကြားလာရသည်။

"အေးလေ . . ကြယ်စင်နဲ့ပတ်သက်ပြီး ငါ့လုပ်ရပ် အိုဗာဖြစ်နေပြီထင်ပါရဲ့၊ ဒါကြောင့် ငါ ဘယ်သွားသွား မင်းတို့ ငါ့နောက်က လိုက်စရာမလိုတော့ဘူး"

"ကျွန်တော်တို့က သခင်လေးကို ဆန့်ကျင်နေတာ မဟုတ်ပါဘူး၊ သခင်လေးရဲ့ ရိုးသားဖြူစင်မှုအပေါ် ကို အမြတ်ထုတ်နေတဲ့ သူတို့သားအဖရဲ့ အကျင့်တွေကို မကြိုက်လို့ပါ"

စိတ်ဆိုးမည်ဆိုး၍ သူရ ရှင်းပြရှာသည်။ သူတို့ စေတနာကို သူခမိန် နားလည်ပေမယ့် ကြယ်စင်တို့ သားအဖအပေါ် သူတို့ အထင်လွဲနေသလိုတော့ မလွဲနိုင်ပါ။

ကြယ်စင် ရိုးသားတာကို စိတ်ကသိနေသည်။ မိန်းကလေးတန်မဲ့ ဘဝရဲ့ခါးသီးမှုတွေကို ရင်စည်း၍ ခံနေရသည့်အဖြစ်က ဘယ်လောက် သနားစရာ ကောင်းလိုက်ပါသလဲ၊ ဒါကို သူတို့ စာနာမပေးနိုင်မှတော့ ထိုငွေဆယ့်နှစ်သိန်းကို သူရကို သွားပေးခိုင်းရန် မဖြစ်တော့၍ ကိုယ်ကိုယ်တိုင် သွားပေးရန် စိတ်ဆုံးဖြတ်လိုက်သည်။

"အေးလေ . . မင်းတို့ စေတနာကို ငါ သိပါတယ်၊ ငါကလည်း



www.burmeseclassic.com

www.burmeseclassic.com



မွေးရာပါ သနားတတ်တဲ့အကျင့်က ပါနေတော့ . သူတို့ သားအဖမှ မဟုတ်ဘူး၊ ငါ့ရှေ့မှာ ဒုက္ခရောက်နေသူ မှန်သမျှကို ငါ ကူညီမိမှာပဲ”





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဟော့. . မင်း ဘယ်သူလဲ၊ ငါ့အခန်းထဲ ဘာဝင်လုပ်နေတာလဲ"

အိမ်ခန်းသန့်ရှင်းရေး လုပ်နေသူမှာ သီလမဟုတ်ဘဲ မိန်းကလေးတစ်ယောက် ဖြစ်နေ၍ အခန်းထဲဝင်မည့် ခြေလှမ်းတွေ တန့်သွားပြီး တအံ့တဩ မေးလိုက်သည်။

မိန်းကလေး အိပ်ယာခင်း လဲ့နေရင်းမှ လှည့်ကြည့်သည်။

"ဩော်. . သခင်လေး၊ သက်ဝေ. . သခင်လေး အိပ်ယာခင်းတွေ လဲပေးနေတာပါ"

"မင်း အိပ်ယာခင်းလဲနေတာ ငါသိတယ်. . မြင်တယ်၊ မင်း ဘယ်သူလဲဆိုတာကို ငါမေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဝေ နာမည်က သက်ဝေပါ၊ ဟိုလေ. . ဒီ. . ဒီမှာ အိမ်အကူလုပ်ဖို့ ရောက်လာတဲ့ လူသစ်ပါ သခင်လေး၊ လိုအပ်တာ မှန်သမျှ ခိုင်းပါ"

ရို့ကျိုးသောဟန်ဖြင့် မဝံ့မရဲပြောနေသော သက်ဝေကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ အိမ်အကူလာလုပ်သည့် မိန်းကလေးက ဒီလောက် လှပကျော့ရှင်းနေဖို့မှ မလိုတာ. . .

"ဟုတ်တယ်သား၊ အဲဒါ ဟိုတယ်က စားဖိုမှူးကြီးရဲ့ တူမလေးလေ၊ နယ်က ရောက်လာတာပါ၊ မေမေ့ဆီမှာ အလုပ်တစ်ခုတောင်းလို့ သူက ပညာအရည်အချင်းကလည်း မရှိတော့ ခုလောလောဆယ် သားရဲ့ ဝေယျာဝစ္စအချို့ကို လုပ်ပေးဖို့ မေမေခေါ်လိုက်တာ"

ဒေါ်ခင်ရတနာကျော် အခန်းဝကိုရောက်လာပြီး ဖြေလိုက်သဖြင့် သုခမိန်ရော သက်ဝေပါ လှည့်ကြည့်လိုက်ကြသည်။

"သားမှာ သီလနဲ့သူရ ရှိတယ်လေ မေမေရာ၊ မိန်းကလေးတစ်ယောက်က သားရဲ့ဝေယျာဝစ္စတွေ လုပ်ပေးရမယ် ဆိုတာကတော့ သိပ်သဘာဝမကျပါဘူး၊ နောက်ပြီး ဒီအိမ်မှာ ဒီလောက် အလုပ်သမားတွေ အများကြီး အိမ်အကူ ထပ်ခေါ်ဖို့ လိုတော့လို့လား"

ဖေဖေနှင့်ဆိုလျှင် အထွန့်မတက်ရဲသလောက် မေမေနှင့်ဆိုလျှင် အထွန့်တက်လိုက်ရမှ. . .

"မေမေ စောစောကပြောပြီးပြီပဲ၊ တခြားအလုပ်ပေးစရာ မရှိလို့ ဒီအိမ်မှာ တာဝန်တစ်ခု ပေးရတာပါလို့"

"သက်ဝေကြောင့် သခင်လေး စိတ်အနှောင့်အယှက် မဖြစ်အောင် နေပေးပါ့မယ်"

အခြေအတင်တွေကြားထဲ သက်ဝေ မဝံ့မရဲ ဝင်ပြောသည်။

"အေးပါ. . ဘယ်အလုပ်မဆို ပါးစပ်က ပြောနေရုံနဲ့ မပြီးဘူးနော်၊ ညည်းရဲ့ လုပ်ကိုင်တတ်မှု စွမ်းရည်ကို ငါ စောင့်ကြည့်မယ်၊ မျက်လုံးထဲမှာ အမြင်မတော်တာ တွေ့လို့ကတော့ ညည်းကို ဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မထားဘူး၊ ညည်းဦးလေးစားဖို့မှုကိုလည်း အလုပ်ထုတ်ပစ်မယ် ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ပါ ကြီးကြီး၊ သက်ဝေ အမှားအယွင်းမရှိအောင် ကြိုးစားပြီးလုပ်ပါ့မယ်၊ အလုပ်မထုတ်ပစ်ပါနဲ့ ကြီးကြီးရယ်"

သနားစရာပာန်ဖြင့် တောင်းပန်နေသော သက်ဝေကို ဒေါ်ခင်ရတနာကျော် အထက်စီးနင်းဆန်ဆန်ကြည့်ပြီး. . .

"အေး. . ဒါဆိုရင် စောင့်ကြည့်ရသေးတာပေါ့၊ ခု ငါ့သားရဲ့ ဝေယျာဝစ္စတွေကို ဘယ်လိုလုပ်ကိုင်ရမယ်ဆိုတာ ပြောပြီးပြီနော် မှတ်မိလား"

"ဟုတ်ကဲ့. . မှတ်မိပါတယ် ကြီးကြီး"

"အေး. . ငါ့သား စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အလုပ်မျိုး လုပ်မိလို့ကတော့ ညည်းမလွယ်ဘူး၊ နောက် အရေးကြီးတာတစ်ခု ပြောရဦးမယ်"

မာထန်နေသော သတိပေးစကားတွေက မကုန်နိုင်သေး။

"ဟုတ်ကဲ့. . ပြောပါ ကြီးကြီး"

"ဒီအိမ်မှာ ညည်း ဘာအဆင့်လဲဆိုတာ သိတယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ သိပါတယ်"

"သိတယ်ဆိုရင် သခင်လေးကို သွေးဆောင်ဖြားယောင်းဖို့ မကြိုးစားနဲ့"

"ရှင်. ."

သက်ဝေ မျက်ဝိုင်းလေးဖြင့် တအံ့တသြ မော့ကြည့်ပြီး ဘာပြန်ပြောရမှန်းမသိ၊ ကြားထဲက သုခမိန်ပင် သက်ဝေကိုကြည့်ပြီး အားနာစိတ်ဝင်၍လာသည်။

"ဟာ. . မေမေ ဘာတွေလျှောက်ပြောနေတာလဲဗျာ၊ ဆူမျိုးသားပျို သမီးပျိုကို"

"သား ဝင်မပါနဲ့၊ ဒီလိုကိစ္စမျိုးဆိုတာ ကြိုပြီးသတိပေးထားနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



တော်ကာကျမှာ”

“ဟုတ်ကဲ့ . . ဟုတ်ကဲ့ပါ ကြီးကြီး၊ သခင်လေးကိုလေ၊ သက်ဝေ စိတ်နဲ့တောင် မပြစ်မှားဝံ့ပါဘူး၊ သက်ဝေ ကိုယ့်အဆင့်ကို ကိုယ်သိပါတယ်၊ ကြီးကြီးတို့ အမြင်မတော်တဲ့ကိစ္စမျိုး ရှိမလာစေရပါဘူး၊ သက်ဝေ ကတိပေးပါတယ်”

“အေး . . ကောင်းပြီ၊ ဒါဆိုရင်သွားတော့ သခင်လေး ထမင်းစားဖို့ သွားစီမံတော့၊ ဒေါ်နန်းစိန်ကို သခင်လေး ဘာကြိုက်တယ်ဆိုတာကို အသေးစိပ်မေးပြီးမှ ပြင်ဆင်ပါ”

“ဟုတ်ကဲ့ပါ ကြီးကြီး”

သက်ဝေ ခါးကိုင်းဦးညွှတ်ပြီး သားအမိနှစ်ယောက်ရှေ့မှ ထွက်သွားသည်။ သက်ဝေ အခန်းအပြင်ကိုရောက်မှ . . .

“မေမေရယ် . . သားရှေ့မှာပြောတော့ ဟိုမိန်းကလေး ဘယ်လောက်ရှက်သွားမလဲ”

“ရှက်ပစေ သား၊ ခုလိုပြောရတာ မကောင်းမှန်း မေမေသိတယ်၊ ဒါပေမယ့် ဒီလိုမှကြိုပြီး သတိမပေးထားရင် သားလေး ဒီလိုမိန်းမမျိုးနဲ့ နီးစပ်သွားရင် ဘယ့်နှယ်လုပ်မလဲ”

“ဘယ်လိုလုပ် နီးစပ်နိုင်မှာလဲ မေမေရယ်”

“ကဲပါ သားရယ်၊ သူ့အကြောင်း ပြောရတာ အချိန်ကုန် လေကုန်တယ်၊ မေမေ သားဖေဖေနဲ့ လေလံပွဲတစ်ခုမှာ တွေ့ကြဖို့ ချိန်းထားတယ် သားရဲ့”

“ဟုတ်ကဲ့ပါ မေမေ”

မေမေပါ အနားမှ ထွက်သွားတော့ သက်ဝေဆိုသော ကောင်မလေးအတွက် စိတ်မကောင်း ဖြစ်မိသေးသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"ရှင် ကြယ်စင့်ဆီကို တကယ်လာသားပဲနော်"

ကြယ်စင်၏ ညုတုတုအမေးကြောင့် သုခမိန် သဘောတွေ တသီတတန်းကြီး ကျသွားကာ ကြယ်စင့်ဘေး ဝင်ထိုင်လိုက်သည်။

"ကြယ်စင်ခေါ်တာပဲ တခြားကောင်မလေး ခေါ်တာမှ မဟုတ်တာ၊ မလာပဲ နေလို့ရမလား"

"ကြယ်စင်က ရှင့်ဘဝမှာ အဲလောက် အရေးပါသလားဟင်"

"ဒါပေါ့. . ကြယ်စင် ဆိုတာ ကိုယ့်ဘဝမှာ အရေးမပါပဲ ဘယ်ရှိ ပါ့မလဲ"

"ဝမ်းသာလိုက်တာ သုခမိန်ရယ်၊ ကြယ်စင့်လောက် ကောင်းတဲ့မိန်းကလေး ရှိပါဦးမလား၊ ရှင်ဟာ ကြယ်စင့်အတွက်တော့ ဖန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် နှုတ်သားလေး တစ်ပါးပါပဲ"

လှော်ကားဥယျာဉ်ထဲရှိ တိတ်ဆိတ်ငြိမ်းချမ်းသော နားနေဆောင်ထဲတွင် ကြယ်စင်နှင့် သုခမိန် နှစ်ယောက်ထဲရှိသည်။ သီလနှင့် သူရကို ဘယ်သွားမယ်ဆိုတာမပြောပဲ ထွက်လာခဲ့ကာ ဖုန်းပါပိတ်ထားလိုက်သည်မို့ ဒီအချိန် သူ့ကို နေရာအနှံ့ ပတ်ပြီးရှာနေကြလောက်ပြီ။

ကြယ်စင်နှင့်တွေ့မှ ကြယ်စင်က လှော်ကားဥယျာဉ်ထဲ သွားချင်သည်ဟု ပူဆာ၍ မျောက်စာကျွေးရန် ငှက်ပျောသီးတစ်ခိုင် ဝယ်ရင်း ကြယ်စင်နှင့်အတူ မျောက်စာကျွေးကြသည်။

ပြီးနောက် နှစ်ယောက်သား တစ်နေကုန် အေးအေးဆေးဆေး စကားပြောရန်အတွက် နားနေဆောင် သစ်လုံးအိမ်လေးတစ်လုံးငှားကာ နေလိုက်သည်။

မိန်းကလေးတစ်ယောက်နှင့် နှစ်ယောက်ထဲ စိတ်လွတ်ကိုယ်လွတ် တစ်ခါမှမသွားဖူး၍ ကြယ်စင်နှင့် ဆိတ်ငြိမ်သော နေရာမှာ နှစ်ယောက်ထဲ ရှိနေခြင်းသည် သုခမိန်အတွက် စိတ်လှုပ်ရှားမှုတွေကိုဖြစ်စေသည်။

"ကို. . "

အခေါ်အဝေါ်ပြောင်းပြီး ခေါ်လိုက်သော ကြယ်စင်၏ တိုးသဲ့သဲ့အသံကြောင့် ကြယ်စင့်ကို ငဲ့ကြည့်လိုက်သည်။

"အင်း. . "

"စောစောက မျောက်ကလေးတွေက အရမ်းချစ်ဖို့ ကောင်းတယ်နော်၊ ကြယ်စင်တော့လေ ဒီလိုနေ့ရက်မျိုးတွေကို အမြဲတမ်း ပိုင်ဆိုင်ချင်တယ်၊ ဒီလို ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာမျိုးလေးမှာပေါ့"

ပုခုံးပေါ် မေးတင်ကာ ပြောလာသော ကြယ်စင်၏ အထိအတွေ့တွေကို ရင်ခုန်စ ပြုလာသည်။

"ကို. . "

"အင်. . "



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင့်ကို ဘယ်လိုမြင်လဲဟင်"

"သိပ်လှတဲ့ မိန်းကလေးတစ်ယောက်လို့ မြင်တယ်"

"အင်း. . ဒါပဲလားကွာ"

"ကိုယ် ဒီထက်ပိုပြီး မမြင်တတ်ဘူး၊ အရှင်းဆုံး ပြောရရင် မိန်းကလေးတစ်ယောက်နဲ့ ခုလိုနီးနီးကပ်ကပ်နေခွင့် ဒီတစ်ခါပဲ ရှိ တာ"

"သိပါတယ်၊ ကိုယ်က အရမ်းရိုးသားပြီး ချစ်စရာကောင်း ယောကျ်ားတစ်ယောက်ဆိုတာ"

"လာလေ. . ကြယ်စင်တို့ အခန်းထဲသွားရအောင်"

"ဟင်. ."

မိန်းကလေးကစပြီး အခန်းထဲသွားရအောင်ဟု စခေါ်လို သောကြောင့် သုခမိန် ခေါင်းနပန်း ကြီးသွားသည်။

ဒါတော့. . ဘယ်လိုမှမဖြစ်နိုင်၊ မိန်းကလေးတစ်ယောက် အခန်းထဲလာဖို့ခေါ်တိုင်း ကိုယ်က အညာလွယ်ပြီး လိုက်သွားစရာလား

ဒီအမည်းစက်ဟာ ဘဝတစ်ခုလုံးကို ရစရာမရှိအောင် စု ပြတ်သတ်ချင် သတ်သွားမှာမို့ စိတ်တွေ ယိုင်လဲသွား၍မဖြစ်။

"ကိုယ်တို့နှစ်ယောက်ထဲ အဲ့အခန်းထဲမှာ ဘာလုပ်ဖို့လဲ"

သုခမိန်လောက် ရိုးသားသည့်ယောကျ်ား ဒီလောကမှာ ရှိ သေးရဲ့လားဟု တွေးပြီး. . ကြယ်စင် မချင့်မရဲ ဖြစ်လာသည်။ ဒီနေ့ သူ့ဘဝထဲကို ကြယ်စင် ဝင်ခွင့်ရသွားပြီဆိုလျှင် ကြယ်စင့်ဘေးမှာ ရှိ သော သူတွေအားလုံးကို ကြယ်စင် ကျောခိုင်းလှည့်ထွက်ခဲ့လို့ရပြီ

"ဩော်. . ကိုကလည်း. . စကားတွေ အများကြီး ပြောကြမ လေ"

"ခုလည်းပြောနေတာပဲ"

အရိပ်ပြရုံနှင့် အကောင်မမြင်တတ်လေခြင်း ဘယ်လိုယော ကျ်ားမျိုးပါလိမ့်၊ ကြယ်စင် တွေ့ဖူးသမျှ ယောကျ်ားတွေဆိုလျှင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



...ကို ပေးဆပ်ရသလောက်နှင့်တန်အောင် ကြယ်စင့်အပေါ်မှာ အမြတ်...ထုတ်တတ်ကြသည်။

သုခမိန်ကတော့ ထိုယောကျာ်းတွေနှင့် လုံးဝဆန့်ကျင်ဘက်။

ငွေကြေးချမ်းသာပြည့်စုံသလောက် စိတ်ဓါတ်အဆင့်အတန်း...ပြောဖွယ်ရာမရှိအောင် မြင့်မားသည်ဝါလွန်းနေသည်မှာ ကြယ်စင့်...ကိုယ်တွေ. . .

ခုချိန်ထိ ကြယ်စင့်ကို လက်ပင်ကိုင်ဖို့ မကြိုးစားသော သုခမိန်...စိတ်တွေအသည် ယောကျာ်းမှဆန်ပါ့မလားဟု မချင့်မရဲတွေးပြီး ရင်ထဲ...လှိုင်းထန်၍လာသည်။

တကယ်ဆို. . ကြယ်စင်က လိုလိုချင်ချင် ပေးဆပ်ချင်သူပါ၊ ...ကြယ်စင် သုခမိန်ကိုချစ်သည်။ သုခမိန်ကသာ ကြယ်စင့်ကို ချစ်ပါရစေ...ပြီး ခွင့်မပန်လာသေး၍သာ ကြယ်စင့်ဆန္ဒတွေကို အောင့်အည်းမျို...သိပ်နေရခြင်း ဖြစ်သည်။

"ကြယ်စင် ဗိုက်ဆာလာပြီလားဟင်"

ထိုသို့မေးခြင်းသည် သူကိုယ်တိုင် ဗိုက်ဆာလာ၍ဖြစ်သည်။

"ဝို. . ဝို. . ဝို"

"ဟော့တော်. . ဒါ ဘာသံလဲ"

"အထဲက ပိုးတွေက ဗိုက်ဆာနေပြီကွ၊ ငါတို့ကို ဘာမှမကျွေး...သေးဘူးလားဆိုပြီး အော်ဟစ်အချက်ပြနေတာ"

အရှက်ပြေ ပြန်ပြောလိုက်သော သုခမိန်စကားကြောင့် ကြယ်...စင်ကိုယ်လေး တသိမ့်သိမ့် လှုပ်ရမ်းကာ ဟက်ဟက်ပက်ပက် ရယ်...သည်။

"ဟာ. . ဟော့. . ဘာရယ်တာလဲ"

"ရှင့်ဗိုက်ထဲက အသံက. . ရယ်စရာ ကောင်းတာကိုး"

"ဒီလိုအသံမျိုး လူတိုင်းရဲ့ဗိုက်က ထွက်ဖူးတယ်၊ ကိုယ်...တစ်...မှ အဆာမခံဖူးဘူး၊ ကိုယ် ထမင်းစားချိန်ရောက်ရင် ဆာဆာ မဆာ



www.burmeseclassic.com

www.burmeseclassic.com



ဆာ သီလတို့ သူရတို့က ထမင်းပြင်ပြီး အတင်းကို လာခေါ်တော့တာ ခုတောင် ကိုယ် တစ်နေကုန်ပျောက်နေလို့ သူတို့ ဒေါင်းတောက်အော ရှာနေလောက်ပြီ၊ မေမေလည်း စိတ်တွေ အရမ်းပူနေလောက်ပြီ"

"သူတို့က ကိုယ့်ကို ကလေးတစ်ယောက်လို ဂရုစိုက်ကြတ နော်၊ ကျေးကျွန်ကောင်းတွေလို့ ပြောလို့ရတယ်"

ကိုယ်နှင့် ငယ်စဉ်ကတည်းက အတူကြီးပြင်းလာကြ၍ ညီအ ကိုလို သဘောထားသော သီလနှင့်သူရကို ကြယ်စင့်အမြင်မှာ ကျေ ကျွန်တွေလို့ မမြင်စေချင်။

"သူတို့က ကိုယ့်ရဲ့ကျေးကျွန်တွေ မဟုတ်ပါဘူး၊ ညီအစ်ကို တော်တယ်၊ သူတို့ကို ကျေးကျွန်တွေလို့ မမြင်စေချင်ဘူး"

သူခမိန်စကားကြောင့် ကြယ်စင် နှုတ်ခမ်းကို တွန့်ကွေးကာ မဲ့လိုက်သည်။ သူ ဒီလောက်အရေးပေးဆက်ဆံနေလို့. . အဲဒီလူနှ ယောက်က ကြယ်စင့်ကို အထင်သေးသည့် အကြည့်တွေနှင့် ကြည့်တာ ဖြစ်မည်။

"သူတို့နှစ်ယောက်က ကြယ်စင့်ကို သိပ်သဘောမကျသလို နော်"

"အဲလိုမဟုတ်ပါဘူး. . ၊ သူတို့နှစ်ယောက်က ကိုယ့်ကို စော ရှောက်ဖို့ကလွဲရင် ဘာမှသိပ်စိတ်မဝင်စားဘူး၊ ကဲပါ. . ဒီမှာနေတာ တော်တော်ကြာသွားပြီ ကိုယ်တို့ပြန်ကြရအောင်၊ အပြန်မှာ တစ်ခုခုဝင် စားကြရအောင်"

ပြန်ဖို့စပြောလာတော့ မပြန်ဘူးလို့ပြော၍ မကောင်းလေတော့ ကြယ်စင် မပြန်ချင် ပြန်ချင်နှင့် ထလိုက်ရသည်။

ဒီနေ့ ရင်ခုန်ရမလားမှတ်တယ်။





www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၂၀)

"ဒါက ဘယ်နေရာက ပြန်လာတာလဲ၊ သား. . မင်းကြောင့် အိမ်သားတွေ ဘယ်လောက်စိတ်ပူလိုက်မလဲ မင်းသိလား"

ပေါ်တီကိုအောက်ကို ကားရပ်ရပ်ချင်း အိမ်ပေါက်ဝမှစီး၍ အပြစ်တင်သော မေမေ့ကို အရင်ဆုံးရင်ဆိုင်ရသည်။

"သားအရွယ်က စိတ်ပူရမယ့် အရွယ်မို့လို့လားမေမေ၊ ဒီလိုပဲ ကိစ္စရှိလို့ အပြင်သွားတာပဲ"

"ဒါဆိုရင် သီလနဲ့သူရကို ဘာလို့ခေါ်မသွားတာလဲ"

"သူတို့မှ မအားကြတာ၊ ဒါကြောင့် သားတစ်ယောက်ထဲ သွား


www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပေါ့"

"ဘယ်ကိုသွားလို့ အဲလောက် တစ်နေ့ကုန်နီးနီး ကြာနေရတာလဲ. . သား၊ မဟုတ်မှလွဲရော မင်း ကောင်မလေး တွေ့နေပြီလား"

သားသမီး အရိပ်အကဲကို နားလည်လွန်းသော မိခင်ဖြစ်သူ အမေးကြောင့် လှမ်းနေသောခြေလှမ်းတို့ တုန့်သွားကာ မေမေ့ကို မလုံမလဲဖြင့် လှည့်ကြည့်သည်။

"မေမေ့ကို မညာနဲ့သား"

မျက်လုံးကို တည့်တည့်ကြည့်ကာ ပြောနေသည်မို့ အပြစ်လုပ်ထားသူမှာသာ မလုံမလဲ မျက်နှာလွှဲပြီး. . .

"ကျွတ် မေမေရာ. . ဘယ်ကလာ ကောင်မလေးရှိနေရမှာလဲ ခုချိန်မှာ ကျွန်တော်ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ မေမေလည်း သိသားပဲဟာကို"

"ဒါဆိုရင် ဘာအကြောင်းကိစ္စကြောင့် အပြင်ကို တစ်ယောက်ထဲ ထွက်သွားရတာလဲဆိုတာ မေမေ့ကို ပြောပြမှပေါ့"

"ဟိုတစ်ခါ ပြောထားတဲ့ ပရဟိတ လုပ်ငန်းအတွက် NGO အဖွဲ့နဲ့ သွားတွေ့တာ၊ ဟဲပါ မေမေရယ် ကားမောင်းရလို့ ပင်ပန်းနေပြီ သား ခဏနားတော့မယ်"

မေမေ စကားထပ်မဆက်ခင် ခပ်မြန်မြန် လစ်ထွက်ခဲ့လိုက်သည်။ အခန်းထဲရောက်မှ စိတ်ထဲမှ ညာခဲ့မိသည့် အပြစ်ကို ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် စိတ်ထဲမှာမှတ်ကာ ကုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

အခန်းထဲ ဝင်လာသော လူရိပ်တစ်ခုကြောင့် ဖျတ်ခနဲ ငဲ့ကြည့်လိုက်သည်။

သက်ဝေ ဝင်လာခြင်း ဖြစ်သည်။

"သခင်လေး အပြင်က ပြန်လာတာ မောနေမှာစိုးလို့ ဖျော်ရည်လာပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ချထားခဲ့"

"အဝတ်အစားလဲဖို့ ထုတ်ထားပါတယ်၊ ရေချိုးမယ်ဆိုလည်း ချိုးလိုက်ပါလား သခင်လေး၊ ဒီနေ့ ပင်ပန်းလာပုံရတယ်နော်၊ ရေနွေးနဲ့ ချိုးမလား၊ ရေအေးနဲ့ ချိုးမလား"

"ပြီးမှပဲ ချိုးတော့မယ်"

"ဒါဆိုရင် သက်ဝေကို ခိုင်းစရာရှိတာ ခေါ်ခိုင်းပါနော်၊ ထမင်းစားခန်းမှာ သခင်လေးစားဖို့ စီမံလိုက်ပါဦးမယ်"

သက်ဝေ အနားမှထွက်သွားသည်။ သုခမိန် လေပူတစ်ချက်ကို နှခေါင်းနဲ့ မှုတ်ထုတ်လိုက်သည်။

ကြယ်စင်နှင့် လျှော်ကားဥယျာဉ်မှာ တစ်ချိန်လုံး ရှိနေခဲ့ကြသည် ဆိုတာကိုသာ မေမေသိရင် ဘယ်လောက်ဒေါသတွေ ထွက်နေလိမ့်မလဲ။

မိန်းကလေးနှင့်ပတ်သက်ပြီး ညာဖူးခြင်းက ခုတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်သည်မို့ နောက်ထပ် အကြိမ်ဘယ်လောက်ထပ်ပြီး ညာမိဦးမည်လဲဆိုတာ ကိုယ်ကိုယ်တိုင်ပင် မသိနိုင်တော့။

ဒီနေ့ ကြယ်စင့်ဆီက ရက်ရောမှုတွေကို မသိကျိုးကျွံ ပြုခဲ့မိသည့် အဖြစ်သည်လည်း မှန်လားမှားလား၊ ဝေခွဲရခက်နေသည်။ နားလည်ရခက်ပြီး ပွင့်လင်းလွန်းသော ကြယ်စင့်ကို စိတ်ထဲမှာ သဘောကျပေမယ့်. . သူ့အပေါ် ဘာအပြစ်တစ်ခုမှ မကျူးလွန်ခဲ့ဘူး ဆိုတာကိုတော့ ကိုယ့်လိပ်ပြာကိုယ် သန့်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"**အား**. . မျောက်. . မျောက်. . ဟဲ့ မျောက်. . သွား. . သွား. . "

ကားထဲမှ ခုန်ထွက်ကာ အိမ်ကြီးထဲ ပြေးဝင်သွားသော မျောက်ကလေးကို ဒေါ်နန်းစိန်မြင်ပြီး ထအော်တော့သည်။

ဒေါ်နန်းအော်သံကြောင့် မျောက်လဲ ပြေးမိပြေးရာ ပြေးရင်း အခန်းထဲမှထွက်လာသော သက်ဝေပေါ်သို့ ကြောက်အားလန့်အား တွယ်တက်တော့သည်။

"အမလေး. . ဘာ. . ဘာကောင်ကြီးလဲ"

ရုတ်တရက် ဘွားခနဲ ခုန်တက်လာသော မျောက်ကို သက်ဝေ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်အားလန့်အား ဖယ်ချသည်။ မျောက်က မခွာ၊ သက်ဝေ လည်ပင်းကိုဖက်ကာ တွယ်ကပ်နေ၏။

"လုပ်ပါဦး သီလရေ. . သူရရေ၊ အမလေး. . မျောက်. . မျောက်"

ဒေါ်နန်းစိန် ကျုံးအော်နေစဉ်မှာပင် သက်ဝေ ကြမ်းပြင်ပေါ် လဲကျကာ သတိလစ်သွားသည်။

အရင်ဆုံး ပြေးထွက်လာသူက သုခမိန်ဖြစ်သည်။ မျောက်နှင့် သက်ဝေ ယှုံးထွေးကာ လဲကျနေသော မြင်ကွင်းကို မြင်တော့ အံ့အားသင့်သွားသည်။

"ဟာ. . မျောက်. . ဒီမျောက်က ဘယ်ကဘယ်လို ရောက်နေရတာလဲ"

"မ. . မသိဘူး သခင်လေး၊ ဒေါ်နန်းမြင်တာတော့ သခင်လေး တားထဲက ခုန်ထွက်လာတာပဲ"

"ဘာ. . ဗုဒ္ဓေါ"

အလန့်တကြား ဘုရားတမိပြီး သတိလစ်နေသော သက်ဝေဆီကို အပြေးတစ်ပိုင်း လျှောက်သွားလိုက်သည်။

"သက်ဝေ. . သက်ဝေ. . ဟေ့. . ဟေ့"

ပါးနှစ်ဖက်ကို စုကိုင်လှုပ်ယမ်းပြီး ခေါ်လိုက်ပေမယ့် သက်ဝေ သတိလစ်နေဆဲ၊ မျောက်ကတော့ သုခမိန်အနား ရောက်သွားသည်နှင့် သက်ဝေလည်ပင်းကို ဖက်ထားရာမှ လွှတ်ကာ ထွက်ပြေးသွားသည်။

ဒီမျောက် ဘယ်ကပါလာသလဲဆိုတာ သုခမိန် သိလိုက်ပြီမို့ ထိုမျောက်ကို လိုက်ဖမ်းရမည်။ အရင်ဆုံး သက်ဝေကို သူ့အခန်းထဲ ပွေ့ချီပြီး ပို့လိုက်သည်။ အရေးဆို သီလနှင့် သူရက ဘယ်ရောက်နေသည်မသိ။

"ဒေါ်နန်း သူအကြောက်လွန်ပြီး သတိလစ်သွားတာ သူ့ကို သတိရအောင် မြန်မြန်လုပ်ပေးလိုက်၊ ကျွန်တော် အဲဒီမျောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖမ်းရဦးမယ်"

"ဟုတ်. . ဟုတ်ကဲ့ သခင်လေး"

သက်ဝေကို ကုတင်ပေါ် တင်ပေးခဲ့ပြီး အခန်းထဲမှ ခပ်သွက်သွက်ပြန်ထွက်ကာ မျောက်ဝင်သွားရာ မီးဖိုခန်းထဲသို့ ပြေးဝင်ခဲ့လိုက်သည်။ ဒီမျောက်ကို မမေမြင်၍မဖြစ်၊ မြင်လျှင် ဒီနေ့လျှော်ကားဥယျာဉ်ကိုသွားသည့်ကိစ္စ ပေါ်သွားနိုင်သည်။

"တောက်. . ဒီမျောက်ကွာ၊ ကိုယ့်နေရာကိုယ် မနေဘူး၊ ငါ့ကားကို ခိုးစီးလာပြီး ငါ့အိမ်ထိ လိုက်လာရတယ်လို့"

ဌက်ပျောသီး ကျွေးခဲ့စဉ်တုန်းက ကားနားတွင် မျောက်တွေအုံနေသည်မို့ မျောက်တစ်ကောင် ခုန်ဝင်သွားတာ တွေ့လိုက်ပေမယ့် အချိန်တန် ပြန်ထွက်သွားလိမ့်မည်ဟု ခပ်ပေ့ပေ့တွေးကာ ကားထဲမှ မောင်းမထုတ်ခဲ့မိ။ နောက်ပြီး နားနေဆောင် ရောက်တော့လည်း ကားမှန်တွေကို ပိတ်ခဲ့သည်မို့ ဒီမျောက် ကားထဲမှာ ပိတ်မိနေတာဖြစ်မည်။

"ခလွမ်. . ချလွမ်"

ထမင်းစားခန်းထဲမှ ကျကွဲသံတွေကြောင့် ထမင်းစားခန်းဘက်သို့ တစ်ဖန်ပြန်၍ ထွက်သွားကြည့်လိုက်သည်။

"ဟာ. . ဒီမျောက်စုတ် မျောက်နာ မျောက်ပဲ့"

ထမင်းစားပွဲပေါ်မှ ပြင်ဆင်ထားသော ဟင်းတွေ ထမင်းတွေကို စိတ်ကြိုက် ထိုင်စားနေသော မြင်ကွင်းကြောင့် သုခမိန် ဒေါသတို့ အထွတ်အထိပ်သို့ ရောက်သွားသည်။

မျောက်မှာ သုခမိန် ဝင်လာသည်ကို မြင်သည်နှင့် ပန်းကန်ထဲမှ ကြက်ပေါင်ကိုယူကာ ထမင်းစားပွဲပေါ်မှ ခုန်ဆင်းသည်။ ရေခဲသေတ္တာ အကွယ်တွင် ဝင်ပုန်းသည်။

"အောင်မာ ဒီမျောက်စုတ် မျောက်နာ မျောက်ပဲ့ ဒင်းများ ငါ့ကို ပုန်းချင်သေးတယ်"

ရေခဲသေတ္တာနားသို့ ခြေကို ဖွဖွနင်းပြီး လျှောက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျောက်က လျှင်သည်။ သုခမိန် ရေခဲသေတ္တာနား ရောက်လာသည်နှင့် လှစ်ခနဲ ပြေးထွက်ကာ ထမင်းစားခန်းအပြင်သို့ လှစ်ခနဲ ရောက်ရှိသွားသည်။

မျောက် အပေါ်ထပ်လှေကားပေါ် ပြေးတက်သွားသည်ကို သုခမိန် မတွေ့လိုက်။ ဧည့်ခန်းဘက် ပြေးထွက်သွားသည်ဟု ထင်ကာ ဧည့်ခန်းထဲသို့ ထွက်ခဲ့လိုက်သည်။ မတွေ့။

"ဟာ. . ဘာလဲကွာ၊ ဒီမျောက်တော့ မွှေပြီ"

ဧည့်ခန်းတစ်ခုလုံး စန္ဒယားခုံအောက်နှင့် ဆိုဖာခုံကြားတွေပါ မကျန် အကုန်ပတ်မွှေပြီးရှာသည် မတွေ့။

"သေချာပါတယ် ဧည့်ခန်းအပြင်ကို ထွက်သွားလောက်ပါပြီလေ"

အိမ်ထဲမှာမရှိဖို့ အရေးကြီးတာမို့ အိမ်အပြင်ထွက်ပြီး သူ့ဟာသူ ရောက်ချင်ရာရောက်ပစေတော့ အိမ်ပေါက်ဝတွင်ရပ်ပြီး ခြံထဲကို မျှော်ကြည့်လိုက်သည်။

ခြံဝန်း ဥယျာဉ်သဖွယ် ကျယ်ဝန်းနေ၍ လိုက်ရှာမနေတော့၊ မျောက်ဆိုသည့်အမျိုးက ခုန်ပျံကျော်လွှားတတ်သည့် အမျိုးဆိုတော့ ခြံကိုကျော်ပြီး အပြင်ကို ထွက်သွားနိုင်လောက်သည်မို့ သူ့ဟာသူ ရောက်ရာပေါက်ရာသွားမှာ သေချာသည်။

စိတ်အေးလက်အေးဖြင့် အိမ်ထဲပြန်ဝင်ခဲ့လိုက်သည်။ အရင်ဆုံး သက်ဝေ၏အခန်းဘက်သို့ လျှောက်လာလိုက်သည်။

ဒေါ်နန်း အခန်းထဲမှ ထွက်လာသည်။

"သခင်လေး. . မျောက်. . မျောက် ဘယ်ရောက်သွားပြီလဲ"

"မရှိတော့ဘူး၊ အိမ်အပြင်ကို ထွက်သွားပြီ"

"အမလေး တော်ပါသေးရဲ့ သခင်လေးရယ်၊ နို့မို့ဆို ဒီမျောက် အိမ်ထဲမှာပတ်ပြီး မွှေနေမှာ၊ ဒါနဲ့ သခင်လေး ကားထဲက ထွက်လာတာဆိုတော့. . ဒီနေ့ သခင်လေး တိရိစ္ဆာန်ရုံကို သွားလို့လားအယ်. . ဟို. . ဟိုလေ"



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါအမေးဖြင့် မဝံ့မရဲ မေးနေသော ဒေါ်နန်းကို ဘယ်လို ဖြေရပါ့မလဲ။

"ဘယ်ကလာ တိရိစ္ဆာန်ရုံကို သွားရမှာလဲဗျာ၊ ဒီနေ့ ကျွန်တော် သွားတဲ့နေရာမှာ မျောက်မွေးထားတာဗျ။ ကျွန်တော် စကားပြောနေ တုန်း ကားထဲ ဘယ်အချိန်ကတည်းက ဝင်နေလဲ မသိတော့၊ အိမ်အထိ ပါလာတော့တာပေါ့"

"ဒီမျောက် တော်တော်ဆိုးတဲ့မျောက်၊ အင်းလေ မျောက်ဆိုမှ တော့ လိမ္မာတာဘယ်ရှိမလဲ"

"ဒီမျောက်အကြောင်းကို မေမေတို့ ဖေဖေတို့လာရင် ပြော မနေနဲ့တော့"

"ဟုတ်ကဲ့၊ စိတ်ချပါ သခင်လေး၊ ဒေါ်နန်း မပြောပါဘူး"

"ဒါနဲ့ သက်ဝေဆိုတဲ့ ကောင်မလေးရော သတိရသွားပြီလား သူ တော်တော်လန့်သွားတဲ့ပုံပဲ"

"ခုတော့ သတိရပါပြီ၊ ဒါပေမယ့် မျောက်နဲ့ ထပ်တွေ့မှာစိုးလို့ အခန်းထဲက မထွက်ရဲဘူး၊ လည်ပင်းမှာ မျောက်ခြစ်သွားလို့ ဒဏ်ရာ နည်းနည်းရသွားတယ်"

"ဟင်. . ဟုတ်လား"

သက်ဝေအတွက် စိတ်မကောင်း ဖြစ်သွားသည်။ သူ ခုလိုဖြစ်ရ တာ ကိုယ့်အပြစ်မှ မကင်းပဲ။

"ဟုတ်တယ် သခင်လေး၊ ဆရာခိုတော့ လိမ်းပေးထားတယ်"

"သူ့ကို ဆေးခန်းခေါ်သွားပြီး မေးခိုင်ကာကွယ်ဆေးလေးဘာ လေး ထိုးခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ပါ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

“ဟင်. . ကြယ်စင်၊ မင်း. . မင်း. . ဒီအခန်းထဲကို ဘယ်လို
င်လာတာလဲ”

အခန်းတံခါးချပ်ကို အသာတွန်းဖွင့်ကာ ဝင်လာသော ကြယ်
ကို မြင်လိုက်သည်နှင့် သုခမိန် အံ့ဩသွားသည်။ မေမေတို့သာ
ယ်စင့်ကို တွေ့သွားလျှင် မလွယ်။

“ကို့အမေက ကြယ်စင့်ကို သူ့ချွေးမလောင်းအဖြစ် ရွေးချယ်
ပြီ”

“ဟင်. . ဘယ်လို. . ဘယ်လို၊ ချွေးမလောင်း ဟုတ်လား”

ကိုယ့်နားပင် ကိုယ်မယုံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုရဲ့၊ ဒါကြောင့် ကြယ်စင်လည်း ဝမ်းသာလွန်း... ကို့အခန်းထဲကို တန်းပြီးတော့ကို ဝင်လာလိုက်တာ"

ကြယ်စင့်ပုံစံက တော်တော်လေးပျော်ရွှင်နေသည့်ပုံနှယ်၊ သု... မိန်၏ ခုတင်ပေါ် တက်ထိုင်လိုက်သည်။ ယုံရခက်နေသော သုခမိန်... ခုတင်ပေါ် လှဲအိပ်နေရာမှ ကိုယ့်အပေါ် အုပ်မိုးကြည့်နေသော ကြ... စင့်ကို မဝံ့မရဲ ကြည့်လိုက်သည်။

ရင်တွေ တအားခုန်နေသည်။ တကယ်ပဲ မေမေက သဘော... တူလိုက်ပြီပေါ့။ အဲ. . သဘောတူရအောင် ကြယ်စင်နှင့်ကိုယ်က ခု... ထိ ချစ်သူတွေမှ မဖြစ်ကြသေးတာ။

"ကို ကြယ်စင့်ကို လက်ထပ်မှာလား"

"အဲ. . လက်ထပ်တာထက် ကြယ်စင်နဲ့ကိုယ် ချစ်သူတွေ မ... ကြသေးဘူးလေ၊ ကိုယ်မှ ကြယ်စင့်ကို ချစ်တယ်လို့ မပြောရသေးတာ..."

ကြယ်စင့်လက်အစုံက. . သုခမိန်၏ ရင်ဘတ်ကျယ်ကို ... ရောက်ပွတ်သပ်သည်။ သုခမိန် ရှက်လည်းရှက် ရင်လည်းခုန်. . ... မှာ မိန်းမတစ်ယောက်အတွက် ခုလို အလောတကြီးနှင့် အဆင့်... ကျော်ပြီး ရင်ခုန်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဘူးပါ။

"ချစ်တယ်လို့ ပြောစရာ လိုသေးလို့လား ကိုရယ်၊ ဟော့... ကို့မျက်လုံးတွေက ကြယ်စင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ ဖော်... နေပြီပဲ၊ ကြယ်စင်ကလည်း ကို့ကိုချစ်ပါတယ်၊ ဒါကြောင့် ကြယ်စ... ပွင့်ပွင့်လင်းလင်း ချစ်ဆိုက်ကြရအောင်နော်"

"ကိုယ်. . ကိုယ်ရှက်တယ်ကြယ်စင်၊ ကိုယ်က ဒါမျိုး အတွေ့... ကြုံမရှိဘူး"

ကြယ်စင် နှုတ်ခမ်းစူ မျက်စောင်းဝေကာ. .

"ကြည့်. . ကိုနော်၊ သူများကရော အတွေ့အကြုံရှိ... ရလို့. . တကယ်ပဲ ဘာတွေပြောနေလဲ မသိဘူး"

ကြယ်စင့်လက်ချောင်းတွေက သုခမိန်၏မျက်နှာနှင့် ရင်...



www.burmeseclassic.com

www.burmeseclassic.com



...တ်မောင်းတို့ကို မထိတထိ တို့နေသဖြင့် သုခမိန် အသည်းထဲမှာ ...ားကျလိ ယားကျလိ။

"ကြယ်စင်. . ကိုယ်. . ယားတယ်ကွ၊ ဟိ. . ဟိ"

"ဒါဆို ကြယ်စင်တို့ ချစ်လိုက်ကြရအောင် ဘယ်လိုလဲ"

"ကြယ့်သဘောပါပဲကွာ၊ ခုချိန်မှာ ကိုယ်က ကြယ်စင်လေးပြု ...မှု နုရတော့မယ့်ဘဝပါ. ."

ခွင့်ပြုလိုက်သည်နှင့် ကြယ်စင့်နှုတ်ခမ်း ဖူးဖူးလေးမှ ဘနမ်းတို့ ...င့်ခနဲ ကျလာသည်။

သေချာပါပြီ၊ ဒါဟာ အချစ်ပဲ ဖြစ်မှာပါ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"ဟောကတော့. . . မြတ်စွာဘုရား"

"အမလေး. . ဒါ. . ဒါ ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်ကမျော
ကြီး ငါ့သားလေးပေါ် ပိုင်စိုးပိုင်နင်း တက်ဖိနေတာလဲ၊ လုပ်ပါဦး သူ
ရေ"

ဒေါ်ခင်ရတနာကျော်နှင့်သူရ. . မြင်လိုက်ရသော မြင်ကွင်း
ကြောင့် လုံးဝကို မှင်တက်အံ့ဩကာ. . . သူရဆိုလျှင် နေရာမှာ
ကြောင်စီစီ ရပ်ကြည့်နေ၏။

"ဟဲ့. . သူရ ဘာကြောင်ကြည့်နေတာလဲ၊ ဒါ ဘယ်ကမျော
လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . အဲ. . မ. . မသိဘူး ကြီးကြီး"

"သွားမောင်းလေ၊ ငါသားပေါ် တက်နေတယ်၊ မြန်မြန်မောင်း လိုက်"

မျောက်မှာ သုခမိန်ဗိုက်ပေါ် တက်ထိုင်ပြီး ဟိုဟိုဒီဒီ လျှောက် ကြည့်တာ တကွိကွိနှင့် ဘာတွေပြောနေသည်မသိ၊ သုခမိန်ကတော့ အိပ် မောင်းတုန်း. . .

"သခင်လေး. . သခင်လေး"

သူရ လှုပ်နှိုးသည်။ ဘယ်လောက်ပင် အိပ်မောကျနေသည် မသိ. . . တော်တော်နှင့် မနိုး။

သူရ အခန်းထောင့်ရှိ စန္ဒယားကြီးကို ခပ်ကြမ်းကြမ်း ဖိနှိပ် လိုက်သည်။ ထွက်ပေါ်လာသော စန္ဒယားသံကြောင့် မျောက်လန့်ပြီး ခုန်ဆင်းကာ သုခမိန်လည်း လန့်ပြီး ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဟင်. . ဘာဖြစ်တာလဲ. . ဘာသံလဲ၊ ကြယ်စင်. . ကြယ်စင် ဘယ်ရောက်သွားလဲ"

BURMESE CLASSIC

အိပ်မက်မှ မနိုးထသေးသော သုခမိန်မှာ ကြယ်စင်နှင့် ရင်ခုန် သံ ညှိနေတုန်း ဆိုးဝါးသော စန္ဒယားသံ ·အကျယ်ကြီးကြောင့် ကြယ် စင် ဘယ်ကို ထွက်ပြေးသွားသည်မသိ။

"သခင်လေး အိပ်မက်မက်နေတာလား သခင်လေး"

"ဟင်. . သူရ. . မေမေ"

"သား. . မျောက်. . မျောက်. . ဘယ်ကမျောက်လဲ"

မျောက်ဆို၍ သုခမိန် အိပ်ချင်စိတ်တွေ၊ ကြည်နူးနေသော ခံစားမှုတွေ ဖရိုဖရဲဖြစ်ကာ မိခင်ဖြစ်သူကို အလန့်တကြား ကြည့်လိုက် သည်။

"မေမေ. . မျောက်မရှိပါဘူး"

"ရှိတယ်. . ရှိတယ်. . ခုပဲ မင်းကိုယ်ပေါ် တက်ဆော့နေတာ၊ စန္ဒယားသံကြောင့် သူ လန့်ပြီးထွက်ပြေးသွားတာ၊ အမလေး သားရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကွယ် ဆော့စရာရှားလို့ မျောက်နဲ့မှ ဆော့ရလားလို့ . .၊ ဒါနဲ့ ကြယ်စင်လို့ ပြောလိုက်သံ ကြားမိပါတယ်၊ ဘယ်သူ့တုန်း ကြယ်စင်ဆို တာ အမလေး သားပြောတော့ တရားအားထုတ်ချင်တယ်၊ မိန်းမကိစ္စ စိတ်မဝင်စားပါဘူးဆို၊ ခုတော့ ကြယ်စင်ဆိုတဲ့ နာမည်ကို စပြီးကြားရပြီ ပြောစမ်း ကြယ်စင်ဆိုတာဘယ်သူလဲ မေမေ့ကိုပြောစမ်း"

ဇွတ်အတင်းမေးကာ စိတ်တွေပူနေသော မိခင်ကို အမှန်အ တိုင်း ပြော၍မဖြစ်၊ သူရကတော့ ဘာမှမသိသလိုဟန်ဖြင့် တစ်လုံးမှ ဝင်မပြော. . .

"သား. . သားလဲ မသိဘူးမေမေ၊ ဒီလိုပဲ အိပ်မက်မက်တာ ကြယ်စင်ဆိုတဲ့ နတ်သမီးလေးပေါ့၊ အပြင်မှာ တကယ်ရှိရင် ကောင်း မယ်"

"အဲဒါထက် ဒီမျောက်က ဘယ်ကမျောက်လဲ၊ သူရ သွားစမ်း အဲဒီမျောက်ကို သွားဖမ်းစမ်း၊ အမလေး မင်္ဂလာမရှိ မျောက်က အိမ်ထဲ ဘယ်လိုရောက်လာရတာလဲ"

ဒေါ်နန်း အိပ်ခန်းထဲ ပြေးဝင်လာသည်။

"လုပ်ကြပါဦး. . မမကြီး. . ကိုသူရရေ ဘုရားခန်းထဲမှာ. . မျောက်. . မျောက်ရယ်လေ ဘုရားစင်မှာ ကပ်ထားတဲ့ ရွှေငှက်ပျောသီး ပွဲတွေကို ယူစားနေတယ်"

"ဟင်. ."

"အမလေး ဘုရား. . ဘုရား. . အိမ်ကို ဂြိုဟ်ဆိုးတော့ ဝင် တော့မှာပဲ၊ အဲဒါ နိမိတ်မကောင်းဘူး၊ လုံးဝ နိမိတ်မကောင်းဘူး"

အယူသီးလွန်းသော ဒေါ်ခင်ရတနာကျော် ဘယ်ကမျောက်လဲ ဟု သုခမိန်ကို စစ်တမ်းမကောက်အားတော့၊ ဘုရားပွဲတွေ သာသနာ ပွဲတွေ လှူထားသော ဘုရားခန်းထဲသို့ ဒုန်းဆိုင်းပြီး ပြေးရလေတော့ သည်။

သုခမိန်လည်း မနေသာတော့။ မျောက်သေးကျန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲသို့ စွေ့ခနဲ ရောက်သွားလေသည်။

ဗုဒ္ဓေါ့ . ဒင်းက ဘုရားစင်ပေါ် ကောင်းကောင်းတက်ထိုင်ပြီး ငှက်ပျောသီးတွေကို ထိုင်တီးနေလိုက်ပုံများ အသည်းယားဒေါသ ထွက်ချင်စရာ . . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"သခင်လေး. . ကြီးကြီး ခေါ်နေပါတယ်"

အခန်းဝတွင်ရှုပ်ပြီး လှမ်းပြောလာသော သက်ဝေ၏ အသံ ကြောင့် ဖုန်းပြောနေရင်းမှ လှည့်ကြည့်လိုက်သည်။

သက်ဝေ အခန်းဝမှာ ရပ်နေဆဲ. . .

"ကိုယ်လည်း ကြယ်စင့်ကို သတိရနေပါတယ်၊ ဟိုတစ်နေ့က ကိုယ်နဲ့ကြယ်စင် လျှော်ကားဥယျာဉ်ထဲ သွားတုန်းက ကားထဲမှာ မျောက် တစ်ကောင် ဘယ်လိုပါလာလဲ မသိပါဘူးကွာ၊ အဲဒါ. အိမ်မှာ အဲဒီ မျောက် ပတ်မွှေနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျောက်အကြောင်းက ငိုအားထက် ရယ်အားသန်လာသည်မို့ ကြယ်စင့်ကို ဖုန်းထဲမှ ပြောပြရင်း သူခမိန် ရယ်လိုက်သည်။

"ခုလား. . အခု စတိုးခန်းထဲမှာ ဌက်ပျောသီးတစ်ခိုင်နဲ့ ထည့်ထားတယ်၊ နောက်နေ့မှ သူ့ရတို့ကို လော့်ကားဥယျာဉ်ထဲ သွားပြန်လွှတ်ခိုင်းရမယ်"

သူခမိန် ဖုန်းပြောနေရင်းမှ အခန်းဝတွင် ရပ်နေသော သက်ဝေကို မလုံမလဲ လှည့်ကြည့်ရင်း. . .

"ဒါပဲနော်၊ ကြယ်စင် ကိုယ်တို့ နောက်မှတွေ့မယ်၊ အိုခေ. . ဘိုင့်. . ဘိုင်"

ဖုန်းကို ချလိုက်ပြီး သက်ဝေနားကို လျှောက်လာလိုက်သည်။

"ဘာရပ်လုပ်နေတာလဲ သက်ဝေ"

"သခင်လေး ဘယ်သွားဖို့ အစီအစဉ်ရှိလဲလို့ မေးခိုင်းလို့ပါ။ ကြီးရင် အခု ကြီးကြီးနဲ့ လာတွေ့ပါတဲ့၊ သက်ဝေက သခင်လေးအခန်းဝင်းဖို့ ရပ်စောင့်နေတာပါ"

"အေးပါ. . ငါ ခုပဲ သွားတွေ့လိုက်မယ်၊ ဒါနဲ့ စောစောက ငါ ဖုန်းပြောတာတွေ နင်ကြားလား"

"ဟုတ်ကဲ့. . ကြားပါတယ်"

"ဘာတွေကြားလဲ"

"အကုန်ကြားတယ်"

"အေးလေ. . အဲဒီ အကုန်ကြားတယ်ဆိုတာ ငါ ဘာတွေပြောတာကို ကြားတာလဲ၊ လော့်ကားဥယျာဉ်ကို သွားတာတွေ နောက်ပြီး ကြယ်စင်ဆိုတဲ့ မိန်းကလေးနဲ့အတူ သွားတာတွေ လော့်ကားဥယျာဉ်ထဲက မျောက်တစ်ကောင်အိမ် ပါလာတာတွေကို ကြားတာပေါ့. . ဟုတ်လား"

သက်ဝေ ပြုံးလိုက်သည်။

"တကယ်ဆို. . အခု သခင်လေး ပြောနေတဲ့အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို သက်ဝေ မကြားပါဘူး၊ ဖုန်းပြောနေတယ် ဆိုပေမယ့် ဘာအကြောင်းတွေ ပြောနေလဲဆိုတာ သေချာ မသဲကွဲဘူးလေ၊ အခု သခင်လေး ပြောမှပဲ သေသေချာချာ သိရတော့တယ်"

"ဟမ်. . ဘယ်လို ဒါဆို စောစောက နင်သေချာမကြားဘူးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့. . သေချာမကြားပါဘူး"

သူခမိန် ကိုယ့်နဖူးကိုယ် ပြန်ရိုက်ကာ. . .

"ဟာ. . သေစမ်းကွာ၊ ငါဖော်မှပဲ ပေါ်တော့တယ်၊ ကဲပါလေ မေမေတို့ကို ဒီကိစ္စ လုံးဝမပြောနဲ့နော်"

"ဟုတ်ကဲ့. . မပြောပါဘူး၊ သခင်လေး"

စည်းရုံးရလွယ်သော သက်ဝေကို ကျေးဇူးတင်သောအားဖြင့် ခေါင်းကို ခပ်ဖွဖွပုတ်ပြီး အခန်းရှေ့မှ ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

“**သား** ဟိုတယ်လုပ်ငန်းကို ဦးစီးဖို့ အရည်အချင်း မပြည့်မီသေးပါဘူး မေမေရာ”

“ဘာလို့ မပြည့်မီရမှာလဲ၊ သား ပညာတွေသင်ပြီး ဘွဲ့နှစ်ဘွဲ့သုံးဘွဲ့ ရထားတာတွေကို ဘယ်နေရာမှာ သွားအသုံးချမှာလဲ၊ ခုချိန်ထိ ကလေးတစ်ယောက်လို နေနေတာကို မေမေတို့ ဘာဖိအားမှ မပေးခဲ့ဘူးနော် သား”

“သားလည်း ဖေဖေ့အလုပ်တွေကို ကူသင့်တာ ဝိုင်းကူနေတာပဲလေ၊ ခုဟာက လုပ်ငန်းကြီးတစ်ခုလုံး သားပုခုံးပေါ် တင်ပြီး အမ်းရမှာကိုတော့ သား ဝန်လေးတယ်မေမေ၊ အချိန်မတန်သေးဘူးလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဒါပေမယ့် . . သားက နောက်ဆို အိမ်ထောင်ရှင် ယောကျ်ား တစ်ယောက် ဖြစ်တော့မှာလေ၊ စီးပွားရေးကို ဦးစီးဦးဆောင်ပြုနိုင်မယ့် အရည်အချင်းတွေ သားမှာ အပြည့်အဝ ရှိနေရမယ်၊ ဒါကြောင့် . . မေမေတို့က သားကို ဟိုတယ်လုပ်ငန်းကို လွှဲပေးဖို့စီစဉ်တာ"

"သားမှ အိမ်ထောင်မပြုချင်သေးတာ"

"အဲဒါ အကြိုက်မတွေ့သေးလို့လေ၊ သားအိပ်မက်ထဲက ကြယ်စင်ဆိုတဲ့ နတ်သမီးလေးလို မိန်းကလေးမျိုးတွေ့ရင် . . သား မျက်နှာလွှဲသွားမှာလား၊ ရင်မခုန်ပဲ နေမှာလား၊ ဟမ် . . မေမေ့ကို ပြောစမ်း"

သုခမိန် ဘာမှဆက်မပြောတော့ပဲ ငြိမ်ကျသွားသည်။

"အိပ်မက်ထဲက ကြယ်စင်လို နတ်သမီးမျိုး အပြင်မှာ တွေ့ရင် မေမေတို့ကရော သဘောတူလက်ခံမှာလား"

"ဒါပေါ့ . . လက်ခံရမှာပေါ့"

"သူက အရမ်းဆင်းရဲနေရင်ရော"

"မေမေတို့ရဲ့သားကို တကယ်ချစ်ပြီး ရိုးသားတဲ့ မိန်းကလေး ဆိုရင် ကုန်းကောက်စရာမရှိအောင် ဆင်းရဲနေပါစေ၊ မေမေတို့ ချွေးမ အဖြစ် လက်ခံမယ်၊ အဲ . . ရိုးသားမှ ရမှာနော်၊ မရိုးသားရင်တော့ ဘယ်တော့မှ လက်မခံဘူး၊ လူတစ်ယောက်ရဲ့ တန်ဖိုးက ရိုးသားမှုပဲ သားရဲ့"

ကြယ်စင်နှင့် နီးစပ်ဖို့ အခွင့်အလမ်းတွေ ဖွင့်ပေးသော မေမေ့ စကားကြောင့် သုခမိန် အားတက်သွားသည်။

"ဒါဆိုရင် မေမေတို့ပြောတဲ့ကိစ္စကိုလည်း သား လက်ခံရတော့ မှာပေါ့"

"ပုံစံကြည့်ရတာ သားမှာ ချစ်ရမယ့်သူရှိနေပြီ ထင်တယ်နော်"

မိခင်၏ အမေးကြောင့် မလုံမလဲ အပြုံးဖြင့် ပြုံးကာ ခေါင်းခါ လိုက်ပြီး . . .

"ဘယ်ကလာ တွေ့ရမှာလဲ မေမေရာ . . ခုမှ ရှာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သားပြောတော့ ဘုရားတရားအလုပ်နဲ့ပဲ မွေ့ပျော်ချင်တာ ဆို ပရဟိတလုပ်ငန်းတွေ လုပ်မယ်ဆို"

"အဲဒါတွေက မဖြစ်မနေလုပ်ရမယ့် အလုပ်တွေလေ၊ သားရဲ့ င်ကို လှုပ်ရှားစေမယ့် မိန်းကလေးမျိုးတွေ့ရင်တော့ အိမ်ထောင်ပြုတဲ့ အလုပ်ကိုလည်း မလွဲမသွေလုပ်ရဦးမှာပေါ့၊ တော်ကြာ . . မေမေတို့ရဲ့ မျိုးဆက် လောကမှာ မကျန်ခဲ့ရင် ဘယ့်နှယ်လုပ်မလဲ"

သူခမိန် စကားကြောင့် ဒေါ်ခင်ရတနာကျော် ရယ်လိုက်သည်။

တက်လဲ တတ်နိုင်တဲ့ သားပါလား၊ သူ့ကိုယ်သူတော့ လည်လှ ပြီပေါ့လေ။ သူ ဘာတွေ လှုပ်ရှားနေသလဲဆိုတာ ဒေါ်ခင်ရတနာကျော် သိပဲ နေပါ့မလား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

တာ သိမ့်သိမ့်ရယ်နေသော ကြယ်စင့်ကိုကြည့်ပြီး သူခမိန်ပါ လိုက်ရယ်လိုက်သည်။

“ဒီမျောက်က တော်တော်ဆိုးတာပဲ ကိုရယ်၊ အိပ်မက်ထဲမှာ ကြယ်စင်လို့ ထင်နေပေမယ့် အပြင်မှာ တကယ် အဖက်ခံအနမ်းခံနေရတာက မျောက်ပေါ့၊ ဖြစ်မှဖြစ်ရလေ”

“အေးကွာ. . ၊ ကိုယ့်မှာတော့ ကြယ်စင်က ကိုယ့်အခန်းထဲကို မေမေလွှတ်လိုက်လို့ ဝင်လာတယ်ဆိုပြီး ပျော်သွားတာပေါ့၊ ကြယ်စင့် အနမ်းတွေနဲ့ သာယာနေတုန်း မျောက်မွှေးတွေနဲ့ ယားကျိကျိယားကျလိ ဖြစ်လာပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုယ့်ပေါ် တက်နေတာ ကြယ်



www.burmeseclassic.com

www.burmeseclassic.com



င်မဟုတ်ပဲ မျှောက်ဖြစ်နေတယ်ကွာ၊ တကယ်မလွယ်တဲ့မျှောက်"

"ခုရော အဲဒီမျှောက်ကို ဘယ်ပို့လိုက်ပြီလဲ"

"လော့ကားဥယျာဉ်ထဲကို ပြန်ပို့ခိုင်းလိုက်ပြီလေ၊ တော်ပါပြီကွာ နောက်တစ်ခါ အဲဒီနေရာကို လုံးဝမသွားတော့ဘူး"

"ဟွန်း . . ကြယ်စင်ကတော့ အဲဒီကို သွားချင်သေးတယ်၊ အဲဒီ အေးနေဆောင်လေးမှာ ကိုရယ် ကြယ်စင်ရယ် နှစ်ယောက်ထဲ အေးအေး ချမ်းချမ်း နေရတာ ဘယ်လောက်ပျော်စရာ ကောင်းလိုက်သလဲ၊ ကြယ် င့်ဘဝမှာလေ၊ ကိုနဲ့အတူရှိနေတဲ့ အချိန်တွေပဲ ပျော်စရာရှိတာ၊ ကျန် ဲ့အချိန်တွေဆိုရင် ငရဲကျနေသလိုပဲ၊ သောက အပူမီးတွေ တော် တော်လောင်မြိုက်ရတယ်၊ အားကိုးတိုင်ပင်စရာဆိုလို့ ကိုပဲရှိတာ"

ဝဲတက်လာသော မျက်ရည်စတို့ကို သုခမိန်မြင်အောင် လက် မိုးနှင့် တို့သုတ်လိုက်သည်။

"ကြယ်စင့်မှာ ဘာတွေစိတ်ညစ်စရာ ရှိနေလို့လဲ"

"ဒီလိုပဲပေါ့ကိုရယ်၊ ကို့ကိုလည်း မပြောပြချင်တော့ပါဘူး၊ ကို ကြယ်စင်တို့ သားအဖကို ကူညီတာတွေက များနေပြီလေ၊ အခွင့်အရေး ဆိုတာ ရတိုင်း ယူလို့ကောင်းတာမဟုတ်ဘူး"

"ကြယ်စင်ရယ် . . ကိုယ်နဲ့ကြယ်စင့်ကြားမှာ အားနာတာတွေ လိုပါဘူး၊ ကြယ်စင့်ကိစ္စက ကိုယ့်ကိစ္စပဲပေါ့"

"ရှင် . . ဒါ . . ဒါဆို ကြယ်စင့်ကို ကိုက ချစ်နေလို့ပေါ့ ဟုတ် သား"

"ချစ်ပါတယ် ကြယ်စင်ရယ်၊ ချစ်လို့လည်း ကြယ်စင့်ဆီ မလာရ နေနိုင်အောင် ဖြစ်နေတာပေါ့"

ကြယ်စင့်အဖို့ အကြားချင်ဆုံး စကားမို့ သိန်းထီ အခါတင် ထောင် ပေါက်လိုက်သည်။ အပျော်တွေ မိုးပျံသွားသည်။ သုခမိန်ရင် င်ထဲ ဆွဲသွင်းမခံရပဲ သူ့ဟာသူ ခိုဝင်ကာ . . .

"ကြယ်စင်လည်း ရှင့်ကို အရမ်းချစ်ပါတယ် ကိုရယ်၊ ကြယ်စင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မှ မမုန်းရဘူးနော်”

“ချစ်ပါတယ်ဆိုမှ မုန်းစရာမှ မလိုတာ ကြယ်စင်ရယ်”

“ယုံပါတယ်ကို ဒါပေမယ့် ကြယ်စင်က ကို့မိဘတွေ ကြယ်စင့် သဘောမတူမှာကိုတော့ ကြောက်တယ်”

“ဒါကတော့ ဒီလိုပဲ ကြိုးစားကြည့်ရမှာပေါ့၊ မေမေတို့ ရိုးသားတဲ့ မိန်းကလေးဆိုရင် ဆင်းရဲပါစေ လက်ခံမယ်တဲ့”

သူ့ခမိန့်စကားကြောင့် ကြယ်စင် မသိမသာ မျက်နှာပျက်သွား သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"တ. . တကယ်လား၊ ကြယ်စင်လေး"

"ဩော်. . တကယ်ပါဆိုမှပဲ ကြယ်စင်က ညာပြောစရာလား လို့ သူကပြောတယ်. . နေရာအကွက်အကွင်းကောင်းကောင်း ရှာလိုက်တဲ့၊ အလုပ်ရုံဖွင့်ဖို့ သူ အားလုံးစီစဉ်ပေးမယ်လို့ ပြောတယ်"

ဦးဂျော်နီ ဝမ်းသာလွန်း၍ ရင်ဘတ်ကြီး ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။

"ဒါပဲနော် ဖေကြီး လုပ်ချင်တာဖြစ်ချင်တာတွေကို ကြယ်စင် ကြိုးစားပြီး ဂွင်ဖန်ပေးတယ်၊ ဒီတစ်ယောက်နဲ့တော့ ကြယ်စင့်ကို လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါတော့နော်"

ဦးဂျော်နီ ပခုံးကို မှီနွဲ့ကာ အသနားခံ တောင်းဆိုနေသော ကြယ်စင့်ဆံစကို နှစ်သိမ့်သည့်အနေနှင့် ခပ်ဖွဖွ သပ်လိုက်ပြီး. . .

"ဖေကြီးမှ ကြယ်စင့်ကို မစွန့်လွှတ်နိုင်တာ၊ ဖေကြီးနားမှာ ကြယ်စင် မရှိရင် ဖေကြီး သေသွားလိမ့်မယ် ကလေးရယ်"

"ဒါပေမယ့် ဒီလူနဲ့က ကြယ်စင့်ဘဝတစ်သက်တာ ကောင်းစားဖို့လေ"

"သိပါတယ်. . ကောင်းစားလည်း တူတူကောင်းစားကြမယ် ခံစားရလည်း တူတူခံစားကြမယ်၊ ကြယ်စင်လေးကိုတော့ ဖေကြီး မစွန့်လွှတ်နိုင်ဘူး၊ ဖေကြီး ကြယ်စင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကြယ်စင်အသိပါ။ ဘဝတွေကို အတူတူ ဖြတ်သန်းလာပြီးမှ ဟောဒီက ဂျော်နီ ဖေသန်းဆိုတဲ့ လူအိုကြီးကို ပစ်သွားတော့မလို့လား ကလေးရယ်"

ကြယ်စင့်ကိုယ်လေးကို ပွေ့ဖက်ပြီး ဦးဂျော်နီ မျက်ရည်ဝဲတက်သွားသည်။ ကြယ်စင် စိတ်ပျက်စွာဖြင့် သက်မတစ်ချက် ခိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"ခလွမ်. . ခလွမ်"

"အမလေး ကုန်ပါပြီ၊ ငါ့ဖန်ခွက်တွေတော့ ကွဲကုန်ပါပြီ"

"သက်ဝေ လက်နှင့် မတော်တဆ တိုက်မိ၍ ကွဲကျသွားသော ဖန်ခွက်ကိုကြည့်ပြီး ဒေါ်ခင်ရတနာကျော် ရင်ဘတ်ဖိပြီး အော်လိုက်သည်။

သက်ဝေ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ထူပူသွားကာ ကြမ်းပြင်တွင် ကွဲကျနေသော ဖန်ခွက်အကွဲစတွေကို. . ကပျာကယာ ကောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား. ."

"ကဲ. . စူးပြီ မဟုတ်လား၊ လုပ်လိုက်ရင် အရမ်းအရမ်းပဲ၊ ဒီဖန်ခွက်တစ်လုံး ဘယ်လောက်တန်လဲ ညည်းသိလား သက်ဝေ"

ထမင်းစားဝိုင်း မိသားစုစုံစုံလင်လင်ရှိသော အချိန်မှာ အဆူအငေါက် ခံနေရ၍ သက်ဝေမျက်နှာမှာ ပြုံတော့မည့်မိုးလို ညိုမှောင်နေသည်။

"သက်ဝေ သိပါတယ် ကြီးကြီးရယ်၊ သက်ဝေကြောင့် ဖြစ်သွားတဲ့အတွက် သက်ဝေ ပြန်လျော်ပေးပါ့မယ်"

ဒီဖန်ခွက်တွေကို ဘယ်လောက်တန်တယ်လို့ ညည်းထင်နေလို့လဲ၊ ဒါ ကနေဒါနိုင်ငံက မိတ်ဆွေက set လိုက် လက်ဆောင်ပေးထားတာဟဲ့၊ မြန်မာပြည်မှာတောင် ဒီလိုဖန်သားကောင်းတဲ့ ဖန်ခွက်မျိုးမရှိဘူး၊ အသုံးကိုမကျဘူး"

သုခမိန် ထမင်းစားနေရင်းမှ ပြောဆိုအပစ်တင်ခံနေရသော သက်ဝေကိုကြည့်ပြီး သနားသွားသည်။ မေမေဘယ်လိုဖြစ်ပြီး ဒီလောက်ထိ စိတ်တွေမာထန်သွားရတာလဲ၊ တခြားအိမ်ဖော်တွေကိုတောင် ဒီလောက် ရင့်ရင့်သီးသီး ဆက်ဆံလေ့မရှိ။

"မေမေရယ် ဖန်ခွက်ကလေး တစ်လုံးလောက်နဲ့ အဲလောက်ဆူမနေပါနဲ့တော့၊ ဟိုမှာ လက်ထိလို့ သွေးကထွက်နေပြီ"

ကြားထဲမှ သုခမိန် မနေသာတော့၊ သက်ဝေကို သနားသွားသည်။

"ကဲ. . သွား. . သွား၊ ဒေါ်နန်း အခန်းထဲက ဆေးသေတ္တာယူပြီး သူ့လက်က ဒဏ်ရာကို ဆေးထည့်ပေးလိုက်ပါ၊ ဟွန်း. . မပြောချင်ဘူး၊ စိတ်က ဘယ်ရောက်နေလဲမှမသိတာ၊ ဒီခေတ် သားပျို သမီးပျိုတွေ ထိန်းရတာ ခက်ကိုခက်ပါတယ်လေ"

"ဟုတ်ကဲ့. . မမကြီး၊ လာ သက်ဝေ၊ ဒေါ်နန်း ဆေးထည့်ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်း သက်ဝေကို ခေါ်သွားသည်။ သက်ဝေ မျက်ရည်ကြည်လက်ကာ ဒေါ်နန်းနောက်မှ လိုက်သွားသည်။

ဒေါ်နန်းနှင့်သက်ဝေ ထမင်းစားခန်းထဲမှ ထွက်သွားမှ ဖေဖေ့ထံမှ သက်မတစ်ချက်ရှိုက်သံကို ကြားရသည်။

"ရတနာရယ်. . ဟိုခမျာ အပျိုလေးလေး၊ ယောက်ျားပျို တစ်ယောက်ရှေ့မှာ အဲဒီလို အပြောခံရတော့ ရှက်ရှာမှာပေါ့ကွယ်၊ ဒီက လေးမလေးက ရိုးသားအေးဆေးပါတယ်၊ သူ ရုပ်ပလာနိုင်လို့ ပြုတ်ကျတာမှ မဟုတ်တာ၊ မတော်တဆ လွတ်ကျတာပဲ"

"အိမ်ဖော်တွေဆိုတာ ဒီလိုနှိမ်ထားနိုင်မှ တော်ကာကျမှာရှင့်၊ မျက်နှာသာပေးရင် ကျွန်မသားကိုပါ အလွတ်ပေးမှာ မဟုတ်ဘူး၊ ခုတောင် မြူဆွယ်ချင်နေမှာ"

မဲ့ကာရွဲ့ကာ ပြောနေသော ဒေါ်ခင်ရတနာကျော်ကို ကြည့်ပြီး သုခမိန် ထမင်းပင် ဆက်မစားချင်တော့။

သက်ဝေ သနားပါတယ်၊ ခုတစ်လော ဒဏ်ရာတွေချည်းပဲ ဆက်တိုက် ရနေရတယ်လို့၊ ဒီကြားထဲ သားသမီးချင်း မစာမနာ အပြောခံရသေးတယ်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

“ကြယ်စင်. . ကြယ်စင်ရေ”

“အိမ်တံခါးကြီး ဖွင့်ထားပြီး လူရိပ်မမြင်ရ၍ သုခမိန် အိမ်ပေါ်သို့ တက်လာပြီး ကြယ်စင့်ကို လှမ်းခေါ်လိုက်သည်။

ဦးကျော်နီ၏လက်မောင်းပေါ် ခေါင်းအုံးကာ အိပ်ပျော်နေသော ကြယ်စင့်မှာ သုခမိန်၏ခေါ်သံကြောင့် မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာပြီး လှဲအိပ်နေရာမှ ဆတ်ခနဲ ထလိုက်သည်။

“ဟင်. . ဒါ. . ဒါ. သုခမိန်အသံပဲ”

www.burmeseclassic.com

www.burmeseclassic.com

ဖရိုဖရဲ ဖြစ်နေသော ဆံစတို့ကိုသပ်ပြီး အိမ်ရှေ့သို့ ကပျာကသာ ထွက်ခဲ့လိုက်သည်။

"ကို. ."

အခန်းထဲမှ အိပ်ယာထလာသည့် ဖရိုဖရဲပုံစံဖြင့် ကြယ်စင့်ကိုမြင်တော့ သုခမိန် ပြုံးလိုက်သည်။

"အိပ်ပျော်နေတာလား ကြယ်စင်"

"အင်း. . ဟုတ်တယ်ကို၊ နေ့ခင်းနေ့လည် ဘယ်မှလည်း သွားစရာမရှိဘူး၊ ပျင်းပျင်းရှိတာနဲ့ အိပ်နေတာ"

အိမ်နေရင်း ဂါဝန်ဖရိုဖရဲနှင့် ကြယ်စင့်ပုံစံလေးက သုခမိန်မျက်စိထဲတွင် တစ်မျိုးလေးလှနေသလိုပင်။

"ကို. . ဘယ်ကလှည့်လာတာလဲ၊ ကြယ်စင့်ဆီလည်း ဖုန်းမဆက်ဘူး၊ လာမယ်ဆို ကြိုဖုန်းဆက်ပေါ့၊ ကြယ်စင် တစ်ခုခုစားဖို့ စီစဉ်ထားမှာပေါ့"

"ကိုယ်လည်း အစီအစဉ် မရှိပါဘူး၊ ဖေဖေနဲ့ ဟိုတယ်ကိုလိုက်သွားရင် နေ့ခင်းဘက် ပျင်းနေတာနဲ့ ကြယ်စင်ရဲ့ဘက်လှည့်လာလိုက်တာ၊ ဒါနဲ့ ကြယ်စင့်အဖေရော အလုပ်ကပြုတ်လာပြီဆိုတော့ ကားဝပ်ရှော့ဖွင့်ဖို့ နေရာရှာပြီးပြီလား"

ဦးဂျော်နီပါ၊ အိပ်ခန်းထဲမှ ကမူးရှူးထိုး ထွက်လာသည်။

"ဩော်. . ဦးလေးလည်း အိပ်နေတဲ့ပုံပဲ"

ဦးဂျော်နီ ဘောင်းဘီတိုနှင့် အင်္ကျီဗလာဖြင့် ထွက်လာသောကြောင့် ကြယ်စင် မျက်စိမျက်နှာပျက်ကာ. . .

"ဖေကြီး အင်္ကျီလေးဘာလေး သွားဝတ်ပါဦး၊ သုခမိန်ရှေ့မှာ အဲလိုကြီး မနေပါနဲ့"

"ဩော်. . အေး. . ဟုတ်သားပဲ"

"ရပါတယ် ဦးလေးရယ်၊ ရာသီဥတုကပူတော့ ခုလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေတော့ ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေးကွာ . . နာလည်ပေးလို့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ စောစောက ကားဝပ်ရှော့ဖွင့်ဖို့ ဂိုဒေါင်အကြောင်းပြောတာ ကြားလိုက်သလားလို့"

"ဟုတ်တယ်၊ ဦးလေး ခုပဲ ကြယ်စင့်ကိုမေးနေတာ၊ ဦးလေးက အလုပ်က ထွက်လာရပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ်ပိုင်လုပ်ငန်းလေး တစ်ခုထောင်လိုက်တော့ အခြေအနေ မပျက်တော့ဘူးပေါ့"

"ဟုတ်တာပေါ့ ငါ့တူရယ်၊ ကြယ်စင် ပြောပြလို့ မောင်သုခမိန်က ဝပ်ရှော့ထောင်ပေးမယ်ဆိုတာ သိရတော့ ဦးလေးလေ အားလည်း နာတယ်၊ ဝမ်းလည်းသာတယ်၊ နေရာလိုက်ကြည့်တော့ ရောင်းဖို့တွေပဲရှိတယ်၊ ငှားဖို့တော့ မရှိဘူးကွယ်"

မြေငှားပြီးလုပ်ရမယ့် အလုပ်မျိုးမလုပ်ချင်၍ တမင်ပင် မြေငှားရန်မရှိဘူးဟု ပြောလိုက်ခြင်း ဖြစ်သည်။ တကယ်တမ်း ဦးဂျော်နီဖေသန်းလိုချင်တာက အလုပ်ရုံအပိုင် ဖြစ်သည်။

"ရောင်းဖို့ တစ်ကွက်တော့ရှိတယ်၊ ဈေးလည်းသင့်တယ်၊ နေရာအကွက် အကွင်းလည်း ကောင်းတယ်၊ ကားအဝင်အထွက် ကောင်းတဲ့ နေရာမျိုးပေါ့၊ အဲ့ဒီလူကလည်း ငွေလိုနေလို့ ရောင်းမှာ"

"ဘယ်လောက်လဲ ဈေးသင့်တယ်ဆိုရင် ဆွဲထားလိုက်လေ"

"ဟိုလေ . . သိန်း . . သိန်းရှစ်ရာတောင် ငါ့တူရယ်"

"ဩော် . . သိန်းရှစ်ရာလား၊ လုပ်ငန်းသုံးပစ္စည်း ထည့်မှာနဲ့ ဘာနဲ့ဆို သိန်းတစ်ထောင်လောက်ဆိုရင် အဆင်ပြေမလား ဦးလေး"

ရက်ရောလွန်းသော သုခမိန်စကားကြောင့် ဦးဂျော်နီဖေသန်း မှင်တက်အံ့သြသော အကြည့်ဖြင့်ကြည့်ကာ

"ဘယ် . . ဘယ်လို သိန်းတစ်ထောင်လောက် . . ဝယ် . . ဝယ်ပေးမလို့လား"

ထင်မှတ်မထားသော လိုက်လျောပေးမှုတွေကြောင့် ကြယ်စင် ဘာပြောရမှန်းပင် မသိတော့၊ ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသည့် ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



တော့ သူခမိန် ကြယ်စင့်ကို တကယ်ချစ်တာပါလားဆိုတာပဲ ဖြစ်သည်။

လောကမှာ အဆိုးနဲ့အကောင်း ဒွန်တွဲနေပါလားဆိုတာ ခုမှ တကယ့်လက်တွေ့ ကြယ်စင် သူခမိန်အပေါ်မှာ အကြံအစည်နှင့် ချဉ်းကပ်နေသလောက် သူခမိန်၏ ရိုးသားဖြူစင်မှုတွေက ရေကြည်တစ်ခွက်လို အေးမြကြည်လင်လွန်းလှပါလား၊ အင်မတန် သိမ်မွေ့နက်နဲလွန်းသည်။

အချစ်ဆိုတာ အဲလိုအရာမျိုးလား၊ ကြယ်စင် ထင်ထားတာက အချစ်ဆိုတဲ့အရာဟာ ငွေလောက်တန်ဘိုးမရှိဘူးပေါ့။

ဒါပေမယ့် ကြယ်စင့် ခြေလှမ်းတွေကတော့ ရှေ့ဆက်တိုးဖို့ပဲ ရှိတော့သည်။

လူဆိုတာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရဖို့ ကိုယ့်အတ္တတွေ ရှင်သန်ကြီးထွားအောင်လုပ်ဖို့ လူ့လောကမှာ လူဖြစ်ခွင့်ရခဲ့တာ မဟုတ်လား။

တကယ်ဆို ဒီလောက်ရပိုင်ခွင့်လေးလောက်ကို ကြယ်စင့်အဖို့ ထူးပြီး မမက်မောတော့၊ တကယ်တမ်း ကြယ်စင် မက်မောတာက သူခမိန်ရဲ့ရင်ခွင်မှာ ထာဝရခိုလှုံပြီး သူခမိန် ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို ကြယ်စင်ပိုင်ဆိုင်ခွင့်ရဖို့ ဒီအတွက် ဘယ်လိုနည်းလမ်းကို သုံးရသုံးရ ကြယ်စင် ထုတ်သုံးရမည်ဖြစ်သည်။

ပစ္စုပ္ပန်မှာ လိုတရမှတော့ အတိတ်က အမည်းစက်တွေဟာလည်း သူ့အလိုလို မီးခိုးလုံးတွေလို မှိန်ဖျော့ပျောက်ကွယ်သွားမှာပါ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"အခြေအနေ ဘာထူးလဲ. . သီလ"

"ထူးတယ် ကြီးကြီးမေ၊ အဲဒီ ကြယ်စင်ဆိုတဲ့ ကောင်မလေးက အပျိုမဟုတ်ဘူးတဲ့"

သီလဆီကစကား ကြားလိုက်ရ၍ ဒေါ်ခင်ရတနာကျော် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။

"နောက်ပြီး သူတို့က တစ်နေရာတည်းမှာ အတည်တကျနေတာ မဟုတ်ဘူး၊ အိမ်ပိုင်ယာပိုင်မရှိတော့. . ဟိုမှာ ခြောက်လ ဒီမှာ ခြောက်လနေပြီး အကြွေးတွေ ပတ်လည်ရိုက်နေကြတာဆိုလည်း. . သခင်လေးကို သူတို့ အပိုင်ချည်ဖို့ ကြိုးစားနေကြပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . ဒါဆို . . ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ငါ့သားလေးတော့ ဒီမိန်းမလုည်ရဲ့ လက်ထဲမှာ ရေတိမ်နစ်တော့မှာပဲ"

"သိပ်စိတ်မပူပါနဲ့ကြီးကြီး၊ ကျွန်တော်တို့ကို သခင်လေး ဘယ်သွားသွား မခေါ်တော့ပေမယ့် ကျွန်တော်တို့ သခင်လေးနဲ့ ခပ်လှမ်းလှမ်းမှာ အမြဲရှိနေပါတယ်၊ သခင်လေးကို သူတို့ ခြယ်လှယ်လို့ မရစေပါဘူး"

ဒါပေမယ့် သူတို့ ဆိတ်ကွယ်ရာအရပ်ကို ရောက်သွားကြရင်တော့ မင်းတို့ ဘယ်လို နောက်ကတကောက်ကောက် လိုက်မလဲ၊ အဲဒီအချိန်ကြရင် ငါတို့ရဲ့ မျိုးရိုးဂုဏ် ရစရာမရှိအောင် ပျက်စီးသွားရလိမ့်မယ်၊ ဒီအခြေအနေအထိကို ငါက ထိုင်စောင့်နေရမှာလား၊ သားကိုဖွင့်ပြောရင်လည်း သူ ဝန်ခံမှာမဟုတ်ဘူး"

"ဒါဆိုရင် အဲဒီကောင်မလေးကို ကြီးကြီးမေ သွားတွေ့မလား"

သီလအမေးကြောင့် တွေဝေသွားပြီး ခေါင်းကို ခပ်ဖြည်းဖြည်း ခါသည်။

"ငါတို့ သွားတွေ့တာထက် ဒီမိန်းကလေးရဲ့ အရိပ်မည်းကြီးကို ဖော်ပြအောင်ပြဖို့ ကြိုးစားရမယ်"

သီလ အကြံတစ်ခုရသွားသည့်နှယ် . . မျက်နှာမှာ ပြုံး၍သွားသည်။

"ဟာ . . ဟုတ်ပြီ၊ ကျွန်တော်တို့ . . ကြယ်စင်ဟာ အပျိုမဟုတ်ဘဲ အိမ်ထောင်ရှိခဲ့ပါတယ် ဆိုတာကို သက်သေပြဖို့ ကြယ်စင့်ယောကျာ်းအကြောင်းကို စုံစမ်းရမယ်"

"အဲဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ လုပ်ကြ . .၊ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ဒီမိန်းကလေးကို ငါ့သား စိတ်ကုန်သွားဖို့ကအဓိက"

"စိတ်ချပါ ကြီးကြီး၊ ကျွန်တော်တို့လည်း သခင်လေးကို ဒီလိုအောက်တန်းစား မိန်းမမျိုးနဲ့ မငြိစွန်းရအောင် ဒီကိစ္စ အမြန်ဆုံး အ



www.burmeseclassic.com

www.burmeseclassic.com



ကောင်အထည်ဖော်မှာပါ”

“မင်းတို့ကိုတော့ ကြီးကြီးယုံပါတယ်၊ သားရဲ့လှုပ်ရှားမှု မှန်သမျှကို သားနဲ့အတူ ပူးပေါင်းပါဝင်ခြင်းမရှိဘဲ ကြီးကြီးကို အားလုံးပြန်သတင်းပို့တဲ့အတွက် သားနောက်ကွယ်ကနေ စောင့်ကြည့်လို့ရတာပေါ့၊ ဒါကြောင့် ကျေးဇူးလည်းတင်ပါတယ်ကွယ်”

“သခင်လေးက ကျွန်တော်တို့ အသက်ပေးပြီးတောင် ချစ်ရမယ့်သူပါ၊ သခင်လေးကို ဒုက္ခပေးမယ့်သူမှန်သမျှကို ကျွန်တော်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး”

ကလေးဆန်လွန်းသော သူခမိန်၏ ဖြူစင်ရိုးသားမှုသည် ဝါဂွမ်းစိုင်လေးကဲ့သို့ အင်မတန် နူးညံ့သိမ်မွေ့လွန်းသည်မို့ ကြယ်စင်လို အမည်းစက်တွေ ဗရပွဖြစ်နေသော မိန်းကလေးတစ်ယောက်နှင့် ဘယ်လိုမှ မတင့်တယ်ပါ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"ဒေါ်နန်း.. သက်ဝေရော မတွေ့ပါလား ဘယ်သွားလဲ"

"သက်ဝေ အပြင်သွားတယ် သခင်လေး"

"ဘာ.. အပြင်သွားတယ် ဟုတ်လား၊ သူ့ကို အပြင် ဘာလုပ်ဖို့ ပေးသွားတာလဲ"

သူခမိန်အမေးကြောင့် ဒေါ်နန်း ဘာဖြေရမှန်းမသိ။

"ဟို.. ဟိုလေ၊ ဒေါ်နန်းလည်း မသိဘူး သခင်လေးရဲ့၊ မနက်တတည်းက ထွက်သွားတာပဲ"

"သီလနဲ့ သူရရော"

"သူတို့ကိုတော့ မမကြီး အလုပ်ကိစ္စတွေ ခိုင်းလိုက်တယ် ထင်



www.burmeseclassic.com

www.burmeseclassic.com

တာပဲ"

"ဟာ. . ဒီအိမ်မှာ ဖေဖေနဲ့ မေမေနှစ်ယောက်ထဲ အလုပ်များတယ် ထင်ထားတာ ခုတော့ ကျွန်တော်ကလွဲပြီး အားလုံး အလုပ်ကိုယ်စီနဲ့ပါလား၊ အဟတ်. . ဟုတ်တော့ နေပါပြီ"

"သခင်လေး ဘာခိုင်းမလို့လဲ၊ ဒေါ်နန်းကိုပြောလေ ဒေါ်နန်းလုပ်ပေးမယ်"

"ရတယ် ဘာမှမခိုင်းတော့ပါဘူး၊ အိမ်မှာ တိတ်ဆိတ်နေလို့ မေးကြည့်တာ၊ ဒါနဲ့. . ဟိုကောင်မလေး ဖန်ခွက်ကွဲ စူးမိတဲ့ဒဏ်ရာ သက်သာရဲ့လား"

"ဟုတ်ကဲ့ သက်သာပါတယ် သခင်လေး၊ သက်ဝေလေးကလေ အရမ်းကို သနားစရာကောင်းပါတယ်၊ သူ့ခမျာ ရုပ်ရည်လေးချောပြီး အိမ်အကူ လာလုပ်နေရရှာတာ၊ အလုပ်ဆိုရင်လည်း သူသာ အပင်ပန်းခံလုပ်တယ်၊ ဒေါ်နန်းတော့လေ သူရောက်လာတဲ့နေ့ကစပြီး အလုပ်လုပ်ရတာ အရမ်းသက်သာသွားတယ် သိလား"

သက်ဝေအကြောင်း ထိုင်ချီးမွမ်းနေသော ဒေါ်နန်းစကားကို သုခမိန်လည်း အကြွင်းမဲ့ ယုံပါသည်။ မေမေဆူလျှင် ဝေါက်လျှင်တောင် တစ်ချက် မျက်နှာမပျက် ဆင်ခြေမပေးဘဲ ခေါင်းငုံ့ငြိမ်ခံတတ်သည်။

"သူ တော်တဲ့မိန်းကလေးဆိုတာ ကျွန်တော်လည်း သိပါတယ်၊ မေမေ့ကြောင့် ခက်ပါတယ် ဒေါ်နန်းရယ်၊ သက်ဝေကိုဆိုရင် နည်းနည်းမှကို မျက်နှာသာမပေးဘူး၊ ကျွန်တော်ကလည်း ကိုယ့်ထက် နိမ့်ကျတဲ့သူအပေါ် အမြဲတမ်း အထက်စီးနင်း မဆက်ဆံတတ်တော့ မေမေ့စိတ်ကို နားကိုမလည်တော့ဘူး"

ပျင်းပျင်းရှိတာနှင့် ဒေါ်နန်းရှိနေသော မီးဖိုခန်းထဲမှာ အပျင်းပြေ ထိုင်စကားပြောနေမိသည်။ သုခမိန်ဟာ ဘယ်တော့မှ အဆင့်အတန်း မခွဲခြားတတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းမက်ဆေ့ဝင်လာသံကြောင့် ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်လိုက်ပြီး မက်စ်စေ့ဘောက်စ်ကို ဖွင့်လိုက်သည်။

Hi. . မင်္ဂလာပါဆိုသော မိတ်ဖွဲ့စာဖြစ်၍ အားနာတတ်သော သုခမိန်ကလည်း ပြန်၍ ဟိုင်းလိုက်သည်။ အပျင်းပြေစရာ တစ်ခု တွေ့သွားသည်မို့ ဒေါ်နန်းရှိရာ မီးဖိုခန်းထဲမှ ထွက်လာပြီး အိမ်ရှေ့ ဧည့်ခန်းထဲမှာ ထိုင်ပြီး မက်ဆေ့ရေးပို့လိုက်သည်။ တစ်ဖက်မှ ပြန်၍ လာသည်။ သူ့နာမည် နှင်းဆီပါဟူသော စာတမ်းကြောင့် သုခမိန်ပြုံး လိုက်သည်။

နာမည်လေးကတော့ လှပတင့်တယ်သည်။ မြန်မာဆန်သည်မို့ ကိုယ့်ဘက်ကလည်း ရိုးရိုးသားသားပင် ပြန်၍ မိတ်ဖွဲ့လိုက်သည်။

တစ်ဖက်က စာပြန်ပို့သည်။ သူ စိတ်ညစ်နေ၍ စိတ်ထဲရှိသည့် နံပါတ်တွေကို ရမ်းနှိပ်လိုက်ခြင်းသာ ဖြစ်ကြောင်းနှင့် သူ စာပို့လိုက်မိ သောသူသည် မင်းသားလေးတစ်ပါးလို ချောမောပြေပြစ်ရမည်ဟု သူ့ အတွေးကို ရဲရဲဝင့်ဝင့် ပြောပြသည်။

တစ်ဖက်မှ ထင်မြင်ချက်သည် သွေးထွက်အောင် မှန်နေသည် မို့ တစ်ယောက်ထဲ သဘောကျစွာ ရယ်လိုက်သည်။

"အဟုတ် တကယ်တော်တဲ့ မနှင်းဆီ၊ အကြားအမြင်များ ရနေ လို့လား မသိဘူး"

သုခမိန် ဘာမှပြန်မရေးဘဲ ရယ်မောနေသော ကာတွန်းပုံလေး တစ်ပုံ ပို့လိုက်သည်။ နှင်းဆီထံမှ စာပြန်ပို့သည်။

ရှင့်မှာ သိပ်ချစ်ရတဲ့ ချစ်သူရှိလားဆိုသည့် မေးခွန်းမျိုးဖြစ် သည်။ ဒါဟာ ဇာတ်လမ်းစချင်၍ စကားလမ်းကြောင်းသည်ဟု ခပ် လွယ်လွယ်တွေးကာ. . .

ချစ်သူရှိကြောင်းနှင့် နာမည်က ကြယ်စင်လင်းဖြစ်ပြီး မကြာ ခင် လက်ထပ်မည်ဆိုသည့်အကြောင်းကို စာပြန်ရိုက်၍ ပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဘယ်မှာနေသလဲ၊ ရှင့်ကိုရော ရှင့်ချစ်သူကိုရော အပြင်မှာ မြင်ဖူးချင်လိုက်တာ ဟူသော စာပြန်ဝင်လာသည်။

သုခမိန်စာကိုဖတ်ပြီး တစ်ယောက်ထဲ သဘောကျ၍နေသည်။ ထို့နောက် ချစ်သူက လှိုင်သာယာရပ်ကွက်ကလေးတစ်ခုမှာနေကြောင်းနှင့် မင်္ဂလာဆောင်လျှင် ဖိတ်လိုက်မည်ဟူသောစာကို ပြန်ရိုက်ထည့်ပေးလိုက်သည်။

တစ်ဖက်ကလည်း စာပြန်ပို့သည်။ လှိုင်သာယာသည် လူသတ်မှု ခဏခဏဖြစ်သည်။ အမည်းရောင်နယ်မြေဖြစ်ပြီး ခဏခဏ မသွားပါနဲ့ဟူသော စာဖြစ်သည်။ လှိုင်သာယာက ကြယ်စင်လင်းဆိုလျှင် သူသိကြောင်းနှင့် ထိုမိန်းကလေးသည် အကျင့်စာရိတ္တမကောင်းကြောင်း ဟူသောစာကို ပြန်ပို့လာသဖြင့် သုခမိန် မျက်ခုံးနှစ်ဖက် မြင့်တက်ကာ

"အယ် . . ဘာလဲဟ၊ အဟုတ်မှတ်ပြီး စာပြန်ပို့နေတာ အဖျတ်သမားပဲ၊ ဟွန်း . . သူများချစ်သူကိုများ အကျင့်စာရိတ္တမကောင်းဘူး ပြောရတယ်လို့ . . တော်ပြီ စာဆက်မပို့တော့ဘူး"

တစ်ယောက်ထဲ မကျေမနပ်ပြောပြီး မက်စ်ဆေ့ဘောက်စ်ကို ပိတ်လိုက်သည်။ ပွင့်လင်းရိုးသားသော ချစ်သူ၏ ဆင်းရဲနုံချာတာကို အထင်သေးစရာအဖြစ် ရှု့ချပြီး လူတွေဘာကြောင့် အကောင်းမမြင်နိုင်ကြပါလိမ့်။




www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၃၂)

ကြယ်စင်နှင့်သွားတွေ့ရန် ရေချိုးပြီး ရေချိုးခန်းက ထွက်လာသည်နှင့် မွေးပွဲသဘက်ကြီးကိုင်ကာ အဆင်သင့်ရပ်စောင့်နေသော သက်ဝေကိုမြင်သည်နှင့် လူက ရှုံးတို့ရှုန့်တန့်ဖြစ်သွားကာ. . .

"အယ်. . နင်. . နင်က ဒီမှာဘာလာလုပ်နေတာလဲ"

"ကြီးကြီး လွှတ်လိုက်တာပါ၊ သခင်လေး ရေချိုးပြီးရင် ကျောတွေကို ရေသေချာသုတ်ပေးဖို့ အကျီအဝတ်အစား ပြင်ဆင်ပေးဖို့ပါ"

"ဟာ. . မလိုပါဘူး၊ ကိုယ့်ဟာကိုယ် လုပ်မှာပေါ့လို့. . ရော့ယ်ပေး. . ပေး"

သက်ဝေလက်ထဲမှ သဘက်ကို လှမ်းတောင်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သက်ဝေမပေး. . .။

"သက်ဝေကို သနားရင် ကြီးကြီးခိုင်းတဲ့အတိုင်း အလုပ်တာဝန်ကျေပါရစေ၊ အဲလိုမှ မလုပ်ပေးရင် ကြီးကြီး သက်ဝေကို အပြစ်ပေးလိမ့်မယ်"

"ဩော်. . ဒါများ. . ငါ ခိုင်းတဲ့အတိုင်း လုပ်ပေးပြီးပြီလားလို့ မေးရင်. . ပြီးပြီလို့ ဖြေလိုက်ပေါ့၊ မေမေသိတာမှတ်လို့"

သက်ဝေ ခေါင်းခါသည်။

"ဟင့်အင်း သက်ဝေမညာချင်ဘူး၊ တစ်ခါမှလည်း မညာဖူးပါဘူး၊ လိမ်တယ်ညာတယ်ဆိုတာ ကောင်းမှမကောင်းတာ သခင်လေးရယ်"

"အယ်. ."

သူပြောသည့်စကားက ကိုယ်ကပဲ သူညာကြီး ဖြစ်ရပြန်ပြီ။

"ကဲ. . လှည့်ပါ၊ ဟိုဘက်ကို သက်ဝေသခင်လေးကျောက ရေစက်တွေကို သုတ်ပေးမယ်နော်"

သက်ဝေ သဘက်ဖြင့် သုခမိန် နောက်ကျောမှ လာရပ်ပြီး ကျောမှ ရေစက်အချို့ကို ဖြည်းညှင်းစွာ သုတ်ပေးသည်။ ကလေးငယ်တစ်ယောက်လို ပြုစုခံနေရသော ဝင့်တွေ ဘယ်တော့များမှ ပြီးနိုင်ပါ့မလဲ။

ရေသုတ်သဘက်ဖြင့် ညင်သာလွန်းနေသော အထိအတွေ့ကြောင့် အသည်းထဲမှာ ယားကျလိ ယားကျလိ ဖြစ်နေသည်။ သီလအခန်းထဲ ဝင်လာသည်။

သုခမိန်နှင့် သက်ဝေကိုမြင်တော့ ပြုံးစိစိ ဖြစ်၍သွားသည်။

"ဘာကိစ္စလည်း သီလ"

"သက်ဝေ သခင်လေးကို သေချာပြုစုလား မပြုစုလားဆိုတာကို လာကြည့်တာပါ"

"ဒီအလုပ်က မင်းတို့လုပ်ရမယ့် အလုပ်ပေါ့၊ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ဝေက လုပ်ပေးရမှာလဲ”

“ကြီးကြီးက သက်ဝေ လုပ်ပေးရမယ်လို့ အမိန့်ထုတ်ထားလို့ပါ သခင်လေး”

မေမေ ဘာကြောင့် ဒီလိုတွေ လုပ်နေရသလဲဆိုတာ သုခမိန် နားမလည်။

“ဟယ်. . သခင်လေး၊ ခြေသည်းလက်သည်းတွေ နည်းနည်း ရှည်နေပြီ၊ သက်ဝေ ညှပ်ပေးမယ်နော်၊ အရင်ဆုံး အင်္ကျီဝတ်လိုက်ပါဦး၊ တော်ကြာ အအေးပတ်နေပါ့မယ်”

“ကဲ. . သက်ဝေ သခင်လေး လိုအပ်တာကို လိုလေသေးမရှိအောင် လုပ်ပေးနော်၊ ငါ စိတ်ချမယ်”

“ဟုတ်ကဲ့ပါ ကိုသီလ”

“ကျွတ်. . ခုတလော အိမ်ကလူတွေ ဘာဖြစ်နေကြတာလဲ၊ ထူး တော့ ထူးဆန်းနေတယ်”

“ရော့. . သခင်လေး ဒီဝတ်စုံတွေ ဝတ်လိုက်ပါ၊ အရောင်မကြိုက်ရင်တော့ တခြားတစ်စုံ လဲပေးပါ့မယ်”

ချောကလက်ရောင် စပို့ရှပ်နှင့် ဘောင်းဘီကို ထုတ်ထားပြီး သုခမိန်ကို လှမ်းပေးသည်။

“ဩော်. . မေ့ပြန်ပြီ၊ အတွင်းခံဘောင်းဘီ မပါသေးဘူး”

သုခမိန်မျက်နှာ ဖျန်းခနဲ ပူဆင်းသွားသည်။ မိန်းမပျိုတစ်ယောက်က ကိုယ်ဝတ်ဖို့ အတွင်းခံဘောင်းဘီကအစ ထုတ်ပေးနေသည့် အခြေအနေမျိုးမှာ သူက မျက်နှာမပူဘူးပဲထား၊ ကိုယ့်မှာတော့ မျက်နှာ ပူနေရသည်။

“ငါ. . ငါ. . ဒီအဝတ်အစားတွေကို ခင်ဗျားလေး ဒီအခန်းထဲက မထွက်ဘဲ ဘယ်လိုဝတ်မလဲ”

“ဩော်. . အပေါ်အင်္ကျီလောက်ကတော့ သက်ဝေဝတ်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး၊ ကိုယ့်ဘာသာကိုယ် ဝတ်မယ်"

"အရှက်သည်းနေသော သူခမိန်ကိုကြည့်ပြီး သက်ဝေ ရယ်ချင်နေသည်။

"အင်းလေ ဒါဆိုရင် သက်ဝေ လက်သည်းညှပ် သွားယူလိုက်ဦးမယ်နော်"

သက်ဝေ အခန်းအပြင်သို့ ထွက်သွားသည်။

"ဝုန်း. ."

"အမလေး. ."

"ဟင်. ."

အဝတ်အစား လဲခါနီးဆဲဆဲ အပြင်မှ သက်ဝေ၏ အလန့်တကြားအော်သံကြောင့် ကိုယ်မှာ မွေးပွသဘက်ကြီး ပတ်ထားရင်း တန်းလန်းနှင့်ပင် အပြင်ကို ပြေးထွက်ခဲ့လိုက်သည်။

ထိုင်ခုံအရှည်ကြီးနှင့်အတူ သက်ဝေကြမ်းခင်းမှာ လဲကျနေသည်။

"ဟော့. . အဲဒါဘာဖြစ်တာလဲ၊ ကျွတ်. . ဟာကွာ၊ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းကြီးပဲ. . ထ. . ထ"

"အ. . သက်. . သက်ဝေ၊ ခါးအရမ်းနာသွားတယ်၊ ထလို့မရဘူး၊ ကူ. . ကူတွဲပါဦး သခင်လေးရယ်"

ကိုယ့်ရှေ့မှာ နာကျင်နေသော သက်ဝေကို ဥပေက္ခာ ပြုမသွားနိုင်သဖြင့် သက်ဝေကို ဆွဲထူလိုက်သည်။

"အား. . နာတယ်"

"ဘာဖြစ်တာလဲ၊ မင်း မတ်တပ်မရပ်နိုင်ဘူးလား"

"အ. . ဟုတ်တယ်၊ ခုံအရှည်ပေါ်က ပြုတ်ကျတဲ့အရှိန်ကြောင့် ခါးနာသွားတယ်၊ ကျိုး. . ကျိုးများကျိုးသွားပြီလား မသိဘူး၊ အား. . ကျွတ်. . ကျွတ်. . ကျွတ်"

တော်တော်လေး နာကျင်နေပုံရသဖြင့် သူခမိန် တွဲလျှောက်မ

www.burmeseclassic.com



နေတော့ပဲ သက်ဝေကိုယ်လေးကို ဆွဲခနဲ ပွေ့လိုက်သည်။

"အို. . သခင်လေး လွှတ်ပါ၊ ကြိုးကြိုးမြင်သွားရင် တစ်မျိုးထင်နေပါ့မယ်"

"ဒီမှာ ငါကလည်း ချီချင်လို့ချီတာ မဟုတ်ဘူးနော်၊ မင်း လမ်းမလျှောက်နိုင်လို့"

ပြောပြောဆိုဆိုဖြင့် သက်ဝေကို သုခမိန်တစ်ယောက် သူ့အခန်းထဲသို့ပဲ ပွေ့ချီခေါ်ယူသွားလိုက်သည်။

"သခင်လေး သက်ဝေအခန်းက အောက်ထပ်မှာလေ"

"သိတယ်. . အောက်ထပ်ကို ပွေ့ချီသွားရလောက်အောင် ငါဘယ်လိုနိုင်မလဲ၊ မေမေတို့မြင်ရင် ပိုပြီးတစ်မျိုးထင်မှာပေါ့၊ ဝှူး. . လူကောင်က သေးမလိုလိုနဲ့ ကိုယ်လုံးကြီးက နင့်နေတာပဲ"

သက်ဝေကို ပွေ့ချီထားရင်း မချိမဆန့် ငြီးတွားလိုက်သည်။ သက်ဝေ သုခမိန်ရင်ခွင်မှာ မျက်နှာအပ်ကာ ပြုံးလိုက်သည်။

ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ ခိုလှုံခွင့်ရဖို့အတွက်. . သက်ဝေလုပ်ရပ်တွေ မှားသည်မှန်သည် မခွဲခြားချင်တော့။

ခုလောလောဆယ်မှာတော့ သက်ဝေ၏ ခံစားမှုတွေသည် ရှိုလာကိုစတာ စီးရသလို ငြိမ့်ငြိမ့်လေး။

လေးနင့်နေသော သက်ဝေကိုယ်လေးကို သုခမိန် အခန်းထဲသို့ ခေါ်လာပြီး ဆိုဖာခုံရှည်ပေါ် တင်ပေးလိုက်သည်။

"အမလေး. . ဒါ ဘယ်လိုဖြစ်ကြရပြန်တာလဲ"

"ဟင်. . မေမေ"

သက်ဝေကိုယ်ကို ဆိုဖာခုံရှည်ပေါ် တင်ပေးလိုက်ပြီး အခန်းဝတွင် ရပ်နေသော မေမေ့ကို အလန့်တကြား ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"သက်ဝေ သခင်လေးကို ခြေသည်းလက်သည်းညှပ်ပေးဖို့ လက်သည်းညှပ်ကို စင်ပေါ်တက်ယူကာ ခုံနဲ့တိုက်မိပြီး လဲကျသွားလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး"

"ဟုတ်တယ် မေမေ၊ သူ ခါးနာသွားလို့ သားပွေ့ချီလာတာ"

"သက်ဝေနော်၊ ညည်း အနေအထိုင် ဆင်ခြင်ပါ၊ ငါ့သားကို မမြူဆွယ်နဲ့လို့ သတိပေးထားပါရက်နဲ့"

ထုံးစံအတိုင်း အပြစ်အားလုံး သက်ဝေပေါ်မှာ ပုံကျပြီမို့ သုခမိန် မနေသာတော့။

"မေမေ ဘာတွေ လျှောက်ပြောနေတာလဲ၊ သားနဲ့သူနဲ့ ဘာမှ မဖြစ်ဘူး၊ သူကလည်း ဘာမှမမြူဆွယ်ဘူး၊ ခက်တယ်မေမေရာ"

သုခမိန် ထိုသို့ပြောပြီး ဝတ်မည့်အကျီကို ဖျတ်ခနဲယူကာ အခန်းအပြင်သို့ မကျေနပ်သော ခြေလှမ်းတွေဖြင့် ထွက်လာခဲ့လိုက်သည်။

ဒီလောက် သံသယများနေလျှင် . သက်ဝေကို ဘာကြောင့် သုခမိန်အနားမှာ ပြုစုစောင့်ရှောက်ဖို့ ထားသေးလဲ။

မေမေ ဘာတွေလုပ်နေသလဲ၊ နားကို မလည်နိုင်တော့။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"မင်းမှာ ချစ်သူရှိနေပြီ မဟုတ်လား သုခမိန်"

"ဟာ. . ဘယ်ကလာ ရှိရမှာလဲ မေမေရာ၊ ဖေဖေ့ဟိုတယ်ကိုလည်း လုပ်ငန်းအတွေ့အကြုံလိုက်ယူရ၊ တစ်ဖက်က ပရဟိတလုပ်ငန်းအတွက်လည်း လုပ်ကိုင်ရနဲ့ ချစ်သူထားဖို့ဆိုတာ စဉ်းကိုမစဉ်းစားဘူး၊ ဒါတကယ်ပြောတာ မယုံမရှိနဲ့"

"မေမေ ယုံချင်ပါတယ် သားရယ်၊ ဒါပေမယ့် မေမေ့သားက သိမ်တတ်နေပြီဆိုတော့ မေမေ ဘယ်လိုယုံရတော့မလဲ"

မိခင်ဖြစ်သူ၏ သံသယ အကြည့်တွေကို စိတ်မပူစွာ ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သားကို သက်ဝေနဲ့ ချစ်နေကြပြီလို့ ထင်နေတာလား"

"သားချစ်သူ ဘယ်သူလဲ ဆိုတာကိုတော့ သားကလွဲပြီး ဘယ်သူက ပိုသိနိုင်မှာလဲ၊ ဒီတော့ သားအရင်ပြောကြည့်"

"ဆောရီးပဲ. . မေမေ၊ သား သက်ဝေနဲ့ ဘာမှမဖြစ်ဘူး၊ လုံးဝရိုးသားတယ်၊ မေမေထင်နေသလိုလည်း ဖြစ်လာစရာအကြောင်း မရှိတဲ့အတွက် စိတ်မပူပါနဲ့ မေမေ"

"ခုပြောနေတာ သက်ဝေနဲ့ မဟုတ်ဘူး၊ တခြားမိန်းကလေးတစ်ယောက်နဲ့ မင်းတို့ချစ်နေကြတာကို ပြောတာ"

မေမေ့စကားကြောင့် သုခမိန် လန့်သွားသည်။ သီလတို့ ဘာပြောလိုက်လို့လဲ။

"သီလတို့ ဘာတွေပြောထားလို့လဲ မေမေ့ကို"

"သီလတို့ သူရတို့က ဘာမှမပြောဘူး သားရဲ့၊ သားမှာ ချစ်သူရှိတယ်ဆိုတဲ့အကြောင်းကို သားကိုယ်တိုင် မေမေ့ကို ပြောတာ"

"ဗျာ. . "

သုခမိန် ရယ်ချင်သွားသည်။ မေမေ လူကို သက်သက်အကြောင်ရိုက်နေတာ အသိသာကြီးမို့ သုခမိန် ရယ်လိုက်သည်။

"ဘာရယ်တာလဲသား၊ မေမေပြောတဲ့အထဲမှာ ရယ်စရာ တစ်ခွန်းမှ မပါဘူး"

"မပါပေမယ့် မေမေသားကို အစ်နေမှန်း အသိသာကြီး"

"အလိုတော်၊ အစ်စရာ ဘာအကြောင်းရှိလို့လဲ၊ မင်းကိုယ်တိုင်ပြောခဲ့တာလေ၊ မယုံရင်ကြည့် ဟောဒီမှာ"

ဒေါ်ခင်ရတနာကျော် ဘူးတစ်လုံးဆောင်နေသောသားကို ဖုန်းတစ်လုံး လှမ်းပေးလိုက်သည်။

"ဒီဖုန်းက ဘယ်သူ့ဖုန်းလဲ"

"Telenor လေ၊ ဟိုတစ်နေ့က မင်းကို မက်ဆေ့တွေ ရေးပို့တာ ဟော့ဒီဖုန်းနဲ့ မနှင်းဆီလေ၊ မနှင်းဆီဆိုတာ မေမေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

မေမေတို့ ဉာဏ်ကြီးပုံများ သားမှာ ချစ်သူရှိမရှိသိရန် တခြား မိန်းကလေးပုံစံနှင့် hello တွေ. . hi တွေ. . လုပ်ပြီး စုံစမ်းရတယ်လို့"

သူခမိန် ဘယ်လိုမှ ငြင်း၍မရတော့။

"အဲ. . ဒါ. . ဒါကတော့ ဒီလိုရှိတယ် မေမေရ"

"ဒါတွေဒီတွေ လုပ်မနေနဲ့သား၊ မေမေကလေ ခေတ်ဟောင်း မိခင် မဟုတ်ဘူးကွ၊ ခေတ်သစ်မိခင်ပေါ့၊ မင်း ဘာတွေလှုပ်ရှားနေသလဲ ဆိုတာ မေမေ အကုန်သိတယ်၊ ပရဟိတ လုပ်ငန်းအကြောင်းပြပြီး အတ္တဟိတတွေ လုပ်နေတာ မေမေ မသိဘဲနေမလား၊ သား ဘယ် လောက် လိမ်တတ်နေပြီလဲဆိုတာ စောင့်ကြည့်နေတာ"

"ဒါများ အလိမ်ရှည်အောင် မသိချင်ဟန် ဆောင်နေရလား၊ မေမေရယ်၊ သား ဘယ်လောက် စိတ်ပင်ပန်းတယ် မှတ်သလဲ၊ ဖြစ်နိုင် ရင် သားက မလိမ်ချင်ပါဘူး၊ သားချစ်သူကို မေမေ့ရှေ့ကို ခေါ်လာ ချင်တာပါ"

မထူးတော့ပြီမို့ ကြယ်စင့်အကြောင်း ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက် သည်။

"သား သူ့ကိုလက်ထပ်မယ် မေမေ"

"မဖြစ်နိုင်ဘူး. . သူ အပျိုမဟုတ်ဘူးသား၊ သူ့မှာ အိမ်ထောင် ရှိတယ်၊ မင်းဆီက ငွေညှစ်ဖို့အတွက် သူတို့ မင်းဆီမှာ ချဉ်းကပ်နေကြ တာ၊ နားလည်လားသား"

"သူတို့က ဆင်းရဲရုံ ဆင်းရဲတာပါ၊ ဆင်းရဲတာ မရိုးသားတာမှ မဟုတ်တာ မေမေရယ်၊ သူတို့ သားဆီက ဘာမှမတောင်းဆိုပါဘူး၊ သားကသာ သူတို့သားအဖ ကိစ္စအဝဝကို ဖြေရှင်းပေးချင်တာပါ"

ကြယ်စင်တို့ သားအဖဘက်က ရပ်တည်၍ မေမေ့ကို အတိုက် အခံပြောနေရသည့်အဖြစ်။

"အဲဒါပဲလေ. . သူတို့က လူလည်တွေ၊ သားဆီက ငွေမထွက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်အောင် ချူဖို့က သူတို့ရဲ့ ပညာရပ်ပဲ သားရယ်၊ အဲဒီမိန်းကလေး အိမ်ထောင်ရှိတယ်ဆိုတာ မေမေတို့ သိထားပြီးပြီ၊ ဒါကြောင့် သားနဲ့ ဘယ်လိုမှ ပတ်သက်ဖို့ မဖြစ်ဘူး၊ အဆက်ဖြတ်လိုက်ပါတော့"

မေမေ့စကားကြောင့် သုခမိန် တွေသွားသည်။ ဖြစ်နိုင်ပါ့မလား၊ ကြယ်စင့်မှာ ယောကျ်ားရှိတယ်ဆိုရအောင် ကြယ်စင့်ပုံစံက အိမ်ထောင်သည်မပြောနှင့် တခြားမိန်းမပျိုလေးတွေထက်တောင် ငယ်ရွယ်လှပနေသည်။

"မဖြစ်နိုင်ဘူး မေမေ၊ သူ့မှာ အိမ်ထောင်လုံးဝမရှိဘူး၊ သား အသိဆုံး"

"မင်း မေမေ့စကားကိုတောင် မယုံတော့ဘူးလား သား၊ မေမေက သားအမေပါ၊ သားရဲ့ နှလုံးသား ဟက်တက်ကွဲရမယ့် အဖြစ်ကို ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး"

"ဒါ အထင်လွဲမှုတစ်ခုပါ မေမေ"

လုံးဝကို လက်မခံသောသားကို ဒေါ်ခင်ရတနာကျော် လက်တွေ့ပြမှ ဖြစ်တော့မည်။

"ကောင်းပြီလေ၊ သားက မယုံမှတော့ အခု မေမေတို့ သိထားတာထက် ပိုသိအောင် စုံစမ်းပြီး သားကို သက်သေပြရတော့မှာပေါ့၊ ဒါကြောင့် . . သားဘက်က ငွေကြေးထောက်ပံ့တာတွေကို ရပ်ထားပါ၊ မရပ်ဘူးဆိုရင်တော့ မေမေတို့ ဘဏ်စာရင်း ပိတ်ရမယ်"

"အကယ်၍ မေမေတို့ထင်သလို ကြယ်စင်က အိမ်ထောင်လည်း မရှိဘူး၊ ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ဆိုရင် သားနဲ့ကြယ်စင့်ကို သဘောတူမလား မေမေ"

အပေးအယူဆန်သော သုခမိန်စကားကြောင့် ဒေါ်ခင်ရတနာကျော် မချိပြုံးပြုံးလိုက်ပြီး . .

"သားက ဆင်းရဲတဲ့ မိန်းကလေးတွေကိုမှ မက်မောတတ်တော့ မေမေတို့ မိဘတွေကလည်း သားကို ဆင်းရဲတွင်းထဲ ခုန်ဆင်းခွင့် ပြုရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ကွယ်၊ ဒါမှ . . လောကကြီးထဲကလူတွေ ဘဝတွေဟာ ဘယ်လောက် မာယာများသလဲဆိုတာ သားသိရမှာပေါ့”

“စိတ်ချပါ မေမေ၊ အကယ်၍ မေမေတို့ ပြောသလို ဟုတ်ခဲ့ရင် သား ကြယ်စင့်ကို လုံးဝအဆက်ဖြတ်ပါ့မယ်လို့ ကတိပေးပါတယ်”





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

နေ ညိုချိန်မို့ လမ်းဘေးအရက်ဆိုင်ထဲတွင် အရက်သမား တွေ စည်ကားသိုက်မြိုက်စွာ သောက်ပွဲကြီး ကျင်းပနေကြသည်။ သူ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် ဝင်လာပြီး ဦးကျော်နီဖေသန်း ထိုင် သောက်နေသော မလှမ်းမကမ်းခုံတွင် ဝင်ထိုင်လိုက်သည်။

"ဘာသောက်မလဲ အစ်ကို၊ တောလား. . မန္တလေးလား"

စားပွဲထိုးလေး လာမေးနေသည်မို့ သူရ ဘာသောက်ရမှန်း မ သိ၊ အမှန်ဆို သူရ အရက်တစ်ခါမှ မသောက်ဖူးပါ၊ အရက်နံ့ကို ခံနိုင်သူမဟုတ်။

"ဘာသောက်ရင် ကောင်းမလဲ"

သူရ အမေးကြောင့် စားပွဲထိုးလေး ကြောင်အမ်းအမ်းဖြင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"အစ်ကို သောက်နေကျ အတိုင်းမှာပေါ့"

"ငါက အခုမှ စသောက်မှာကွ၊ ဟဲ . . ဟဲ . . မူးကြည့်ချင်လို့ ပြီးရင် ကောင်မလေးနဲ့ သွားတွေ့မယ်"

"ဩော် . . ရဲဆေးတင်ရမှာ့သဘောလား အစ်ကို"

"ဟုတ်တယ်"

"အဟုတ် ဒါဆိုရင်တော့ တောမသောက်နဲ့ မြန်မာရမ်သောက်၊ အမြည်းကတော့ အစ်ကိုကြိုက်တာမှာပေါ့"

"ရှိတာချကွာ၊ အဓိကက မူးဖို့ပဲ"

"ဟုတ်ပြီအစ်ကို . . ကျွန်တော်တို့ဆိုင်ရဲ့ ဖောက်သည်အသစ်ဆိုတော့ ကျွန်တော် ရှယ်မြီးလေးတွေ လာချပေးမယ်"

စားပွဲထိုးလေး ဖော်ရွေစွာပြောပြီး ထွက်သွားသည်။

သူရ အဓိကလုပ်ရမှာက ဦးဂျော်နီဖေသန်းနှင့် ဝင်ရောဖို့ပင် ဖြစ်သည်။

"ဦးလေး ရေချိန်ကိုက်နေပြီလား"

ဦးဂျော်နီဖေသန်း အမဲကျော်တစ်တုံး ကောက်ဝါးပြီး သူရကို ငဲ့ကြည့်သည်။

"မင်းက ငါ့ကို သိလို့လား"

"မသိပါဘူး . . ဒီဆိုင်ကိုတောင် ခုမှရောက်ဖူးတာ၊ ဒါကြောင့် သောက်ဖော်သောက်ဖက်လေးဖြစ်အောင် မိတ်ဖွဲ့တဲ့သဘောပေါ့ . . အဟဲ"

"ဒါဆိုရင် ဒီဘက်ကူးခဲ့၊ မင်း ဂျော်နီဖေသန်းနဲ့ ဘော်ဒါဖြစ်ရင် ဒီနယ်တစ်ဝိုက်ကကောင်တွေ မင်းကို ဘယ်သူမှ လက်ဖျားနဲ့ မထိစေရဘူး"

"ဟား . . ဒါဆိုရင်တော့ ကျွန်တော် ဦးလေးနဲ့ခင်ခွင့်ရတာ ဂုဏ်မငယ်တော့ဘူးပေါ့၊ ကျွန်တော်က ဒီရပ်ကွက်ထဲက မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငြိချင်နေတာဗျ၊ သူက ကလေးတစ်ယောက်အမေလေ"

"ဘယ်သူတုန်း ဒီရပ်ကွက်ထဲမှာ ငါမသိတဲ့သူ မရှိဘူး"

"မ. . မရီမာလေ"

"ဟား. . ဖွတ်ပဲ၊ မင်းဘဝထဲကို အဲဒါ ဖွတ်အကြီးကြီးဝင်တာ၊ အဟား. . သူက အသက်ကြီးပြီလေ၊ မင်းကွာ ကိုယ့်အသက် ကိုယ့်အရွယ်နဲ့များ တန်းတူမိန်းကလေးကို ယူရင်ယူ မယူရင် ကိုယ့်ထက် အများကြီးငယ်တဲ့ စမောလေးကို ဥစမ်းပါကွာ၊ အဲဒီ မရီမာဆိုတာ ဘာရုပ်မှ မပေါက်တဲ့မိန်းမ. . အေ့"

"အ. . အချစ်မှာ. . မျက်. . မျက်စိ မရှိဘူးလေ ဦးလေးရာ၊ ကျွန်တော်က ချစ်သွားတာကိုး၊ ဒါနဲ့ ကျွန်တော့်ကျတော့ ပြောတယ်၊ ဦးလေး ကျတော့ရော. ."

"ငါလား၊ ငါ့ရဲ့မိန်းမအကြီးကြီး သေသွားပြီ"

"ဗျာ. . မိန်းမအကြီးကြီး ဟုတ်လား"

သူရ နားမရှင်း. .

"ငါ့အရင်မိန်းမက ငါ့ထက် အသက်နှစ်နှစ် ကြီးတယ်ကွ"

စားပွဲထိုး အမြည်းဖန်ခွက်နှင့် ပုလင်း လာချပေးသွားသည်။

သူရ ဖန်ခွက်ထဲ အရက်ငှဲ့ထည့်လိုက်သည်။

သောက်လို့တော့မဖြစ်၊ ဦးဂျော်နီ ဖန်ခွက်ထဲကိုလည်း ငှဲ့ထည့်လိုက်လေသည်။ ဦးဂျော်နီ သဘောခွေ့သွားပုံရသည်။

"အရင်မိန်းမက နှစ်နှစ်ကြီးတယ်ဆိုတော့ အခုမိန်းမ ရှိသေးတယ်ဆိုတဲ့ သဘောပေါ့"

"ဒါပေါ့. . ခုမိန်းမက ငါ့ထက် အသက်နှစ်ဆယ်ကျော်လောက် ကိုငယ်တာ"

"ဗျာ. . ဟာ မိုက်တယ်ဗျာ၊ ဦးလေး တကယ်ကံကောင်းတာပဲ၊ ကျွန်တော် အားကျလိုက်တာ"

"ဒါကြောင့် ပြောတာပေါ့ကွ၊ မင်းကို ကိုယ့်ထက်အသက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရိုးရင့်တွေမကိုက်ဖို့ ပြောတာ၊ အဲဒီ ရီမာဆိုတဲ့ မိန်းမက. . ငါနဲ့ တောင် ကင်းခဲ့ဖူးတာ မဟုတ်ဘူး၊ သူ့ပြီးမှ အရိုးနုလေး ပြောင်းကိုက် တာ. . ."

သူရ အရက်ကို သောက်ဟန်ပြုပြီး စားပွဲအောက် မသိမသာ သွန်ချရင်း ဦးကျော်နီဆီမှ သိချင်သည့် အကြောင်းအရာများကို နှိုက်ထုတ်၍ နေလိုက်သည်။

"ဒါနဲ့ ဦးလေးနာမည်က ဘယ်သူလဲ၊ ကျွန်တော်တော့ မိန်းမနဲ့ ပတ်သက်လာရင် ဦးလေးကို ဆရာတင်ရတော့မယ်"

"အဟား. . ဟား၊ ဒါဆိုငါက မင်းရဲ့ ဆရာလက်သစ်ပေါ့၊ ငါ့ နာမည်မှတ်ထား၊ ကျော်နီဖေသန်းတဲ့ မိန်းမနဲ့ပတ်သက်လာရင် အမြဲ တမ်းပဲ ကံကောင်းနေတဲ့သူ"

လက်မထောင်ကာ ပြောနေသော ဦးကျော်နီ တော်တော်လေး ရေချိန်ကိုက်နေပြီး အရက်ဆိုင်ထဲ လာရသည့်အကျိုး တော်တော်ကြီး မားကြောင်း ခုမှလက်တွေ့

"ဒါနဲ့ ဦးလေးက ဘာလုပ်ကိုင်သလဲ"

"ငါလား. . အရင်ကတော့ ပွဲရုံမှာ တာဝန်ခံ၊ ခိုးတာများလို့ ပြုတ်သွားတယ်၊ ဒါပေမယ့် မကြာခင်မှာ ငါ့မိန်းမရဲ့ မိတ်ဆွေတစ် ယောက်က ငါ့ကို ဂိုဒေါင်တစ်လုံးဝယ်ပြီး ကားဝပ်ရှော့ထောင်ပေးလိမ့် မယ်၊ မှတ်ထား. . ကျော်နီဖေသန်းတဲ့၊ ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ဖွားဇာတာကိုက အဓိပတိဖွားကွ"

ပြောရင်း ဦးကျော်နီဖေသန်း တဟားဟား အော်ရယ်သည်။

သူရ သိသင့်သလောက် သိပြီးပြီမို့ ဦးကျော်နီဖေသန်းအတွက်ပါ အရက်ဖိုး ဒကာခံခဲ့လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

ပုန်း နှင့် အသံသွင်းလာသော ဦးကျော်နီဖေသန်းနှင့် သူရတို့ အရက်ဆိုင်မှာ ပြောခဲ့ကြသော အကြောင်းအရာတွေ နားထောင်ပြီး ဒေါ်ခင်ရတနာကျော် မူးမိုက်မတတ် ခံစားရသွားသည်။

"မိုက်လိုက်တဲ့သား၊ မိဘတွေကို အယုံသွင်းပြီး ဒီလိုအောက်တန်းစားတွေနဲ့မှ သွားပြီးပတ်သက်ရတယ်လို့ ဒီကိစ္စ ဒင်းလေးအဖေသာသိရင် သူ့ကို မြန်မာပြည်ထဲမှာတောင် ထားမှာမဟုတ်ဘူး"

"ကျွန်တော်တို့ အသံသွင်းထားတာကို သခင်လေးကိုပေးပြီး နားထောင်ခိုင်းရင်တော့ ဇာတ်လမ်းက ပြတ်လောက်ပါပြီ"

ဒီလောက် ခိုင်မာသော သက်သေရှိမှတော့ သခင်လေး မယုံ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟု ငြင်း၍ မရတော့။

ဒေါ်ခင်ရတနာကျော် လက်ကာပြသည်။

“ငါကိုယ်တိုင် အဲဒီကြွယ်စင်ဆိုတဲ့ မိန်းမယုတ်မကိုတွေ့ပြီး သူတို့ရဲ့ အလိမ်အညာတွေကို ဖော်ထုတ်ပြီး ငါ့သားနဲ့ မပတ်သက်ဖို့ တစ်ခါထဲ အပြတ်ဖြတ်ရမယ်”

“ဖြစ် . . ဖြစ်ပါ့မလား ကြီးကြီး၊ ဒီအတိုင်း သူတို့ ပိုင်နက်ထဲ ဝင်သွားလို့ သူတို့ တစ်ခုခုတုန့်ပြန်လိုက်ရင်ရော”

“ဖြစ်ပါတယ် . . ငါ့မှာ အကြံရှိပါတယ်၊ သူတို့ မှင်တက်အံ့ဩသွားစေရမယ့် နည်းလမ်းမျိုး ငါ့မှာရှိတယ်၊ ဒီရက်ထဲမှာ သားကိုသာ မင်းတို့ မျက်ခြေမပြတ် စောင့်ကြည့်ကြပါ၊ ဘာအမှားအယွင်းမှ ဖြစ်သွားလို့ မရဘူးနော်၊ ဒီအချိန်မှာ သူတို့က သားဆီက အချိုကြီးမျှော်လင့်ပြီး လောဘတွေ တက်နေကြတော့ သူတို့ရဲ့ကံကြမ္မာကို သူတို့ လုံးဝမြင်ကြမှာမဟုတ်ဘူး၊ ဒီကိစ္စတွေအားလုံး ပြီးသွားရင်တော့ သားကို မဖြစ်မနေ အိမ်ထောင်ပြုပေးရမယ်၊ သူ့မှာ လုံးဝ ငြင်းဆန်ခွင့်မရှိဘူး”

တစ်ခါတည်း အကွက်ချစီစဉ်နေသော ဒေါ်ခင်ရတနာကျော်၏ အစီအစဉ်သည် သုခမိန်အတွက်တော့ သဘောကျချင်မှကျမည်။ သီလတို့ သူရတို့ အတွက်ကတော့ သခင်လေးအတွက် စိတ်အေးရပြီဟူသော အတွေးကိုယ်စီဖြင့် ကျေနပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

"ကြယ်စင် ဘယ်လိုလဲကွာ. .၊ ဟိုကောင်ကပြောတော့ ဂိုဒေါင်ဝယ်ပေးမယ်ဆို၊ ခု ဂိုဒေါင်ပိုင်ရှင်တွေနဲ့တွေ့ပြီး ဝယ်ပါမယ်လို့ ကတိပေးနေရတာ ငပေါကြီး ဖြစ်တော့မယ်၊ မျက်နှာတွေလည်း ပူလှပြီ၊ နည်းနည်းပါးပါးလဲ. . လောဦးလေ"

သူခမိန်ဘက်မှ ဂိုဒေါင်ဝယ်ဖို့ ငွေကြေးထုတ်ပေးခြင်း မရှိသေးသဖြင့် ဦးဂျော်နီ မကျေမနပ် ဖြစ်နေသည်။ ကြယ်စင် မျက်တောင်ကော့နေရင်းမှ အပြစ်တင်စကားပြောနေသော ဦးဂျော်နီကို မျက်စောင်းလှမ်းထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်များတဲ့ ငွေပမာဏကို လွယ်လွယ်နဲ့ ရမယ်ထင်နေလား ဖေကြီး၊ ကြယ်စင်က အသည်းအသန် လောလို့ဖြစ်မလား"

"မလောဘဲ ဒီအတိုင်းငြိမ်နေရင် စိတ်ပြောင်းသွား ဘယ့်နှယ်လုပ်မလဲ"

"အို. . ကိုက ပေးမယ်ဆိုရင် ပေးမှာပေါ့လို့"

ကိုဆိုသော အသုံးအနှုန်းကြောင့်. . ဦးဂျော်နီ မျက်မှောင်ကျုံ့သွားကာ

"ဘာ. . ကိုဟုတ်လား. . တယ်ပြီး သာယာနေကြပါလား၊ ဟမ်. . ငါ့ရှေ့မှာတောင် အခေါ်အဝေါ်တွေကို ထိန်းမထားနိုင်တော့ဘူးပေါ့၊ သိပ်ချစ်နေကြတယ် ဟုတ်လား"

ခနဲ့လိုက်သော ဦးဂျော်နီစကားကြောင့် ကြယ်စင် မထီမဲ့မြင်ပြုံးကာ. . .

"ကြယ်စင် ပြောပြီးသားလေ၊ ဖေကြီးလိုချင်တဲ့ အချိုကြေးရသွားရင် ကြယ်စင့်ကို သူနဲ့လက်ထပ်ခွင့်ပြုပါလို့"

"ခု ရသေးလို့လား၊ ငါ့ကို ဒီစကားလာပြောပြီး ပါးစပ်အရသာခံနေရအောင် ငါက ဘယ်လိုနေခဲ့ရမှာလဲ"

"ဖေကြီးလိုချင်တဲ့ငွေတွေ အများကြီးရမှာလေ၊ လုပ်ငန်းတွေလုပ်ပြီး ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းပေါ့၊ ကြယ်စင် သူနဲ့ လက်ထပ်လိုက်လဲ ဖေကြီး ထူးပြီး ခံစားရမှာလား၊ ဖေကြီးမှာ ငွေရှိပြီး အရက်သောက်နေရရင် နိဗ္ဗာန်ပဲလေ၊ နောက်ပြီး ကြယ်စင်လေ ဘဝမှာ တစ်ခါလောက်တော့ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ ပေါင်းသင်းနေထိုင်သွားချင်တယ်"

"ဒီမှာ. . ညည်းငါ့ကို မချစ်ဘူးဆိုတာ ငါသိတယ်၊ ငါ့အရိပ်အောက်မှာ မလွှဲသာလို့ ခိုလှုံရတယ်ဆိုတာလဲ သိတယ်၊ ငါကညည်းညည်းကို ငါ့ဘဝထဲမှာ ဆွဲမထားပါဘူး၊ သူနဲ့ လက်ထပ်သွားပေမယ့် ငါတို့ရဲ့ ပတ်သက်မှုက တိခနဲ ဖြတ်လို့မှမရတာ၊ ရေကိုဓါး ခါးနဲ့ ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ပြတ်သွားလိမ့်မယ်၊ ခု နင်နဲ့ငါ့ကြားက ပတ်သက်မှုကို ဘယ်သူမှ စည်းခြားလို့ မရဘူး"

ရှုန်းထွက်ဖို့ ခက်ခဲသော အခြေအနေဆိုးကြီးထဲက ရတဲ့နည်းနှင့် ထွက်မှာမို့ ဦးကျော်နီကို အတိုက်အခံလုပ်ပြီး ပြောမနေတော့။

"ကြယ်စင်ရေ့ . . ကြယ်စင်"

ရီမာ့အသံကြောင့် ကြယ်စင် ထွက်ပေါက်ရသွားသည့်နှယ် အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့လိုက်သည်။

"ပြော့ . . မရီမာ"

"ငါ ငွေလိုနေလို့ ငါ့ကို ငွေနှစ်သောင်းလောက် ခဏချေးစမ်းပါဟယ်"

"ဩော် . . ရပါတယ် ယူသွားလေ မရီမာရဲ့"

"အမလေး ကျေးဇူးတင်လိုက်တာဟယ်၊ နင်သာ အကူအညီမပေးရင် ငါ နေ့ပြန်တိုးယူထားတဲ့ ဒေါ်တင့်ကြီးလာပြီး သောင်းကျန်းတော့မှာဟဲ့"

ဦးကျော်နီ အိမ်ခန်းအတွင်းထဲမှ ထွက်လာပြီး . .

"နင်ကလည်း လင်ပဲယူတော့မယ်၊ ခုချိန်ထိ ဒေါ်တင့်ဆီကနေ့ပြန်တိုးယူတာ မဆုံးသေးဘူးလား၊ နင့်အကောင်က နင့်ကို မထောက်ဘူးလား"

ဦးကျော်နီ စကားကြောင့် ရီမာ မျက်လုံးပြူးကာကြည့်ပြီး . . .

"ဦးကျော်နီကြီး ရှင်နော် ဘာတွေလာပြောနေတာလဲ၊ ဒီအသက်ဒီအရွယ်ရောက်မှ ကျုပ်က ယောကျ်ားထပ်ယူစရာလားလို့၊ ယောကျ်ားတွေနဲ့ ထပ်ပြီးမပတ်သက်ချင်တော့လို့ ကိုယ့်သားသမီး နှစ်ယောက်နဲ့အေးရာအေးကြောင်းနေရတာကို သိရဲ့သားနဲ့ လူကိုများ . . ဟွန်း . ."

ဦးကျော်နီ မဲ့လိုက်ပြီး ဝါးနေသောကွမ်းကို အိမ်ရှေ့သို့ ထွီခနဲထွေးလိုက်ပြီး မရီမာကို ခပ်လှောင်လှောင် ကြည့်သည်။

"နင်က လူမသိသူမသိတော့ ခိုးစားနေတယ်ပေါ့ ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဘမ်. . နင့်အကောင် မနေ့က ရပ်ကွက်ထဲလာပြီး ငါနဲ့တောင် အရက်တစ်ဝိုင်းထဲ လာသောက်သွားသေးတယ်"

ရီမာ သည်းမခံနိုင်တော့၊ ဒီလူကြီး လူကို သိက္ခာချနေပြီ။

"ရှင်ကြီးနော် မဟုတ်ကဟုတ်ကတွေ မပြောနဲ့၊ ဒီတစ်ခါ ထပ်ပြောရင် ခရေပင်လမ်းထိပ်က ကောင်မလေးကို မူးမူးနဲ့ သွားစတဲ့အကြောင်း ရပ်ကွက်ထဲ လိုက်ဖွလိုက်မှာနော်"

ရီမာ အတည်ပြောနေ၍ ဦးကျော်နီ တွေဝေသွားသည်။

"မဟုတ်ဘူး၊ တကယ်လာတာဟ မယုံရင်လေ အရက်ဆိုင်ကစားပွဲထိုး မောင်ကိတ်ကြီးကို မေးကြည့်၊ အဲဒီကောင်က ကျွန်တော်ဒီရပ်ကွက်ထဲက မရီမာကို လိုက်နေတယ်ဆိုပြီး ငါ့ကိုသေချာပြောတာ"

"အို. . တော်ပါပြီ နားရှက်စရာတွေ"

ရီမာ ရှက်ရှက်နှင့် ထွက်သွားသည်။ လာချေးငှားသော ငွေနှစ်သောင်းပင် ယူဖို့ မေ့သွား၏။

ဦးကျော်နီ တဟားဟားဖြင့် အော်ရယ်လိုက်သည်။ ရယ်သံတွေက ခြောက်ကပ်နေသည်။ ကြယ်စင့် စိတ်ထဲမှာ ဘာတွေစိတ်ရှုပ်နေမှန်းမသိ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"ဒီ အိမ်က ဂျော်နီဖေသန်းတို့ အိမ်လားကွယ်"

အိမ်အပြင်သွားရန် အိမ်တံခါးသော့ ခတ်နေသော ကြယ်စင် ဒေါ်ခင်ရတနာကို မြင်သည်နှင့် မျက်ဝန်းဝိုင်းလေးဖြင့် စူးစမ်းအကဲခတ် လိုက်ပြီး. . .

"ဟုတ်တယ် အန်တီ၊ အန်တီက ဘယ်သူလဲရှင့်"

"အန်တီက ဂျော်နီဖေသန်းမောင်ကို လိုက်ရှာနေတာ အနှစ် နှစ်ဆယ်ကျော် ရှိပါပြီကွယ်"

မှင်သေသေဖြင့် ပြောနေသော ဒေါ်ခင်ရတနာကျော်ကို ကြည့် ပြီး ကြယ်စင် အံ့သြနေသည်။ ဖေကြီးကို ဒီအန်တီက ဘာကြောင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ာရသလဲ၊ ဖေကြီး၏ အဆက်ဟောင်းလား၊ အမျိုးသမီးကြီး ကြည့်နေတာ လူကုံထန် အသိုင်းအဝိုင်းကမှန်း သိသာသည်။ ဝတ်ပုံစားပုံက အရမ်းကို မြန်မာဆန်ပြီး စမတ်ကျလွန်းသည်။

ကြယ်စင် ခတ်ပြီးသား အိမ်သော့ကို ပြန်ဖွင့်လိုက်ပြီး

"အိမ်ထဲကို ဝင်ပါဦး အန်တီ"

ဒေါ်ခင်ရတနာကျော် အိမ်ထဲ ဝင်လိုက်သည်။ အလင်းရောင်ကောင်းကောင်း မရသည့်အပြင် ဖရိုဖရဲနိုင်လွန်းသော အိမ်အပြင်အဆင်ကို ကြည့်ရုံနှင့် ကြယ်စင်ဆိုသော မိန်းကလေးဟာ မိန်းမပေ၊ မိန်းမပျက်ဆိုတာ သိသာစေသည်။

စိတ်ထဲမှာ မဲ့နေပေမယ့် အပြင်မှာတော့ မျက်နှာအမူအယာကို တည်ငြိမ်အောင် ထိန်းနေရသည်။

"အန်တီက ဖေကြီးကို ဘာကြောင့်လိုက်ရှာနေရတာလဲ အန်တီ"

"သူက အန်တီ့မောင် ဖြစ်နေလို့ပေါ့"

"ရှင်. . . "

ကြယ်စင့်မျက်ဝန်းတွေ နားမလည်နိုင်ခြင်းတွေမှတဆင့် အံ့ဩမှုတွေနှင့်အတူ တောက်ပ၍လာသည်။

"ဒါနဲ့ မင်းက ကျော်နီနဲ့ ဘာတော်လဲ"

ဒေါ်ခင်ရတနာကျော် အမေးကြောင့် ကြယ်စင် ဖြေရခက်နေဟန်ဖြင့် ခေါင်းငုံ့သွားသည်။

"အန်တီကလေ သူ ရသင့်ရထိုက်တဲ့ အမွေတွေကို ထိန်းသိမ်းပေးလာရတာ နှစ်ပေါင်း မနည်းတော့ပါဘူး၊ ဒီလောက်များတဲ့ ရပိုင်ခွင့်တွေကို မောင်လေးကို မပေးလိုက်ရဘဲနေမှာကို အန်တီ အရမ်းစိုးရိမ်ခဲ့မိတယ်"

ကံကောင်းခြင်းတွေက ရောက်မယ့်ရောက်လာတော့လည်း အစုလိုက် အဖွဲ့လိုက်ပါလားဟု တွေးပြီး စိတ်ထဲမှာ ပျော်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်း။

အပျော်တွေကို မနည်းဖုံးဖိကာ ဟန်ဆောင်နေရသော ကြယ်စင့်ကို ဒေါ်ခင်ရတနာကျော် အကဲခတ်ပြီး စိတ်ထဲမှာ ကြိတ်ပြီး ရှုံ့ချလိုက်သည်။

“ဖေကြီးကလေ သူ့မှာ အစ်မရှိတယ်ဆိုတာ တစ်ခါမှ မပြောခဲ့ဖူးဘူး”

“ဒါနဲ့ သမီးက ဖေကြီးဆိုတော့ မောင်လေးရဲ့ သမီးလား”

“အို . . မဟုတ်ပါဘူး၊ ဦးဇော်နီဖေသန်းဆိုတဲ့ နာမည်လေးလုံးထဲက ဖေဆိုတဲ့နာမည်ကို ချစ်စနိုး ခေါ်ထားတာ၊ ပတ်သက်မှုကတော့ ကြယ်စင်က ဖေကြီးရဲ့ ဇနီးပါ”

“အို . . ဟုတ်လား၊ အန်တီ့မောင်လို အသက်ကြီးတဲ့ ယောကျ်ားအိုကို သမီးလို ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးက လက်ထပ်တယ်ဆိုတော့ တော်ရုံ ချစ်ခြင်းမေတ္တာတော့ မဟုတ်ဘူး၊ လေးစားပါတယ်ကွယ်၊ ဒါနဲ့ မောင်လေးရော ဘယ်သွားလဲ မရှိဘူးလား”

“မရှိပါဘူး . . အန်တီ၊ မနက်ကတည်းက အပြင်ထွက်သွားပါတယ်၊ ဘယ်သွားမယ်ဆိုတာကိုတော့ ပြောမသွားဘူး”

“အေးလေ အိမ်ကို သိနေမှတော့ ဒီနေ့မတွေ့ရလည်း နောက်ပေါ့ကွယ်၊ ကဲ . . အန်တီ ပြန်တော့မယ်နော်၊ မောင်လေး လာရင်သာ ဒေါ်ဒေစီကျော် လာသွားတယ်လို့ ပြောလိုက်ပါ”

“ဟုတ် . . ဟုတ်ကဲ့ပါ အန်တီ၊ ဖေကြီးပြန်လာရင် ကြယ်စင်ပြောလိုက်ပါ့မယ်”

ဒေါ်ခင်ရတနာကျော်၏ လုပ်ဇာတ်ကို ယုံကြည်ကာ ကြယ်စင်တော်တော်လေး စိတ်လှုပ်ရှားနေပုံရသည်။

ဒေါ်ခင်ရတနာကျော် ပြန်လာခဲ့သည်။ သိပ်မကြာခင်မှာ ကံကောင်းခြင်းလို့ ထင်ရတဲ့အရာတွေ လုံးဝပျောက်ကွယ်ပြီး ဘာမှမရှိတော့တဲ့ဘဝ၊ ဘာမှပိုင်ဆိုင်ခွင့် မရတော့လောက်အောင် အရာရာကို ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုတာ ဒေါ်ခင်ရတနာကျော်ကလွဲပြီး ဘယ်သူသိနိုင်မှာလဲ။

အချောင်လိုချင်သောစိတ်က သူတို့ဘဝတွေ ဒီထက်ပိုပြီး စုတ်ပြတ်သတ်တော့မယ်ဆိုတာ သူတို့မသိရှာ။

သနားစရာပင် ကောင်းသေးတော့၏။





www.burmeseclassic.com

www.burmeseclassic.com



န်တီးပေးတော့မှာပါ”

“ဒါဆို သား ဒီနေ့ပဲ ခေါ်လိုက်မယ်လေ”

“ကောင်းပြီသား . . မြန်မြန်ခေါ်တွေ့တော့လည်း မြန်မြန်ကိစ္စ ပြီးတာပေါ့ကွယ်၊ သား စိတ်ချမ်းသာရမှာ”

“ဘာပဲဖြစ်ဖြစ် သားချစ်တဲ့သူကို ကြည်ကြည်ဖြူဖြူနဲ့ ရွေးချယ်ခွင့်ပေးတဲ့အတွက် ရှေ့လျှောက် မေမေတို့ စိတ်တိုင်းကျတဲ့ သားလိမ္မာတစ်ယောက်ဖြစ်အောင် နေထိုင်ပါတော့မယ်လို့ . . သား ကတိပေးပါတယ် မေမေ”

မိဘက ဒီလောက်ပေးဆပ်ဖြည့်ဆည်းပေးမှာတော့ . . ကိုယ့်ဘက်ကလည်း မိဘစိတ်တိုင်းကျ နေပြရတော့မည်ပေါ့။

ရင်ထဲမှာ ပြောမပြတတ်လောက်အောင် ဝမ်းသာလွန်း၍ . . ကြယ်စင့်ကို ဖုန်းခေါ်လိုက်သည်။

“ဟဲလို ကြယ်စင်လား၊ ကိုယ်နဲ့ကြယ်စင့်ကို မေမေက လက်ထပ်ခွင့်ပြုမယ်တဲ့၊ ဒါကြောင့် ကြယ်စင့်ကို မေမေနဲ့ပေးတွေ့မယ်”

အပျော်တွေဝေနေသော သားဖြစ်သူကိုကြည့်ပြီး ဒေါ်ခင်ရတနာကျော် သက်မတစ်ချက် ချလိုက်သည်။

လည်မလိုလိုနဲ့ ထုံလိုက်အလိုက်တဲ့ သားဆိုပြီး ငယ်ငယ်တုန်းကလို တင်ပါးကို ကြိမ်လုံးနဲ့ ခပ်နာနာ ရိုက်လိုက်ချင်စမ်းပါရဲ့။ တစ်ခါမှ ချစ်ဖူးတော့လည်း အချစ်ရူး ရူးတာပေါ့လေ။ ဒီနေ့တော့ ရင်ခုန်သံတွေနဲ့ပျော်ပြီး မနက်ဖြန်ဆိုသောအချိန်မှာ အင်မတန် ချိုမြိန်သည်ဟုထင်နေသော အချစ်တွေဟာ သူ့အလိုလို ခါးသီးလာပါလိမ့်မည်။

သားလေး ခံနိုင်ရည်ရှိပါစေပဲ ဆုတောင်းရမှာပဲ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



န်တီးပေးတော့မှာပါ”

“ဒါဆို သား ဒီနေ့ပဲ ခေါ်လိုက်မယ်လေ”

“ကောင်းပြီသား. . မြန်မြန်ခေါ်တွေ့တော့လည်း မြန်မြန်ကိစ္စ ပြီးတာပေါ့ကွယ်၊ သား စိတ်ချမ်းသာရမှာ”

“ဘာပဲဖြစ်ဖြစ် သားချစ်တဲ့သူကို ကြည်ကြည်ဖြူဖြူနဲ့ ရွေးချယ်ခွင့်ပေးတဲ့အတွက် ရှေ့လျှောက် မေမေတို့ စိတ်တိုင်းကျတဲ့ သားလိမ္မာတစ်ယောက်ဖြစ်အောင် နေထိုင်ပါတော့မယ်လို့. . သား ကတိပေးပါတယ် မေမေ”

မိဘက ဒီလောက်ပေးဆပ်ဖြည့်ဆည်းပေးမှာတော့. . ကိုယ့်ဘက်ကလည်း မိဘစိတ်တိုင်းကျ နေပြရတော့မည်ပေါ့။

ရင်ထဲမှာ ပြောမပြတတ်လောက်အောင် ဝမ်းသာလွန်း၍. . ကြယ်စင့်ကို ဖုန်းခေါ်လိုက်သည်။

“ဟဲလို ကြယ်စင်လား၊ ကိုယ်နဲ့ကြယ်စင့်ကို မေမေက လက်ဆပ်ခွင့်ပြုမယ်တဲ့၊ ဒါကြောင့် ကြယ်စင့်ကို မေမေနဲ့ပေးတွေ့မယ်”

အပျော်တွေဝေနေသော သားဖြစ်သူကိုကြည့်ပြီး ဒေါ်ခင်ရတနာကျော် သက်မတစ်ချက်ချလိုက်သည်။

လည်မလိုလိုနဲ့ ထုံလိုက်အလိုက်တဲ့ သားဆိုပြီး ငယ်ငယ်တုန်းကလို တင်ပါးကို ကြိမ်လုံးနဲ့ ခပ်နာနာ ရိုက်လိုက်ချင်စမ်းပါရဲ့။ တစ်ခါမှ မချစ်ဖူးတော့လည်း အချစ်ရူး ရူးတာပေါ့လေ။ ဒီနေ့တော့ ရင်ခုန်သံတွေနဲ့ပျော်ပြီး မနက်ဖြန်ဆိုသောအချိန်မှာ အင်မတန် ချိုမြိန်သည်ဟု ထင်နေသော အချစ်တွေဟာ သူ့အလိုလို ခါးသီးလာပါလိမ့်မည်။

သားလေး ခံနိုင်ရည်ရှိပါစေပဲ ဆုတောင်းရမှာပဲ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၉)

“အိမ်ကြီးက လှလိုက်တာကိုရယ်၊ ကြယ်စင်တို့ လက်ထပ်ပြီးရင် ဒီအိမ်ကြီးမှာ နေရမှာလား”

“ဒါပေါ့ . . ကြယ်စင်ရ၊ မေမေက အိမ်ခွဲနေခိုင်းမှာ မဟုတ်ဘူး ဒီအိမ်ကြီးမှာပဲ သားသမီး မြေးမြစ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်တာ”

အလိမ်အညာတွေဖြင့် တည်ဆောက်မိသောအချစ်ကို . . အဟုတ်ကြီးထင်ကာ အနာဂါတ်အတွက် အိပ်မက်လှလှတွေ မက်သော သူခမိန်ကို ကြယ်စင် အားနာပါသည်။

ဘဝကို တစ်ကသာ ပြန်စခွင့် ရမည်ဆိုလျှင် သန့်ရှင်းဖြူစင်သော မိန်းကလေးတစ်ယောက်အဖြစ် ပြန်လည်စတင်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ရင်မှာ တကယ်ချစ်မိပြီဆိုကာမှ ကိုယ့်ဘဝက ရှုပ်ထွေးပွေလီလိုက်တာများ လူရှေ့ချပြလျှင်တောင်မှ အားလုံးက မိန်းမယုတ်လို့ တင်စားရှုံ့ချကြမှာ မလွဲဧကန်ပင်။

"လာလေ ကြယ်စင်၊ ဘာလို့ မျက်နှာညှိုးသွားရတာလဲ"

"ကြယ်စင် ကြောက်လို့ပါ ကို၊ ရှင့်မေမေနဲ့ တွေ့ရင် ကြယ်စင် ဘယ်လိုနေရမလဲ မသိဘူး၊ ခုတောင် စိတ်တွေ အရမ်းလှုပ်ရှားလာပြီ၊ အသက်တောင် ဘယ်လိုရှူရမှန်း မသိတော့ဘူး"

"သိပ်လည်း မစိုးရိမ်ပါနဲ့ ကြယ်စင်ရာ၊ ကိုယ်တို့ မေမေက သဘောကောင်းပါတယ်"

"ဒါဆိုရင် ကြယ်စင့်ကို ချွေးမအဖြစ် လက်ခံမှာပေါ့နော်"

မျက်နှာငယ်လေးဖြင့် မေးလာသော ကြယ်စင့်အမေးကြောင့် သုခမိန် ခေါင်းညိတ်ပြလိုက်သည်။ အနာဂါတ်အတွက် သိပ်ပြီး ယုံကြည်မှုမရှိသောစိတ်တွေ ပြန်၍အားတက်လာသည်။

အားတင်းစမ်း ကြယ်စင်. . ညည်းရဲ့ဘဝဟာ ဒီနေ့ကစပြီး. . သောကဆိုတာ မြူတစ်မှုန်စာတောင် မရှိစေရတော့ဘူး၊ ဒီလောက်ခမ်းနားထယ်ဝါတဲ့ အိမ်ကြီးမှာ အခြွေအရံတွေနဲ့ သခင်လေးရဲ့ ကြင်ယာတော် သခင်မလေးအဖြစ် ပျော်ပျော်ကြီးနေရတော့မှာ။ အတိတ်ကအကြောင်းကို ဘာမှမတွေးနေနဲ့တော့ အရာအားလုံး မီးခိုးငွေ့တွေလို သူ့အလိုလို မှေးမှိန်ပျောက်ကွယ်သွားပါစေ။

ခက်ခက်ခဲခဲ ဖန်တီးထားရတဲ့ ဘဝသစ်ထဲမှာ ပျော်ပျော်ကြီးနေဖို့ အားတွေမွေးလိုက်စမ်း။

အတွေးတွေထဲမှာ ကိုယ့်ကိုယ်ကို ပြန်အားပေးရင်း သုခမိန်၏ လက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၀)

"သခင်လေး ကြီးကြီး ဆင်းလာပါတော့မယ်"

ဧည့်ခန်းထဲတွင် ပူးကပ်စွာ ထိုင်နေကြသော သုခမိန်နှင့် ကြယ်စင့်အနားသို့ သက်ဝေလျှောက်လာပြီး ကြယ်စင့်အတွက် ယူလာသော အအေးဖန်ခွက်ကို ခပ်ရှို့ရှို့ချပေးလိုက်သည်။

ယဉ်ယဉ်လေးနှင့်လှသော သက်ဝေကို ကြယ်စင် အကဲခတ်လိုက်ပြီး အိမ်ဖော်ဆိုသောအသိဖြင့် တစ်ခုခုကို တင်တင်စီးစီး ခိုင်းလိုချင်သည်။ အိမ်ဖော်ဆိုတာ အဲလောက်ချောဖို့ လိုသလား။

အသားရည် ခြေလက်ကအစ. . သွယ်လျယဉ်ကျေးသိမ်မွေ့သော အလှတရားတွေက ကိုယ့်ထက်ပင် ပို၍လှနေသလိုလို၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မျိုးနှင့် သူခမိန် တစ်အိမ်ထဲ နေသတဲ့လား၊ သူခမိန်ကရော သူ့အလှကို သတိမပြုမိပဲ နေမလား။

ရင်မှာ မနာလိုစိတ်တို့က တဖွားဖွား ပေါ်လာပြန်သည်။ လက်ထပ်ပြီးလျှင်တော့ ဒီအိမ်မှာ ဆက်မထားနိုင်၊ တစ်နည်းနည်းနှင့် ဖြုတ်ပစ်ရမှာပင်။

ဖျော်ရည်ဖန်ခွက်ကိုယူကာ တစ်ငုံ ငုံလိုက်သည်။

"အမလေး ချဉ်လိုက်တာ"

မျက်နှာရှုံ့မဲ့ကာ ဖန်ခွက်ကို ဆောင့်ခနဲ ချလိုက်ပြီး. . ပြူးတူးကြောင်တောင်လေး ကြည့်နေသော သက်ဝေကိုကြည့်ကာ. .

"ကို အိမ်ဖော်ကို ဘယ်လိုအိမ်ဖော်မျိုးကို ခန့်ထားတာလဲကွယ်၊ ဖျော်ရည်လေးတောင် အရသာရှိရှိ မဖျော်နိုင်ဘူး၊ တစ်ကယ်ပါပဲ ကြယ်စင်က အချဉ်ကြောက်တယ်"

"ဒါဆိုရင် သက်ဝေ ပြန်ပြင်ပေးမယ်လေ မမ"

"အို. . နေ. . နေ. . သွားတော့. . သွားတော့"

"ပြန်ပြင်ခိုင်းလိုက်လေ ကြယ်စင်ရဲ့"

ကြယ်စင့်စကားကို သူခမိန်ယုံကာ ပြန်ပြင်ခိုင်းဖို့ ပြောပေမယ့် သက်ဝေကိုတော့ အပြစ်တင်စကား မဆိုဖြစ်၊ အားနာသော အကြည့်တစ်ချက်သာ လှမ်းကြည့်သည်။

"နေပါစေတော့ကိုရယ်၊ တော်ကြာနေ မေမေဆင်းလာတော့မှာ အနှောင့်အယှက် ဖြစ်နေပါ့မယ်၊ ကဲ. . သွား. . သွား. . နောက်တစ်ခါ ဖျော်ရည်ဖျော်ရင် အရသာရှိရှိလေးဖျော်"

သက်ဝေရင်ထဲမှာ အပြောခံရ၍ စိတ်မကောင်းဖြစ်ပေမယ့် အမူအယာက အေးအေးဆေးဆေး ဟန်မပျက်၊ အခွင့်အရေးလေးရတုန်း သခင်လုပ်ချင်တာ လုပ်ပါစေ။ သိပ်မကြာခင် ဒါတွေက ပြီးဆုံးသွားမှာပဲ။

သက်ဝေ ဧည့်ခန်းထဲမှ ခပ်ရှိုရှိုထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီလနှင့်သူရ အတွင်းခန်းထဲမှ ကြည့်နေပြီး သက်ဝေဝင်လာတော့ အားပေးနှစ်သိမ့်သည့်အပြုံး ကိုယ်စီ ပြုံးပြကြသည်။

သိပ်မကြာခင်မှာ ကြယ်စင် တပ်ထားသည့် မျက်နှာဖုံး ခွာချတော့မှာမို့ အားလုံး ကင်းပုန်းဝပ်နေကြသလိုပေါ့။

ဒေါ်ခင်ရတနာကျော်ကတော့ ခုချိန်ထိ ဆင်းမလာသေး။

ကြယ်စင့်မှာသာ ဖိတ်ဖိတ်တောက်နေသော ဧည့်ခန်းအတွင်းမှ တန်ဖိုးကြီး အသုံးအဆောင် ပစ္စည်းတွေကိုကြည့်ပြီး သူလျှောက်ရမည့် အနာဂါတ်အတွက် ငုတ်တုတ်ထိုင် အိပ်မက်မက်နေတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၁)

နာရီဝက်လောက်အထိ ရောက်မလာသေးသော ယောက္ခမ
သောင်းကိုမျှော်ရင်း. . သုခမိန် ပုခုံးမှာမှီကာ ပွတ်သီးပွတ်သပ်လုပ်
နေသော ကြယ်စင့်အပြုအမူတွေကြောင့် သုခမိန် နေရခက်နေသည်။

ဒီလိုပုံစံမျိုးကို မာမီဆင်းလာ၍ မြင်လျှင် ကြယ်စင့်ကို အထင်
သေးရှုံ့ချနိုင်သလို သုခမိန်ကိုလည်း မင်းရွေးချယ်ထားတဲ့ မိန်းကလေး
က ဒီလိုစရိုက်လားဆိုပြီး စကားနာထိုးတော့မှာ သေချာသည်။

“ကြယ်စင် ဖေဖေနဲ့မေမေ ဆင်းလာတော့မယ်”

“အင်း. . ကြာလိုက်တာကွာ၊ ကားမှတ်တိုင်မှာ ဘတ်စ်ကား
စောင့်ရင်တောင် အဲလောက်မကြာဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ၊ ဒါ ကားမှတ်တိုင်မှ မဟုတ်တာ ကြယ်စင်ရဲ့ တိုးတိုး ပြောပါ၊ မေမေနဲ့ဖေဖေ ဆင်းလာလို့ ကြားသွားရင် အပြစ်ပြောစရာ ဖြစ်မယ်"

"ဆောရီးကို ကြယ်စင် အိပ်ငိုက်သွားလို့ပါ၊ ဝါး. ."

ခါးကိုဆန့်ပြီး တစ်ချက်သမ်းဝေနေစဉ် ပါးစပ်တောင် ပြန်မစေ့ ရသေး။ လှေခါးပေါ်မှ ဒေါ်ခင်ရတနာကျော်နှင့် ဦးနိုင်စစ်သည်တို့ ဆင်း လာကြသည်။

သမ်းဝေနေလျက်နှင့် ပါးစပ်အပြဲသား မော့ကြည့်နေသော ကြယ်စင် ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်တော့လောက်အောင် ခေါင်း ထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

"ဘုရား. . ဘုရား. . ဘာတွေ ဖြစ်ကုန်ပြီလဲ၊ ဒီမိန်းမကြီးက သူခမိန်အမေတဲ့လား"

ဒါ. . ဒါဆိုရင် ဇာတ်လမ်းက ထပ်ပြီး ဆက်စရာမရှိလောက် အောင် ပြီးပါပြီဟု စာတမ်းထိုးပစ်လိုက်တာနှင့် အတူတူပင် ဖြစ်သည်။

သွေးရူးသွေးတန်း ညည်းတွားကာ ထိုင်ရမလို ထရမလို. . ခြေ မကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ကြယ်စင်၏ မငြိမ်ပုံကို သူခမိန် သတိထားမိသွားကာ. . .

"ကြယ်စင် ဘာဖြစ်လို့ ကုန်းကုန်းကွကွ လုပ်နေလဲ၊ ငြိမ်ငြိမ်နေ လေ၊ ဟိုမှာ ဖေဖေနဲ့မေမေ ဆင်းလာပြီ"

"ကြယ်. . ကြယ်စင် ပြန်တော့မယ်၊ တွေ့. . တွေ့လို့. . မဖြစ် ဘူး"

"ဟာကွာ. . . ဒီလောက်ထိနေပြီးမှ ဘာလို့မတွေ့ရမှာလဲ. . မေမေတို့ စိတ်ဆိုးသွားလိမ့်မယ်"

"ဟင့်အင်း. . ဟင့်အင်း. . ပြန်မှဖြစ်မယ်၊ လွှတ်ပါ ကြယ်စင် ပြန်တော့မယ်"

ကြယ်စင့်မျက်နှာပေါ်မှာ ချောင်ပိတ်ခံရတော့မည့် ထိတ်လန့်မှု

ဆောင်မြင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တွေ မျှော်လင့်ထားသမျှ ဆုံးရှုံးရတော့မည်ဆိုသော စိတ်ခံစားမှုတွေ၊ အရှုးတစ်ယောက်လို ဂဏှာမငြိမ် ဖြစ်နေသည်။ သူ့ခမိန့်တောယ်လိုမှကို နားမလည်နိုင်တော့။

ဒေါ်ခင်ရတနာကျော် ဆိုဖာခုံမှာ ခပ်မိန့်မိန့် ဝင်ထိုင်လိုက်သည်။ ဦးနိုင်စစ်သည်ကတော့ ချက်ချင်းဝင်မထိုင်သေးပဲ အမူအယာတွေပျက်ကာ ဂနာမငြိမ်ဖြစ်နေသော ကြယ်စင့်ကို အကဲခတ်နေသည်။ အတ်လမ်းအစအဆုံး သိထားသူမို့ ကိုယ့်သားကိုသာ ကိုယ်ဒေါသ ဖြစ်ရသည်။

ကြယ်စင် ခေါင်းကို ငုံ့ထားသည်။ မျက်နှာကို လုံးဝမဖော်ရဲ။ တည်ငြိမ်မှုမရှိသော ကြယ်စင့်ပုံစံက ရယ်ချင်စရာ ကောင်းနေသည်။

"မင်းရဲ့ခင်ပွန်း မောင်ကျော်နီဖေသန်း ပါမလာဘူးလား ကြယ်စင်"

"ရှင်. ."

"မေမေ ဘာတွေပြောနေတာလဲ၊ ဦးကျော်နီဖေသန်းက ကြယ်စင့်ရဲ့ အဖေပါ"

ရိုးသားဖြူစင်လွန်းသောသားကို ဒေါ်ခင်ရတနာကျော် အပြစ်မတင်ရက်သော အကြည့်ဖြင့်ကြည့်ပြီး. . .

"သားရယ်. . မင်းက လောကကြီးထဲက လူတွေဟာ ဘယ်လောက် မာယာများသလဲဆိုတာ မသိသေးတော့ မင်းရဲ့အသည်းတွေခါးနဲ့ အမွှန်းခံရသလို နာကျင်ရတော့မှာပဲ"

"ဗျာ. . မေမေ ဘာကိုပြောတာလဲ"

"ရတနာ သားကို နားရှုပ်အောင်မလုပ်နဲ့၊ လိုရင်းကိုသာ ပြောလိုက်တော့"

ဒေါ်ခင်ရတနာကျော်မှာ ဦးနိုင်စစ်သည်စကားကြောင့် သီးနှင့်သူရ ရှိနေသည့် အခန်းဘက်သို့ ငဲ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်ထဲမှာပင် ဦးကျော်နီဖေသန်း အရက်ဆိုင်မှာ ပြောနေသည့် စကားသံ



www.burmeseclassic.com

www.burmeseclassic.com



တွေ ညှော့ခန်းထဲမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒါပေ့ါ ခုမိန်းမက ငါ့ထက် အသက်နှစ်ဆယ်ကျော်လောက်ငယ်တာ"

"ဗျာ. . ဟား မိုက်တယ်ဗျာ၊ ဦးလေး တကယ် ကံကောင်းတာပဲ၊ ကျွန်တော် အားကျလိုက်တာ"

"ဒါကြောင့် ပြောတာပေ့ါကွ၊ မင်းကို ကိုယ့်ထက် အသက်ကြီးတဲ့ အရိုးရင့်တွေကို မကိုက်ဖို့ ပြောတာ၊ အဲဒီ ရီမာဆိုတဲ့မိန်းမက ငါ့ တောင် ကင်းခဲ့ဖူးတာမဟုတ်ဘူး၊ သူပြီးမှ အရိုးနုလေး ပြောင်းကိုက်တာ"

"ဒါနဲ့ ဦးလေးနာမည်က ဘယ်သူလဲ၊ ကျွန်တော်တော့ မိန်းမနဲ့ ပတ်သက်လာရင် ဦးလေးကို ဆရာတင်ရတော့မယ်"

"အဟား. . ဟား. . ဒါဆိုငါက မင်းရဲ့ ဆရာလက်သစ်ပေ့ါ၊ ငါ့နာမည်မှတ်ထား ဂျော်နီဖေသန်းတဲ့၊ မိန်းမနဲ့ ပတ်သက်လာရင် အမြဲတမ်းပဲ ကံကောင်းနေသူ"

"ဒါနဲ့ ဦးလေးက ဘာလုပ်ကိုင်သလဲ"

"ငါလား. . အရင်ကတော့ ပွဲရုံမှာ တာဝန်ခံ၊ ခိုးတာများလို့ ပြုတ်သွားတယ်၊ ဒါပေမယ့် မကြာခင်မှာ ငါ့မိန်းမရဲ့ မိတ်ဆွေတစ်ယောက်က ငါ့ကို ဂိုဒေါင်တစ်လုံးဝယ်ပြီး ကားဝပ်ရှော့ ထောင်ပေးလိမ့်မယ်၊ မှတ်ထား ဂျော်နီဖေသန်းတဲ့ ဘယ်တော့မှ ဒုက္ခမရောက်ဖူး၊ ဖွားဖက်တော်ကိုက အခိပတိမ္ဘား"

သူခမိန် ဘာကိုမှနားမလည်နိုင်သူတစ်ယောက်လို ကြယ်ရောင်ကို ကြည့်လိုက် မိဘတွေကို ကြည့်လိုက်နှင့် ကြယ်စင့်မှာသာ မျက်နှာမဖော်ရဲတော့။

"မေမေ အဲဒါဘာတွေလဲ၊ မေမေ ဘာတွေ ကြံစည်ထားပြီး ပြီလဲ"

"သား မင်းဟာလေ ရိုးသားတာတင် မဟုတ်ဘူး၊ လူနုံ



www.burmeseclassic.com

www.burmeseclassic.com



အကြီး ဖြစ်နေပြီကွယ့်၊ ကဲပါလေ နောက်ထပ်နားထောင်ဖို့ ကျန်ပါသေးတယ်၊ ဆက်နားထောင်လိုက်ပါဦး"

"ကြယ်. . ကြယ်စင် ပြန်တော့မယ်. . ကို"

"ဟော့. . မိန်းကလေး မင်း ပြန်လို့မရသေးဘူး၊ ဒီအိမ်ကြီးထဲကနေ မင်းထွက်သွားမယ်ဆိုရင်တောင် ငါတို့သားရဲ့ ရှေ့မှာ. . မင်းရဲ့ မင်းသမီး မျက်နှာဖုံးကိုတော့ ခွာချပြသွားရမယ် မဟုတ်လား"

"အို မသိဘူး. . မသိဘူး၊ ကြယ်စင် ဘာမှမသိဘူး"

နားနှစ်ဖက်ကို စုံပိတ်ကာ ဦးနိုင်စစ်သည်၏ စကားကို ငြင်းဆန်သည်။

*"ဖေကြီးကလေ သူ့မှာ အစ်မရှိတယ်ဆိုတာ တစ်ခါမှ မပြောဖူးဘူး"*

*"ဒါနဲ့ သမီးက ဖေကြီးဆိုတော့ မောင်လေးရဲ့ သမီးလား"*

*"အို. . မဟုတ်ပါဘူး၊ ဦးဂျော်နီဖေသန်းဆိုတဲ့ နာမည်လေးလုံးထဲက ဖေဆိုတဲ့နာမည်ကို ချစ်စနိုးခေါ်ထားတာ၊ ပတ်သက်မှုကတော့ ကြယ်စင်က ဖေကြီးရဲ့ ဇနီးပါ"*

သူ့ခမိန်မျက်နှာပေါ်မှ အံ့ဩရိပ်နှင့် ဒေါသရိပ်တွေ ပြောင်းဆန်အောင် နပန်းလုံးကုန်ကြသည်။

"ဘာတွေလဲ. . ကြယ်စင်က ဦးဂျော်နီရဲ့ဇနီး ဟုတ်လား"

"ဟုတ်တယ်သား၊ ဒီမိန်းကလေးဟာ မိန်းမလည်တစ်ယောက်ပါ ဆိုတာကို သားက ယုံမှမယုံတာ၊ ခုတော့ သားယုံအောင် မေမေတို့က လူသက်သေရော အသံသက်သေရော ခုလိုဆုံတွေ့ပြီး သားကို မြင်သာအောင် ပြလိုက်တာ၊ မနေ့ကပဲ မေမေ သူတို့အိမ်ကို ရောက်သွားပြီး သားယုံကြည်နေတဲ့ ကြယ်စင်ဆိုတဲ့ မိန်းမလည်မနဲ့ စကားပြောခဲ့ကြတာ"

"တောက်. . ယုတ်မာလိုက်ကြတာ၊ လင်ကြီးငုတ်စိဟုတ်ကို အဖေပါဆိုပြီး ညာတာကတော့ အောက်တန်းစား ဆန်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သုခမိန် ထိုင်ရာမှ ဝုန်းခနဲထရပ်ပြီး တသိမ့်သိမ့်ငိုနေသော ကြယ်စင့်ကို ရင့်သီးသော စကားလုံးတွေဖြင့် ပြောလိုက်သည်။ ဒေါ်သ ကြောင့် အသံတွေပင် တုန်နေသည်။

"တောင်းပန်ပါတယ် ကိုရယ်၊ ကြယ်စင်လေ ကို့ကို မြင်မြင်ချင်း ချစ်မိသွားလို့ ခုလို မညာသင့်တာတွေ ညာခဲ့တာပါ"

"အဲဒီမှာ အကြိမ်တစ်ရာလောက် လဲသေလိုက်စမ်း၊ ငါ့ကိုမှ ရာရာစစ လာလိမ်ရဲသေးတယ်၊ သွား ခုချက်ချင်း ငါ့အိမ်ထဲက ထွက် သွားလိုက်တော့"

သုခမိန် ဒေါ်သတို့ အထွတ်အထိပ်ရောက်ကာ ကြယ်စင့်ကို အတင်းနှင်ထုတ်တော့၏။ ကြယ်စင် မထွက်သေး ငိုရှိုက်နေ၏။

"ဒီမှာ မိန်းကလေး ဒီနေ့ကစပြီး ငါ့သားနဲ့ လာပတ်သက်ခဲ့ရင် လိမ်လည်မှုနဲ့ တရားစွဲခံရမယ် မှတ်ပါ၊ ငါ့သားကိုလည်း သူနဲ့ ဒီနေ့ပဲ မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ပေးတော့မှာပါ၊ ဒါကြောင့် ဘာမှ မမျှော်လင့်နဲ့တော့"

"ကိစ္စက ပြီးမှမပြီးသေးတာ အန်တီရယ်၊ အဲဒီ လူလိမ် ဦးကျော် နီဖေသန်းဆိုတာ အန်တီ့ရဲ့ ပျောက်ဆုံးနေတဲ့ မောင်ဆိုတာကိုလည်း အန်တီ့သားသိအောင် ထည့်ပြောဦးလေ"

ငါးမရ ရေချိုးပြန်မည့် ကြယ်စင့်စကားကြောင့် ဒေါ်ခင်ရတ နာကျော် ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး. . .

"သူများကိုတော့ အကြီးကြီးတွေ လိမ်တယ်၊ ငါက မင်းတို့ကို သေးသေးလေး လာလိမ်တာလောက်ကိုတော့ လောဘကြောင့် စွတ်ယုံ ကြတယ်၊ ဒီမှာ မိန်းကလေး မင်းယောက်ျား ကျော်နီဖေသန်းနဲ့ငါနဲ့ ဘာမှ မပတ်သက်ဘူး၊ မင်းရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပြီး ငါ့သားသိ အောင် သက်သေပြချင်လို့ ခုလိုလုပ်ဇာတ်ခင်းလိုက်တာ၊ ပိုကိုင်းသေ ချင်ရင် ကိုယ့်ယောက်ျားအိုကြီးကို ကိုယ်ပြန်မေးကြည့်လိုက်. ဟုတ်ပြီ လား၊ ငါ့သားက အချစ်နဲ့ပတ်သက်ရင် ဘာမှနားမလည်သေးတဲ့ မူကြို



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ပဲ ရှိသေးတာ၊ ဒါ့ကြောင့် ငါ့သားရဲ့ ဘဝလက်တွဲဖော်ကို ငါ ကိုယ်တိုင် စိစစ်ရွေးချယ်ပြီးသား၊ မင်းလို မိန်းမညံ့မျိုးနဲ့ ဘယ်လိုမှ မနီးစပ်စေရဘူး”

ကြယ်စင် ဘယ်လိုမှ ရပ်တည်နိုင်စွမ်း မရှိတော့၊ သွားပြီ. . ဘဝဟာ အရင်အတိုင်းပဲ ပြန်၍ စုတ်ပြတ်သတ်ရတော့မည်။

သူခမိန်ကိုလည်း ဘယ်လိုမှ မျက်နှာချင်း မဆိုင်ဝံ့တော့၍ အိမ်ကြီးထဲမှ ဝရုန်းသုန်းကား ပြေးထွက်ခဲ့မိသည်။

မတော်လောဘကြောင့် ဘဝအချိုးအကွေ့သည် တဖန်ပြန်၍ မှောင်မိုက်ရာ လမ်းဆီသို့ပဲ ဦးတည်ပြန်သည်။

သူခမိန်က အချစ်နဲ့ပတ်သက်ရင် လုံးဝမချစ်ဘူးသေးတဲ့ မူကြို အဆင့်တဲ့လား။

ဟုတ်မှာပါလေ၊ သူ့ရဲ့ ဖြူစင်မွန်မြတ်တဲ့ ကိုယ်ကျင့်တရားက ကြယ်စင်တို့လို မည်းညစ်စုတ်ပြတ်နေတာမှ မဟုတ်တာ။

သူ ကြယ်စင့်ကိုချစ်တယ်ဆိုတာ ကြယ်စင့်မာယာတွေနှင့် သွေးဆောင်ထားတဲ့ အထိအတွေ့တွေကြောင့် နေမှာပါ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၂)

"မေမေ မေရယ် သားကြောင့် ဖေဖေရော မေမေရော စိတ်ပူပန်ခဲ့ရတဲ့အတွက် တောင်းပန်ပါတယ်"

ကိုယ့်အမှားကို ကိုယ်ကိုယ်တိုင်ပင် မှားမှန်းမသိသော ကိုယ့်အဖြစ်၊ လှော်ကားဥယျာဉ်ထဲကပါလာသော မျောက်လောက်ပင် ပါးနပ်မှုမရှိပါလားဟု အပြစ်တင်မိသည်။

တကယ်ပါ. . ကြယ်စင်တို့ လင်မယားနှစ်ယောက် လိမ်လည်ခဲ့သမျှတွေကို မျက်လုံးထဲ ပြန်မြင်ကြည့်ရင်း ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်ထွက်ကာ လူသတ်ချင်စိတ်ပင် ပေါက်လာမိသည်။ ကိုယ်က သူတို့အတွက် ငပေါတစ်ကောင် ဖြစ်ခဲ့ရသည်။

"မေမေတို့သာ အချိန်မီမဖော်ထုတ်နိုင်ခဲ့ရင် သားဘဝ မတွေး



www.burmeseclassic.com

www.burmeseclassic.com



ရဲစရာပဲ"

"ပြီးခဲ့တာတွေကို ပြန်တွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့တော့ သားရယ်၊ ခုတော့ မေမေတို့က သင့်တော်လို့ စီစဉ်ပေးမယ့် မိန်းကလေး ကိုပဲ လက်ခံလိုက်ပါတော့"

ဒီတစ်ခါ ဘယ်လိုစိတ်မျိုးနဲ့ ငြင်းရပါ့မလဲ၊ သားအမိချင်းဖြစ် ပေမယ့် ဒီတစ်ခါ ငြင်းရမှာကို သူခမိန် အားနာနေသည်။

"ဘယ်. . ဘယ်သူလဲ မေမေ ဘယ်ကလဲ"

"ဒီတစ်ယောက်က သားကိုလည်း အရမ်းချစ်တဲ့ မိန်းကလေး၊ အပြစ်ဆိုတာ မြူတစ်မှုန်စာတောင် မရှိလောက်အောင် ပညာရော၊ ဂုဏ် ရော၊ ငွေကြေးဥစ္စာဓနရော၊ အားလုံးပြည့်စုံတဲ့ မိန်းကလေး၊ ဒီနေ့ပဲသား နဲ့ ပေးတွေ့မယ်၊ ရွှေအပတ်ထဲမှာ စေ့စပ်ပွဲကို ခမ်းခမ်းနားနားလုပ်မယ်"

"ရုပ်. . ရုပ်ရောချောရဲ့လား မေမေ၊ သားက ငယ်ငယ်က တည်းက ရုပ်ဆိုးတဲ့ မိန်းမတွေဆို မုန်းတယ်နော်"

တဏှာလောဘက ငေါက်ခနဲ ထောင်ထလာပြန်သည်။ ကိုယ့် အဖြစ် ရယ်စရာပင် ကောင်းသေးတော့၏။

"သားအကြိုက်ကို မေမေ သဘောပေါက်သွားပါပြီ သားရယ်၊ ကဲ. . သမီးလေး တော်ဝင်ပန်းရေ ထွက်ခဲ့တော့ကွယ်၊ သားက သူ့ရဲ့ ဇနီးလောင်းလေးကို တွေ့ချင်ရှာသတဲ့"

အလဲ့. . မေမေတို့ ပိုင်ချက်ကတော့ ကိုယ့်သားဘေးမှ တစ် ယောက်ကိုကန်ချပြီး နောက်တစ်ယောက်ကို အဆင်သင့်ပြင်ထားသော အလိုက်သိတတ်ပုံက လေးစားအံ့သြလောက်သည်။

မှန်းစမ်းကြည့်ရအောင်. . ဒီတစ်ယောက်ကရော ဘယ်လိုမိန်း ကလေးမျိုးပါလိမ့်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၃)

"ဟင်. . သက်. . သက်ဝေ"

"သူက သက်ဝေမဟုတ်ဘူးသားရဲ့၊ သူ့နာမည်က တော်ဝင်ပန်း၊ ဟိုတလောက လေဆိပ်မှာ သွားကြိုရမယ်ဆိုတဲ့ မိန်းကလေးလေ"

ဒီနေ့လောက် အပြောင်းအလဲမြန်ဆန်တဲ့နေ့ ရှိပါဦးမလား။

"တကယ်တော့ ဒီဇာတ်ကိုလည်း မေမေပဲ ဒါရိုက်တာလုပ်၊ မေမေပဲ ဇာတ်ညွှန်းရေးခဲ့တာကွယ့်"

သက်ဝေ စောစောကလို အိမ်ဖော်ဝတ်စားဆင်ယင်မှုမျိုး မဟုတ်ပဲ အထက်တန်းလွှာ မိန်းကလေးတစ်ယောက်လို ဝတ်ဆင်ထားသဖြင့် သက်ဝေဘဝက အလှထက် တော်ဝင်ပန်းအလှကပို၍ လှပနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူကလည်း သားကို အနီးကပ် လေ့လာချင်တယ်ဆိုတော့ ကိုယ့်သားအကြိုက်က ဆင်းရဲသူမတွေလောက်ကိုပဲ ကြိုက်ချင်တာဆိုတော့ သားများ သက်ဝေကို ချစ်သွားမလားဆိုပြီး အိမ်ဖော်ဘဝနဲ့ ဒီမှာ လာနေပြီး သားကို အနီးကပ်လေ့လာတာလေ၊ သား သူ့ကို သနားလာအောင် သားရှေ့မှာ မေမေ ဖိအားတွေအများကြီး ပေးပြတယ်"

"ဟာ. . မေမေရယ်၊ သက်ဝေကို အားနာစရာဗျာ. . ၊ အဲ. . တော်ဝင်ပန်းကို အားနာစရာဗျာ၊ ယောက်ျားတစ်ယောက်ရဖို့. . အဲလောက် စွန့်စားစရာလားလို့"

"အို. ."

"ဟဲ့သား. . ဘာလို့ အဲလိုပြောရတာလဲ"

"ဗျာ. . သား စကားမှားသွားလို့လား၊ ဆော. . ဆောရီးနော်"

"ကဲပါ၊ သားနဲ့သမီးကို ခုလို တွဲမြင်လိုက်ရတော့ မေမေ့ရင်ထဲမှာ အေးငြိမ်းသွားတာပဲကွယ်၊ ဟုတ်တယ်နော် ကို"

ဦးနိုင်စစ်သည် ပီတိအပြုံးဖြင့် ခေါင်းညိတ်ပြသည်။

"ဒါပေါ့ကွာ၊ တို့သားရဲ့ ဖူးစာရှင်စစ်က ခုမှ တို့သားနားကို ရောက်တာ"

"သား. . သက်ဝေကို ကျေကျေနပ်နပ်ကြီးကို လက်ထပ်မှာပါ၊ ဖေဖေနဲ့မေမေ၊ ကြယ်စင့်လို မိန်းမယုတ်မျိုးနဲ့ ယှဉ်လို့တောင် မရတဲ့ မိန်းကလေးမို့ ရှေ့အပတ်ထဲ စေ့စပ်ပွဲမလုပ်ဘဲ တစ်ခါထဲပဲ လက်ထပ်ပေး လိုက်ပါတော့ဗျာ"

"အို. . အဲလိုဖြုန်းစားကြီးတော့ ဘယ်ဖြစ်မလဲလို့"

သက်ဝေမျက်နှာလေး ပန်းသွေးရောင် လွှမ်းသွားကာ အရှက်ပြေ ဟန့်တားလိုက်သည်။

မိဘက သင့်တော်၍ စီမံပေးသည့် မိန်းကလေးကို ဥပေက္ခာပြုပြီး ဘာမဟုတ်သည့် အောက်တန်းစား မိန်းမအတွက် အချိန်ကုန်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် နေ့ရက်တွေကို ပြန်၍နှမြောမဆုံးတော့။

"သက်ဝေဘဝနဲ့ပဲ ကိုယ့်ဘေးမှာ ဆက်နေပေးပါလား"

"ရှင် ဘာဖြစ်လို့လဲ"

"ကိုယ် သက်ဝေရဲ့ အပြုအစုတွေကို ခပ်ငြိမ့်ငြိမ့်လေး ရင်ခုန်ချင်လို့ပါ၊ သက်ဝေရယ်"

"ကဲ. . သမီးရေ၊ လူငယ်ချင်းသာ ညှိကြတော့၊ ဖေဖေနဲ့ မေမေတို့ အပေါ်တက်နားလိုက်ဦးမယ်"

ဦးနိုင်စစ်သည်နှင့် ဒေါ်ခင်ရတနာကျော် အလိုက်သိစွာဖြင့် ဧည့်ခန်းထဲမှ ထွက်သွားသည်။

သုခမိန် သက်ဝေနားသို့ စွေ့ခနဲ ပြောင်းထိုင်လိုက်ပြီး. . .

"သက်ဝေအပေါ်မှာ ရင့်ရင့်သီးသီး ဆက်ဆံခဲ့မိတာရှိရင် ခွင့်လွှတ်နော်"

BURMESE CLASSIC

"နေပါ. . ခုမှလာပြီး တောင်းပန်မနေပါနဲ့တော့၊ နောက်တစ်ခါဆိုရင်တော့ အိမ်ဖော်ဘဝနဲ့ ရှင့်နားမှာ အချိန်လာမကုန်တော့ဘူးနော်"

မျက်စောင်းငေ့ နှုတ်ခမ်းစူကာ စကားနာထိုးသော သက်ဝေကို ခုမှ သေချာကြည့်မိသည်။ တော်တော်လေးကို ဆွဲဆောင်မှုရှိသည့် မိန်းကလေး။

အရွေးတော်သော မေမေ့ကိုသာ ကျေးဇူးတင်ရတော့မည်။

"နောက်တစ်ခါ အိမ်ဖော်ဘဝနဲ့ အနားမှာ ခေါ်မထားဘူး၊ သိပ်ချစ်စရာကောင်းတဲ့ ဇနီးကောင်းလေးအဖြစ်နဲ့ အနားမှာ ခေါ်ထားလိုက်တော့မယ်"

"ဒါနဲ့ ရှင်ပြောတော့. . ဂုဏ်ရည်တူတဲ့ မိန်းကလေးတွေကို စိတ်မဝင်စားဘူးဆို"

"ခုတော့ ချွင်းချက်လေ၊ သက်ဝေတောင် ကိုယ့်အနားမှာ ဂုဏ်သိက္ခာတွေ ပညာတွေကို ဘေးချိတ်ပြီး အိမ်ဖော်ဘဝနဲ့ အနီးကပ် လေ့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သလို၊ ကိုယ်ကလည်း သက်ဝေ အနစ်နာခံရကျိုးနပ်အောင် တစ်သက်လုံး မရိုးနိုင်တဲ့အချစ်တွေနဲ့ ပေးဆပ်သွားမယ်လို့ ကတိပေးတယ်"

"ဟွန်း. . အပြောင်းအလဲက မြန်ပါ့"

"အချစ်က အချိန်အကန့်အသတ်မရှိ ပြောင်းလဲရင်ခုန်ခွင့် ရှိတယ်လေ၊ ကိုယ်က ခုမှ ချစ်တတ်အောင် စပြီးသင်မယ့် မူကြိုကျောင်းသားလေးပါကွာ"

သုခမိန် သက်ဝေကို ရင်ခွင်ထဲ ဆွဲသွင်းသိမ်းဖက်လိုက်သည်။

သီလနှင့်သူရ ကြည်နူးစရာ မြင်ကွင်းကို ချောင်းကြည့်နေကြပြီး အောင်မြင်မှု အထိမ်းအမှတ်နှင့် လက်ဝါးချင်း ရိုက်လိုက်ကြသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR

BURMESE CLASSIC



www.burmeseclassic.com